လွန်ခဲ့သောနှစ်ပေါင်း(၇၀)ကျော်က
စာရေးဆရာမကြီးဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့်
ရေးသားခဲ့သော

# မှော်ဆရာမှတ်တမ်း ပေါင်းချုပ်

အမှတ်(၉)

ဒု တိ ယ အ ကြိ မ်

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က
စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့် ရေးသားခဲ့သော

# မော်ဆရာမှတ်တမ်းပေါင်းချုပ်
# အမှတ်(၉)

**တစ်ပြည်လုံးဖြန့်ချိရေး**


တော်ဝင်မြို့မစာအုပ်တိုက် နှင့်

အမှတ်(၁၅၉)၊ ၃၉–လမ်း(အလယ်ဘလောက်)၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း – ၃၈၈၆၂၃၊ ၃၇၉၂၃၈၊ ၀၉ ၄၉၅၀၈၈၃၄

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ** - ဒေါ်သင်းသင်းမွန် (မြဲ-၀၄၂၃၂)
အမှတ်- ၁၀၊ ရတနာမြိုင်လမ်း၊
(၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးလှိုင်ဝင်းမိုး (အဌာရသပုံနှိပ်တိုက်)
အမှတ်- ၁၅၉၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်။

**စာအုပ်ချုပ်** - ဝင်းပပ

**ထုတ်ဝေခြင်း** - ပထမအကြိမ်
ဗမာ့ခေတ်သတင်းစာတိုက်
၁၉၅၉ - ခုနှစ်တွင် ပုံနှိပ်သည်။
ဒုတိယအကြိမ်
တော်ဝင်မြို့မစာအုပ်တိုက်
၂၀၁၂ - ခုနှစ်၊ ဒီဇင်ဘာလ

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၁၅၀၀ ကျပ်

ကိုကိုလေး ၈၉၅. ၈၃

မော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ်- ၉ / ကိုကိုလေး - ရန်ကုန်။
တော်ဝင်မြို့မစာပေ၊ ၂၀၁၂။
၁၁၃ စာ၊ ၁၀. ၅ စင်တီ x ၇. ၃ စင်တီ
(၁) မော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ်- ၉

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘီလူးစိညာဉ် | ၅ |
| ၂။ | တစ်ပွဲစား | ၃၅ |
| ၃။ | တောကြီးမျော် | ၅၉ |
| ၄။ | ရန်သူယောင်း | ၉၁ |


❖ ❖ ❖

# ဘီလူးဝိညာဉ်

## (၁၉၃၆-ခု၊ ဧပြီလတွင် ရေးသားခဲ့ပါသည်။)

"အမယ်လေး မောလှချည်ရဲ့. . .၊ ဟီး. . . ဟီး. . . ဟီး. . . ဟီး၊ ချမ်းတယ်၊ ကျောထဲကအောင့်လာပြန်ပြီနော်. . .၊ ဟဲ့. . . . မယ်မိရဲ့ ငါ့အနား မှာနေစမ်းပါကွဲ့၊ ဆရာကော ဆရာ၊ ဆရာ မလာဘူးလား၊ သေရချည်ရဲ့လေး၊ သားတို့သမီးတို့ကော မရောက်ကြသေးဘူးထင်ပါရဲ့၊ အို သမီးကလေးမမြရွှေနဲ့ သားကလေးမောင်တင်တို့ရေ အဖေသေတော့မယ်၊ မသေခင်မင်းတို့ကိုတွေ့ချင် လှချည်ရဲ့၊ မင်းတို့မိထွေးနဲ့ ခွဲဝေပေးခဲ့ချင်တယ်လေ၊ ဘုရား. . . ဘုရား. . ချမ်း လိုက်တာနော်"

"ကိုကြီးဖောင်သတိထားပါတော်၊ ကယောင်ကတမ်းတွေ သိပ်မပြော ပါနဲ့ ကျွန်မခေါ်ထားတဲ့ဆရာအသစ်လဲ ရောက်ပါလိမ့်မယ်၊ အရင်ကုနေတဲ့ ဗိန္ဒော ဆရာတော့သဘောမကျတော့ဘူးရှင့်၊ သူ့ဆေးစားလာတာကြာလှပြီ၊ ဘာမှလဲ ထူးထူးခြားခြားမရှိဘူး၊ ကဲ. . . ကဲ. . စောင်ခြုံ ကျွန်မခြေသလုံးနှိပ် ပေးမယ်"

"မယ်မိရဲ့ မြရွှေတို့ မောင်တင်တို့လဲ ခုတောင်မရောက်ကြသေးပါက လား၊ စာပေးခိုင်းတာကော ပေးဖြစ်ကဲ့လား မယ်မိရဲ့"

"ပေးပါတယ်တော် ကျွန်မကိုယ်တိုင်စာတိုက်သွားထည့်တာပါ။ သူတို့ မလာတာကတော့ မပြောတတ်ဘူး၊ ကာလကလဲ အခက်သားလားရှင့်၊ တောင်အောက်ကရေ တောင်ပေါ်ပြန်မစီးသလို လူကြီးမေတ္တာသာ အောက်စုန်ရတာထုံးစံပဲ၊ သူတို့သားနဲ့ မယားနဲ့ လင်နဲ့ ပျော်ပျော်ရွှင်ရွှင်နေတဲ့အခါ မိဘကိုသတိရဖို့အကြွသားပဲ"

"မဟုတ်သေးပါဘူးအေ. . . ငါမမာဘူးဆိုတာ သိရင်လာမှာပါ"

"အို မသိရအောင် စာရေးပေးလိုက်တာပဲ၊ သူတို့က မလာချင်လို့မလာတာနဲ့တူပါရဲ့ မောင်တင်မယားကလဲ သူ့ယောက်ျားအမြဲတိုက်နေတာ၊ ရှင့်အဖေကော်တစ်ရာကပ်စေးနည်းကြီးက ဘာမှမပေးမကျွေးဘူးလေး ဘာလေးနဲ့ ပြီးတော့ မြရွှေယောက်ျားကလဲ ယောက္ခမကော်တစ်ရာကြီးသေမှ ရတဲ့အမွေတွေ ဖြုန်းလိုက်ရဦးမယ်လို့ တစ်ကြိမ်းတည်း ကြိမ်းနေတာကလား"

"မဟုတ်သေးပါဘူးအေ နားမချမ်းသာစရာတွေမပြောစမ်းပါနဲ့ သူတို့မကောင်း သူတို့ထိုက်နဲ့ သူတို့ကံပေါ့၊ ငါကတော့ မိဘဝတ္တရားအတိုင်း မသေခင်လူကြီးစုံရာနဲ့စီမံချင်တယ်၊ ငါလဲ ဒီတောင်က တက်နိုင်မယ်မထင်တော့ဘူး"

"ဩော်. . . ကျွန်မတို့ကို ခွဲဝေပေးမယ်ဆိုပါတော့၊ ဘယ်လိုများရာထားပါသလဲ၊ ကျွန်မကိုနည်းနည်းပြောစမ်းပါလား ကိုကြီးဖောင်ရဲ့"

"အေး. . . မယ်မိ၊ မင်းကိုဟောဒီအိမ်နဲ့ လယ်ကေတစ်ရာ့ငါးဆယ်အကုန်လွှဲပေးမယ်၊ ငါမရှိပေမဲ့ အခြေမပျက်စားသောက်ပြီး ဘုရားသွားကျောင်းတက်နေပေကော့ အတွင်းပစ္စည်းနဲ့ ငွေငါးသောင်းကို မြရွှေနဲ့ မောင်တင်တို့ဝေယူဖို့ပေးခဲ့မကွဲ့"

"ဩော်. . . ကျွန်မတော့ ဒီအိမ်ကြီးနဲ့ လယ်တွေပဲရမယ်၊ ငွေစတစ်ပြားမှမရတော့ဘူးလားရှင့်"

"မင်းကငွေဘာလုပ်ဖို့လဲကွယ်။ လူကြီးပဲ လယ်က ယာက ရတာနဲ့အေးအေးစားနေရပြီးရောပေါ့။ မြရွှေတို့ မောင်တင်တို့ကတော့ လူငယ်တွေကွဲ့ သုံးချင် စားချင်ကြမယ်"

"ဩော် . . . ဩော် ရှိပါစေတော် ရှိပါစေ"

(ငေါ့ပြောသည်)

"ပြီးတော့ ဒီငွေတွေက သူတို့အမေ မယ်ပိုရှိစဉ်က စုဆောင်းထားခဲ့တဲ့ပစ္စည်း။ ဒီတော့မင်းနဲ့ မဆိုင်သလို ဖြစ်နေတယ်"

"ဟုတ်ပါပြီ၊ ကျွန်မကလဲဘာမှမပြောပါကလား။ ရှင်စီမံသလိုနားထောင်ရမှာပေါ့"

"အေး . . . အေး၊ သာစု . . . သာစု၊ သားများ သမီးများကလဲမလာ။ စာတစ်စောင်ထပ်ရေးစမ်းပါဦးကွယ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ ရေးပါ့မယ်။ ရေးဆိုခုပဲရေးမယ်လေ"

ဟု ပြောပြီး မမိလည်း ဦးဖောင်၏ သားသမီးများထံသို့ အဖေမမာ၍ အမြန်လာကြရန် စာတစ်စောင်သီကုံးရေးသားကာ -

"ကိုင်း . . . ကျွန်မသွားထည့်လိုက်မယ်၊ ကိုကြီးဖောင်စောင်ခြုံထားလေ ရေသောက်ဦးမလား၊ ကျွန်မသွားလိုက်ဦးမယ်နော် . . . ခုပြန်လာမယ်"

ဟု ပြောဆိုမှာထားရင်း အိမ်ပေါ်မှဆင်းသွားလေ၏၊

ဦးဖောင်လည်း နာတာရှည်လူမမာဖြစ်သည့်အားလျော်စွာ ရှေ့ရေး၊ နောက်ရေးထင်ရှားတွေးရင်း အိပ်ရာပေါ်တွင်ခွေနေစဉ် အိမ်ရှေ့မှဧည့်သည်များရောက်လာကြပြီး -

"အို ဘုရားဒကာကြီးဘယ့်နှယ် နေသေးသလဲခင်ဗျာ"

ဟု မေးကြသောအသံများကိုကြားသဖြင့် ဦးဖောင်လည်း အိပ်ရာထဲမှ-

"အမိန့်တော်ရမင်းတို့မှတ်တယ်၊ လာပါဗျာ၊ အထဲဝင်ခဲ့ကြပါ"

ဟု လှမ်းခေါ်လိုက်၍ ဧည့်သည်များလည်း လူမမာခုတင်အနီးသို့ ဝင်လာကြလေ၏။

"ဩော် ထိုင်ပါအမိန့်တော်ရမင်းရဲ့ ကျောင်းဒကာ ဦးဘိုးဝနဲ့ ကော်မတီလူကြီးမင်းဦးရွှေသီး၊ ပွဲစားကြီးဦးကြွက်နီတို့လဲ ပါလာကြသလား၊ အားရှိလိုက်တာဗျာ။ ခုလို မိတ်ဆွေတွေတွေ့ရတာ လူကိုစိတ်တစ်မျိုးဖြစ်လာတာပဲ"

အမိန့်တော်ရဦးသာဇံက -

"ဝေဒနာသက်သာရဲ့လားဗျ၊ အစားအစာကလေးများကော အတော်အသင့်ဝင်ရဲ့လား။ အင်း လူကြီးဆိုတာ အားကလေးပြည့်မှနော်၊ ဒါနဲ့ ဘုရားအမကလေးလဲ မမြင်ပါကလား။ ဘယ်များသွားပါလိမ့်"

"မယ်မိလား၊ မြရွှေတို့မောင်တင်တို့မလာလို့ နောက်ထပ်စာထည့်ရအောင် ခုပဲထွက်သွားတယ်ဗျာ။ ဒင်းတို့မှာနေတာကြာပြီ ခုတောင်မပေါ်လာကြသေးဘူး။ ကျုပ်ဝေဒနာကလဲ လူကြီးဆိုတော့ အနေးနဲ့အမြန်ပဲ တစ်နေ့နေ့သေရမှာ၊ ဒီတော့ သင်းတို့လာရင် မျက်နှာစုံညီဆိုသလိုဝေခွဲပေးခဲ့ချင်လို့"

"ဩော် ဒီလိုအသက်ထင်ရှားရှိစဉ်က စိတ်တိုင်းကျ လုပ်ထားနိုင်ရင်ကောင်းတာပေါ့ဗျာ။ ဒါမှမိထွေးနဲ့ သားကြီးသမီးကြီးတွေ အမွေမှုနဲ့ ရုံးပြင်ကန္နားမရောက်တန်ဘဲရောက်ကုန်မှဖြင့်။ နို့ မောင်တင်တို့က ဘာကြောင့် မလာသလဲ၊ ခရီးများလွန်နေကြလို့လား။ ဘုရားဒကာ မကျန်းမာတာအတော်ကြာပြီ။ အခုလောက်ရှိ လာဖို့သင့်ပေါ့ဗျာ"

"ဟုတ်ကဲ့ အမိန့်တော်ရမင်းရဲ့၊ ကျုပ်လဲမတွေးတတ်အောင်ရှိနေပြီ"

ပွဲစားကြီးဦးကြွက်နီကလည်း -

"ကျုပ်အထင်တော့ ပြောင်ပြောင်ပြောမယ်ဗျာ။ ဘုရားဒကာရဲ့ သားသမီးများ အနှောင့်အယှက်တစ်ခုခုတွေ့နေလို့ မသိတာနဲ့ မလာတာနဲ့တူတယ်။ ဒီတော့ ကိုယ်လုပ်ချင်တဲ့အာသာရှိတာကို မြန်မြန်ပြီးအောင်သာလုပ်။ ဖြန့်တဲ့လက်မကွေးခင်၊ ကွေးတဲ့လက်မဖြန့်ခင်ဆိုတဲ့ စကားလဲ ရှိတယ်မဟုတ်လား။ မောင်တင်တို့ မြရွှေတို့ အလာစောင့်မယ့်အစား ဘုရားဒကာ စေတနာရှိသလောက် စာချုပ်ပေထဲနဲ့ ခွဲဝေပေးထားခဲ့ပါလား။ အခုဆိုရင် အမိန့်တော်ရမင်းလဲရှိပြီ။ ကျုပ်ရယ် ကျောင်းဒကာဦးဘိုးဝနဲ့ ကော်မတီလူကြီးမင်း ဦးရွှေသီးတို့လဲ စုံညီသက်သေရှိပြီး ကျုပ်မှာလဲ စပါးပွဲအတွက် ဝယ်ထားတဲ့ ငါးကျပ်တန်ခေါင်းစာချုပ် အလွတ်တစ်ခုအသင့်ပါလာတယ်။ အဲ ဒါဘုရားဒကာရေးချင်ရင်ရေးပေတော့ တခြားနေ့ဆိုရင် အသိသက်သေတွေ တမင်ရှာနေရဦးမယ်"

ဦးရွှေသီးက-

"ဟာ ဒီလိုအဆင်သင့်တာ သိတ်နေရာကျပေ့ါဗျာ။ ဘုရားဒကာသား သမီးတွေမလာတောင် သိပ်ပူစရာမရှိဘူး။ ဒီစာချုပ်ကို အမိန့်တော်ရမင်း သိမ်းထားရင်ပြီးတာပဲ"

"ဒါဖြင့် အဆင်သင့်ပဲဗျာ။ ကျုပ်စိတ်အေးအေးသေရတော့မှာပေ့ါ။ ကိုင်း . . . ကိုင်း . . . တဆိတ်ရေးပေးကြပါဗျာ။ စာချုပ်သဘောမှာ ဒီအိမ်နဲ့ မြေရယ်၊ လယ်ဧကတစ်ရာငါးဆယ်ရယ် မယ်မိကယူရမယ်ဗျ။ အတွင်းပစ္စည်း လက်ဝတ်လက်စားတွေနဲ့ ငွေငါးသောင်းကို မောင်တင်နဲ့ မြရွှေတို့မောင်နှမ တစ်ဝက်စီဝေယူရမယ်ဗျ၊ ဒါပါပဲ"

ဟု ပြောလျှင် အမိန့်တော်ရဦးသာဇံလည်း ကျင်လည်သော ရှေ့နေကြီးတစ်ယောက် ဖြစ်သည့်အားလျော်စွာ မကြာမီ စာချုပ်ရေး၍ပြီးစီးသဖြင့် ကာယကံရှင်ဦးဖောင်နှင့်တကွ သက်သေအသီးသီးတို့ လက်မှတ်ထိုးပြီး ဖြစ်ကြလေရာ အမိန့်တော်ရဦးသာဇံလည်း စာချုပ်ကို သိမ်းဆည်းထားသူအဖြစ်ဖြင့် တာဝန်ခံ၍ ပြန်သွားကြလေ၏။

* * *

"မယ်မိပြန်လာပြီလား။ မင်းသွားတာ ကြာလိုက်တာကွယ်"

"ကြာဆိုစာမရောက်ဘဲ နေမှာစိုးလို့ ရေစစ္စတြီဆိုလား ဘာဆိုလား၊ သုံးပဲနှစ်ပြားပေးပြီး လုပ်နေတဲ့အပြင် ဆရာလည်း တစ်ပါတည်းဝင်ခေါ်နေလို့ ကြာတာကိုကြီးဖောင်ရဲ့၊ ရှင့်အတွက် ညဥ့်အိပ်နေ့နေစောင့်ကုမယ့် ဆရာပါလာပြီ"

"ဟုတ်ကဲ့လား ကြွပါ ကြွပါ၊ ဆရာက တယ်အသက်မကြီးသေးပါကလား။ ဆရာ့အမည်လည်း အမိန့်ရှိပါဦး"

"ကျွန်တော်က ကျန်းမာရေးကို ဂရုစိုက်ပြီး ရုပ်ကို မွေးတဲ့လူမို့ နုပျိုနေတယ်ထင်ရတာပါ။ အသက်ကတော့ လေးဆယ်ကျော်ပါပြီ။ တယ်မငယ်ပါဘူး ဘုရားဒကာကြီးရဲ့၊ ဆရာဆိုပြီး ညောင်နာနာဖြစ်နေရင်လည်း တချို့က သူ့ဆေးမစွမ်းလို့သာ ဆရာချည့်နဲ့နေတာပဲလို့ အယူရှိနေတော့ စိုစိုပျိုပျို ဝဝလင်လင်ရှိအောင် ကိုယ့်ဆေးနဲ့ကိုယ် ရုပ်ကို မွေးရပါတယ်။ ဒါကြောင့်လည်း

ဆရာအောင် ဆရာအောင်နဲ့ နာမည်ကလေးထွက်၊ ဆေးကလည်းထက်မြက်တော့ လက်တွေ့ ချမ်းသာတဲ့လူတွေ အတော်များလို့ စီးပွားကလေး ဖက်နေတာပါဘုရားဒကာ”

ဟု ဝါယောတွေ ထုတ်လိုက်လျှင် ဘုရားဒကာဦးဖောင်လည်း ခေါင်းကြီးညိတ်လျက် -

“ဟုတ်ကဲ့ ဟုတ်ကဲ့ ဒီလိုဆရာကောင်းနဲ့ တွေ့ရတာ ကျုပ်လည်း အားရှိပါတယ်ဗျာ၊ ကြိုးစားလို့သာ ကုပါတော့။ ဒါပေတဲ့ အသက်အရွယ်ကလည်း သေမယ်ဆို သေလောက်လို့ ဝေဒနာပျောက်ဖို့ထက် စိတ်လက်ဖြောင့်ဖြောင့်ကြီး ထားပြီး ဘုရားအာရုံခံသေချင်တဲ့ဆန္ဒကသာ ပိုရှိနေပါတယ်”

“ဩော် ဒါထက်မယ်မိရေ ကျုပ်တော့ အဆင်သင့်တာနဲ့ မင်းတို့အတွက် စာချုပ်စာတမ်းရေးလိုက်ပြီ၊ မောင်တင်တို့ မြရွှေတို့ မလာချင်လည်း နေပါစေတော့ ဒီစာချုပ်အမိန့်တော်ရ ဦးသာဇံဆီမှာ သိမ်းထားတယ်”

ဟု ပြောလျှင် မမိမှာ ရင်ဖိုသွားပြီး -

“အို ဘယ်တုန်းက စာချုပ်ရေးလိုက်သလဲ ကိုကြီးဖောင်ရဲ့”

“မင်းသွားနေတုန်းပေါ့ အစက စိတ်ကူးမရပါဘူး။ အမိန့်တော်ရ ဦးသာဇံတို့ ကျောင်းဒကာဦးဘိုးဝ၊ ကော်မတီလူကြီး ဦးရွှေသီး၊ ပွဲစားကြီး ဦးကြွက်နီတို့ လာမေးကြရင်း ရှေ့ရေးနောက်ရေး စကားစပ်မိရာက စာချုပ်အထမြောက်သွားတာပဲ”

“ဩော် ဩော် နို့စာချုပ်သဘောက ဘယ်လိုတုံး ကိုကြီးဖောင်ရဲ့”

“စာချုပ်သဘောကတော့ အရင်မင်းကို ပြောဖူးတဲ့ သဘောအတိုင်းပေါ့ကွဲ့”

ဟု ဆိုလျှင် မမိမှာ အသည်းတွင် ဆတ်ဆတ်ခါမျှ အခံရခက်သော်လည်း မျက်နှာထားမပျက်စေဘဲ -

“အင်း ကောင်းပါတယ်ရှင်၊ ကိုကြီးဖောင်လည်း စိတ်ဖြောင့်ဖြောင့် ထားနိုင်ရောပေါ့”

ဟု ပြောကာ များစွာ အရေးမကြီးသကဲ့သို့ . . .

"ကဲ ကဲ ကိုကြီးဖောင် ဆန်ပြုတ်အိုးကလေး ကျွန်မကိုယ်တိုင် သွားတည်လိုက်ဦးမယ်။ ငါးရံ့ခြောက်ဖုတ်ကလေးနဲ့ ငါးကင်ကလေးလည်း ဆီမွှေးမွှေးဆမ်းထားတယ်"

ဟုဆိုကာ မီးဖိုချောင်ဆီသို့ ထွက်သွားရာ ဆရာအောင်လည်း အာဘောင်အာရင်းသန်သန်နှင့် မြန်မာဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗိန္ဒောကျမ်း၊ ပါစာအတိုအထွာကလေးများကို လေထွားထွားနှင့် ပြောနေရစ်သည်မှာ ဘုရားဒကာကြီး နားငြီးလာသည်တိုင်အောင် မဆုံးသေးဘဲရှိလေ၏။

"ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးအရင်းခံပြီး အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေနဲ့ လိုက်ကြည့်မယ်ဆိုရင် အအေးဓာတ်နဲ့ အပူဓာတ်ပဋိပက္ခဖြစ်ကြတဲ့အခါ"

"အလို ဘုရားဒကာအိပ်ပျော်သွားပြီလား၊ ဩော် အိပ်ပျော်သွားမှ ကိုး။ ဒါဖြင့်လည်း ဘုရားအမဆီ တစ်လှည့်သွားပြီး စကားပြောဦးမယ်လေ"

ဟု တစ်ယောက်တည်းပြောကာ နောက်ဖေးဆောင်သို့ လှည့်လာပြန်လေ၏။

"အဟမ်း အဟမ်း ဘုရားအမ ဘာဟင်းများ ချက်ပြုတ်နေသလဲဗျ"

"ဩော် ဆရာလား ကျွန်မ ဆန်ပြုတ်အိုးတည်နေတယ်၊ ဩော် ဒါနဲ့ ဆရာဘာဟင်းများ ကြိုက်သလဲ၊ ဆရာကြိုက်တာချက်ကျွေးပါရစေ"

"ကျုပ်တော့ဗျာ နေ့တိုင်းဝက်သားပါရင် ဘာဟင်းနဲ့မဆို ထမင်းဝင်တာချည်းပါပဲ ဟဲ ဟဲ"

"အို ဒီလိုဆရာကြိုက်တာသာသိရင် ဖိပြီး ချက်ကျွေးမှာပေါ့"

"ဒါနဲ့ အမဲသားစိမ်းမမေ့နဲ့နော်၊ နေ့စဉ် ငါးပိသာဝယ်ထား။ ညညကျရင် ကျုပ်အကောင်တွေ သွားကျွေးရမယ်။ ပြီးတော့ အိမ်ဦးခန်းက ဒက္ခိဏသာခါရုပ်ပွားတော်ကို တော်တဲ့အိမ်ကို ခေတ္တ ပင့်ထားစေချင်တယ်"

“ဟုတ်ကဲ့ စိတ်ချပါ။ ရပါစေ့မယ်။ ဒါထက်ဆရာရယ် စောစောက အဘိုးကြီး ပြောတာကြားရဲ့ မဟုတ်လား။ အမွေမခွဲဖြစ်အောင် ကြိုးစားနေကာမှ ကျွန်မ မရှိတုန်း စာချုပ် ချုပ်ပြီးသား ဖြစ်သွားပြီတဲ့၊ အဲဒါ ဘယ့်နှယ် လုပ်မလဲ”

“စာချုပ်ထဲ ဘယ်လိုများ ပါသွားလို့လဲ”

“ဒီလိုဆရာရဲ့ စာချုပ်က သူ့မှာရှိတဲ့ပစ္စည်းတွေကို ကျွန်မအတွက် ဒီအိမ်နဲ့ လယ်တွေသာပေးတယ်။ လက်ဝတ်လက်စားနဲ့ ငွေသားတွေကိုတော့ သူ့သားသမီးတွေ ပေးတယ်ဆရာရဲ့။ ကျွန်မသူ့ကို ယူတာ ဒီလိုအဖိုးမတန်တဲ့ မြေကြီးတွေ မှန်းပြီး ယူတာမှမဟုတ်ဘဲ။ သူ့လက်ထဲက ကွမ်းသီးလုံးလောက်ရှိတဲ့ စိန်ကြီးတွေကို ချိန်ပြီး ယူတာကလား။ အခုတော့ သူ့ပထမ မယားကြီး ပစ္စည်းလေး ဘာလေးနဲ့ ကျွန်မကိုမပေးဘဲ ဟိုနှစ်ယောက်ကို ပေးတယ်။ ကျွန်မကလည်း သူ့သားသမီးတွေကို တစ်ပြားမှ မရစေချင်လို့ အဘိုးကြီးမမာတာတောင် သင်းတို့ ဖုံးထားတာကလား။ ခု ဒီစာချုပ်ပျက်သွားအောင် ဆရာ ကြည့်လုပ်ပေးစမ်းပါဦး”

“လုပ်တာပေါ့လေ၊ ဆရာအိမ်ပေါ် ရောက်လာမှတော့ မပူပါနဲ့တော့”

* * *

ဘုရားဒကာဦးဖောင်မှာ လူကြီးရောဂါနှင့် တရှောင်ရှောင် မမာနေရာမှ စာချုပ်ရေးပြီးသည့် အချိန်ကစ၍ နောင်ရေးကို စိတ်အေးသွားသည့်အလား၊ သားသမီးများကို မမျှော်လင့်လှတော့ဘဲ သေခြင်းတရားကိုသာ ဆင်ခြင်နေခဲ့ရာမှ ဝေဒနာမှာလည်း တစ်နေ့တခြားသည်း၍ လာလေ၏။ ဦးသာဇံ၊ ဦးကြွက်နီ၊ ဦးရွှေသီး၊ ဦးဘိုးဝစသော လူကြီးတို့လည်း ဦးဖောင်ကို နေ့စဉ်ရက်ခြားဆိုသလို လာရောက်ကြည့်ရှုပြုစုလျက်ရှိကြလေ၏။

အောက်လမ်းဆရာ ဆရာအောင်နှင့် မမိတို့လည်း အဘိုးကြီးမြော့မြော့ကလေးရှိနေသောကြောင့်တစ်ကြောင်း၊ ဦးသာဇံတို့ လူစုကလည်း အနီးတွင် မပြတ်ရှိနေခြင်းကြောင့်တစ်ကြောင်း၊ အချိန်ကောင်းများစွာ မရသဖြင့် အကြံအစည်နှောင့်နှေးနေကြရလေ၏။

ယင်းသို့ နေခဲ့ကြရာ တစ်နေ့သော ညတစ်ည၊ လူခြေတိတ်ချိန်တွင် ဘုရားဒကာဦးဖောင်မှာ ပြူးကြောင်သော မျက်လုံးနှစ်လုံးကို အထက်လှန်လျက် အသက်ထွက်ရန်ဟန်ပြင်နေတော့လေရာ အနီးတွင်ရှိသော ဆရာအောင်နှင့် မမိတို့မှာ ခေါင်းချင်းဆိုင်၍ တီးတိုးတိုင်ပင်လျက်ရှိကြလေ၏။

“ခက်တာပဲ ဆရာရဲ့ အသက်ငင်နေပြီ၊ သေတော့မှာပဲ သူသေသွားတာက အရေးမကြီးဘူး၊ စာချုပ်ကို မဖျက်ဆီးရသေးတာက ခက်နေတယ်”

“ကိစ္စမရှိဘူး ကိစ္စမရှိဘူး။ ခုအချိန် အသက်ငင်တာက ကျုပ်တို့ကြံသာစည်သာတယ်။ နေ့ခင်းနေ့လယ် ဦးသာဇံတို့ လူစုရှိတုန်းသေမှ အကြံရကျုပ်တာ။ ကိုင်း သေတော့သေမှာပဲ၊ ဒါပေတဲ့ သေအောင်စောင့်နေလို့ မဖြစ်ဘူး။ ခင်ဗျားနဲ့ ကျုပ်နဲ့ နှစ်ယောက်ထဲ အဘိုးကြီးကို ထမ်းယူသွားရလိမ့်မယ်။ ဒီတော့ ဝါးဘိုးဝါးရှည်ရှည်တစ်ချောင်းနဲ့ ဂုန်နီအိတ်အဟောင်းနှစ်ခုလောက် အုန်းဆံကြိုးတုတ်တုတ် တစ်ခွေပါ အသင့်ရှာခဲ့ပေတော့”

“အို ရှိတယ်ဆရာ၊ အသင့်ပဲ စပါးလှန်းတဲ့ ဂုန်နီအိတ်တွေရယ်၊ ရေပုံးကြိုးရယ်၊ ဝါးဘိုးဝါးတစ်ချောင်းလည်း ရှိတယ်။ ကိုင်း ကျွန်မသွားယူလိုက်မယ်”

ဟုဆိုကာ မမိ ကပျာကယာ ထွက်သွားပြီး ချက်ချင်းပင် ထိုပစ္စည်းတွေနှင့် ပြန်ရောက်လာလေ၏။

“ကဲ ရောက်ပြီဆရာ၊ ဘာလုပ်ရမလဲ”

“အဲ ဟုတ်ပြီ၊ ဂုန်နီအိတ်တွေ ဖြန့်ခင်းပေတော့”

“ခင်းပြီးပြီဆရာ”

“ကိုင်းပြီးရင်လာ အဘိုးကြီးကို အဲဒီအပေါ် ရွှေ့ရအောင် ခင်ဗျားက ခြေကကိုင်၊ ကျုပ်က ခေါင်းကကိုင်မယ်”

ဟု ပြောကာ အသက်ယဲ့ယဲ့မျှ ရှိသော ဦးဖောင်အား နှစ်ယောက်သားမကြပြီးလျှင် ဂုန်နီအိတ်များဖြင့် ကျပ်တည်းစွာ စည်းနှောင်ထုပ်ပိုး၍ ဝါးဘိုးဝါးကြီးဖြင့် လျှိုထားလေ၏။

“ခင်ဗျားနဲ့ ကျုပ် ရှေ့နောက်ထမ်းပြီး ထုတ်ယူသွားရလိမ့်မယ်။ ထမ်းနိုင်ပါ့မလား”

"နိုင်အောင်ထမ်းရတာပေါ့ ဆရာရယ်။ ဘယ်ယူသွားရမှာလဲ"

"သုသာန်ကိုလေ၊ လူမမြင်အောင် နောက်ဖေးလမ်းကြားက ခပ်သုတ်သုတ်သွားမှ ဖြစ်မယ်"

"မသေမရှင်မြှုပ်ပစ်မလို့လား"

"ဘယ်ဟုတ်မလဲ၊ မသေအောင် ကျုပ်တို့စကား မြေဝယ်မကျနားထောင်အောင် လုပ်ရမှာ၊ သူ့နဂိုရင်း အသက်ကတော့ မနေဘူး။ အမှန်သေတော့မယ်။ ဒီတော့ တခြားက အသက်ကို အစားသွင်းထားရမှာ"

"ဩော် ဒီလိုလားဆရာ။ ကဲ ဒါဖြင့် မြန်မြန်သွားမယ်။ လူခြေတိတ်ပြီ"

ထို့နောက် ဆရာအောင်နှင့် မမိတို့သည် ဦးဖောင်၏ အလောင်းကြီးကို ဦးပွဲထမ်းကာ နောက်ဖေးလမ်းကြားမှ ခပ်သုတ်သုတ်ထမ်းသွားကြလေရာ ခွေးတစီစီနှင့်ပင် သုသာန်တစ်စပြင်သို့ ရောက်ကြလေ၏။

သုသာန်တစ်စပြင်ကား မှောင်နှင့်မည်းမည်း မသဲကွဲသော လရောင်ကလေး ခပ်ရေးရေးတွင် မြေပုံနှင့် မှတ်တိုင်ကြီးတွေ ဂူဟောင်းကြီးမှာ ပိုမိုကြောက်လန့်စရာကောင်းသကဲ့သို့ မှတ်ထင်ရလေ၏။

ထိုအခိုက်တွင် လေရှူးလေကြမ်းကြီးများ တစ်ချက်တစ်ချက် ဝှေ့တိုက်လိုက်ပြန်ရာ သုသာန်ကြီးတစ်ခုလုံး ဝုန်းဝုန်းဒိုင်းဒိုင်း သွက်သွက်ခါ ဖြစ်သွားလေရာ မမိမှာ မိန်းမသားဖြစ်သည့်အတိုင်း -

"အမယ်လေး ကြောက်တယ်ဆရာ၊ ကိစ္စမပြီးသေးဘူးလား"

ဟု မေးလျှင် ဆရာအောင်လည်း

"မကြောက်နဲ့ မမိ၊ ကိုယ်ကောင်းဖို့ အရေးမှာ ဒါလောက်ကလေးမှ မစွန့်စားဝံ့ဘူးလား"

ဟု မျက်နှာတည် မျက်နှာထားနှင့် ပြောလိုက်ခြင်းကြောင့် မမိတွင် ကြောက်သော်လည်း နောက်ထပ်မပြောဝံ့ဘဲ စိတ်တင်း၍ နေရပေတော့၏။

ဆရာအောင်လည်း ဦးဖောင်၏ အလောင်းကို ဂုန်နီအိတ်ဖြေဖွင့်ကြည့်ရာ ဦးဖောင်မှာ အသက်မထွက်သေးဘဲ မချိမဆန့် အသက်ငင်လျက်ရှိသေးကြောင်း တွေ့မြင်ရလေ၏။ ထို့နောက် ဆရာအောင်လည်း -

"ကိုင်း အဘိုးကြီး အသေစောင့်နေရင် ကိစ္စမပြီးဘဲ မိုးလင်းနေရော့မယ်။ တာရှည်မဲ့ အသက်ကို မြန်မြန်ထုတ်ပစ်မှပဲ"

ဟုပြောကာ ပုဆိုးကို ခါးတောင်းမြှောင်စွာ ကျိုက်လျက် ဦးဖောင်၏ ကိုယ်ထက်သို့ ခွစီးပြီးလျှင် အသက်ငင်နေသူအား အသနားကင်းမဲ့စွာ လည်စေ့ကို တအားညှစ်လိုက်လျှင် ဝိညာဉ်ပြတ်လုဆဲဆဲဖြစ်သော ဦးဖောင်မှာ အသည်းအသန် ဝေဒနာခံလျက် မချိမဆန့် တွန့်လိမ်ကာ အသက်ထွက်၍ သွားရရှာလေသတည်း။

"ဟင်း ဟင်း အဘိုးကြီးတော့ ကိစ္စချောပြီ၊ မမိဟိုဘက်က ဆေးလွယ်အိတ်ပေးလိုက်စမ်း။ ကျုပ်တပည့်ကျော်တွေ ခေါ်ရဦးမယ်"

ဟု ဆိုကာ မမိလှမ်းပေးသော ဆေးလွယ်အိတ်ကြီးကို ဖွင့်ပြီး အောက်လမ်းဆရာတို့ စီရင်နည်းအတိုင်း ဦးဖောင်၏ အလောင်းအနီးတွင် တွတ်တီးတွတ်တာ ရေရွတ်ကာ အစိမ်းသေခေါင်းခွံရိုးကြီးကို အင်းစီးမီးထွန်းလျက် ဦးဖောင်အလောင်းပေါ် တင်ထားပြီး လက်ကြီးနှစ်ဖက်ကို လေထဲသို့ မြှောက်ချည် ဝှေ့ရမ်းလိုက်၊ အလောင်းပေါ် သပ်လိုက်နှင့်-

အပြန်ပြန် အထပ်ထပ် လေမပြတ်ရွတ်ဆိုလျက်ရှိရာ ဦးဖောင်၏ ပူနွေးသော အလောင်းကြီးသည် တသဲသဲ မြည်ဟီး တော်လျှောင်လည်းသလို၊ သိမ့်သိမ့်ခါလာရာမှ မှေးမှိတ်နေသော မျက်လုံးနှစ်ဖက်သည် ရုတ်တရက်ဖွင့်လာပြီး တစ်ခါတည်း ပြန်မမှိတ်တော့ရုံမက မျက်တောင်လည်း တစ်ချက်မှ မခတ်တော့ဘဲ ပြူးတူးပြူတဲ စိုက်ကြည့်နေပြီးနောက် ငေါက်ခနဲ ထထိုင်လေ၏။

ဆရာအောင်လည်း မမိအား ဝိညာဉ်သစ်လဲလာသော ဦးဖောင်၏ လက်ဝဲလက်မောင်းကို ကိုင်စေလျက် မိမိက လက်ယာလက်မောင်းကို ကိုင်ပြီးလျှင် -

"ဟေ့ မင်းငါ့တပည့် ငမောက်ကြီး မဟုတ်လား"

ဟု မေးလျှင် ဦးဖောင်လည်း ခေါင်းကြီးတစ်ချက်ညိတ်ပြလိုက်လေ၏။

"အေး ဒါဖြင့် ကောင်းပြီ။ ဒီနေ့ကစပြီး ငမောက်ကြီးက ဘုရားဒကာ ဦးဖောင်ယောင် ဆောင်နေရမယ်။ ဦးသာဖဲဆိုတဲ့ ရှေ့နေကြီးလာရင် ကျုပ်ပေး

ထားတဲ့ စာချုပ်ပြန်ပေးပါလို့ တောင်းရမယ်။ တောင်းပြီးရင် ရှိတဲ့ပစ္စည်းတွေ အကုန် မမိကို စာချုပ်ပြန်လုပ်ပြီး လွှဲပေးရမယ်။ မင်းဟာ ဟောဒီက မမိနဲ့ ငါ့စကားက လွဲပြီး ဘယ်သူ့စကားမှ နားမထောင်ရဘူး။ ဦးသာဇံတို့ ပြောတာလည်း နားမထောင်ရဘူး။ ဟိုက ပြောကြလိမ့်မယ်။ ဘုရားဒကာ သားသမီးတွေ သနားစရာကောင်းပါတယ်လို့ဆိုရင် ကျုပ်မမာတာ လာရမှန်းမသိတဲ့ သားသမီးတွေ၊ ကျုပ်ပစ္စည်း တစ်ပြားမှ မပေးတော့ဘူးလို့ပြော ကြားရဲ့လား၊ မှတ်မိရဲ့လား၊ ခိုင်းတဲ့အတိုင်းလုပ်နော်။ ဒါမှ ဝဝကျွေးထားမှာ ကိုင်း လာလာ တို့နဲ့ လိုက်ခဲ့"

ဟု ပြောသဖြင့် ဦးဖောင်ကိုယ်နှင့် နာနာဘာဝ ငမောက်ကြီး ဝိညာဉ်လည်း ခေါင်းကြီးညိတ်ကာ ထိုင်ရာမှထပြီး စိုက်စိုက်စိုက်စိုက်နှင့်လိုက်လာရာ ဆရာအောင်လည်း ဆေးအိတ်ကိုသိမ်းဆည်း လွယ်ပိုးလျက်-

"ကိုင်း . . . မမိ ဘယ့်နှယ်လဲ၊ ကျုပ် အကြံမဟန်လား"

ဟု မေးလျှင် မမိမှာ ဝမ်းမြောက်ဝမ်းသာ စိတ်အားထက်သန်စွာနှင့်-

"နေရာကျလိုက်တာ ဆရာ၊ ဒါမှ ကျွန်မတို့ပိုင်တော့မယ်၊ ဆရာ့ ကျေးဇူးလဲ ဘယ်တော့မှ မမေ့ပါဘူး"

ဟု ပြောရင်း မြို့တွင်းသို့ရောက်ကာ ခွေးတစီစီနှင့်ပင် နောက်ဖေး လမ်းကြားမှ အိမ်ပေါ်သို့အရောက် ခေါ်သွားကြလေ၏။

"ဘုရားအမ လေး . . . ဘုရားဒကာကြီး ဒီနေ့ တော်တော်နေသာ ပါစ"

ဟုပြောရင်း ဝင်လာကြသော ဦးသာဇံတို့လူစုအား မမိမှာ-

"ဒီသတ္တဝါကြီးတွေဟာ ခဏခဏလာရှုပ်တာပဲ"

ဟု အိပ်ခန်းထဲမှ ဆူဆောင့်ထလာပြီးမှ အပြင်ရောက်လျှင် မျက်နှာ ထားချိုသာစွာထားပြီး-

"ဩော် ဦးကြီးတို့လား၊ ကြွပါ . . . ကြွပါ . . . ဘုရားဒကာ ဒီနေ့ အတော်လန်းပါတယ်ရှင့်၊ ကျွန်မတော့ ဒီလိုနဲ့ ဘုရားမ,လို့ ပြန်ထူထောင်လာ လိမ့်မယ်ထင်တာပဲ"

ဟု လောကွတ်ဧာည္ဆတ်တွေပါ ဝေဝေဆာဆာပြောလေ၏။

ဦးဖောင်လည်း အိပ်ရာထဲတွင် မျက်လုံးကြီးအကြောင်သားနှင့်ထိုင်လျက် လက်ထဲက ဝမ်းဘဲသားဆန်ပြုတ်ပန်းကန်ကို မြဲမြဲစွာကိုင်ပြီး ပလုပ်ပဖြီး သောက်နေသည်ကိုတွေ့ရသောအခါ ဦးသာဇံတို့မှာ ရုတ်တရက်သော်အားရဝမ်းသာနှင့်-

"အမယ်လေး . . . ဘုရားဒကာ အတော်နေကောင်းသွားပါကလား၊ အားရှိပါးရှိ အစားတွေဖိစားနေတာမြင်ရတော့ တစ်နေ့မနေ့က ယဲ့ယဲ့ကလေး လဲနေတယ် ပြောတောင် ယုံစရာမရှိဘူး။ ခင်ဗျား ကံထူးသဗျာ ရှေ့လျှောက်အသက်ရှည်ပါလိမ့်ဦးမယ်"

ဟု တစ်ယောက်တစ်ခွန်းပြောကြခြင်းဖြင့် အခန်းတွင်းတွင် ဆူဆူညံ၍နေလေ၏။

မမိကလည်း -

"ကျွန်မဆရာကြောင့် ကိုကြီးဖောင် ကျန်းမာတာပေါ့ရှင်၊ အရင်ဆရာလိုသာဖြင့် တရှောင်ရှောင်နဲ့ ကိစ္စပြီးရမှာ"

ဟု ဆရာကို ဂုဏ်တင်၍ ပေးပြန်လေ၏။

"အင်း ကျုပ်တို့ကလဲ ကျေးဇူးတင်ပါတယ်ဆရာရယ်၊ ကြိုးစားသာစောင့်ရှောက်ပါ"

"ဒါနဲ့ ဆရာရယ် ဆန်ပြုတ်တွေစားနေတာ များလှပါကလား၊ အစာမကြေလို့ အဇီဏ္ဏဖြစ်နေပါဦးမယ် ကြည့်ပြောပါဦး"

"ဟာ စားပစီ၊ ကျွန်တော့်ဓာတ်နဲ့ ကျွန်တော်ပါ၊ ပါစကတေဇောည့်မှအဇီဏ္ဏဖြစ်နိုင်ပါတယ်၊ ကျွန်တော်က တေဇောကိုအားကောင်းအောင် ဖွင့်ထားတော့ သစ်တုံးတွေဝါးစားနေတာတောင် အစာကြေရမယ်လို့ တာဝန်ခံပါတယ်"

"ဒါဖြင့်လဲ ပြီးပါလေရောဗျာ။ ဘယ့်နှယ် ဘုရားဒကာ အရသာတော်တော်ပေါ်ပါရဲ့လား၊ စားချင်တဲ့အစာများရှိရင် ပြောပါ၊ ကျွန်တော်တို့ကလဲ ပို့ပေးစမ်းပါရစေဦး"

ဟု ပြောလျှင် ဦးဖောင်မှာ အစားသံကြားလျှင် လျှာများဂဏာမငြိမ် ဖြစ်ကာ ချာခနဲ လှည့်ကြည့်ပြီး-

"အမဲသားအတုံးကြီးကြီး ကင်ထားတာ စားချင်တယ် ဦးကြွက်နီရဲ့"

ဟု အသံအက်ကြီးနှင့် ပြောလေ၏။

"အို . . . ခင်ဗျားစားချင်တယ်ဆို ပို့တာပေါ့ဗျာ၊ နေပါဦး ဒါနဲ့ ဘုရားဒကာ အရင်က အမဲကျွဲသား မစားဘဲနေပါမယ်လို့ လယ်တီဆရာတော် ဘုရားကြီးဆီမှာ ပါဏာပေတံ ကတိခံလိုက်တယ်မဟုတ်လား"

"ဟာ . . . လူမမာဆိုတာ အာသာရှိတာ စားချင်မှာပေါ့ မဟုတ်လား ကျောင်းဒကာ ဦးဘိုးဝရဲ့။ ဩော် . . . ဒါနဲ့ ကျုပ်သားသမီး အမိုက်ကောင်တွေ မလာဘူးဗျာ။ တကယ်ဆို ကိုယ့်အဖေ ဒါလောက်ဖြစ်နေတာလာဖို့ကောင်းပြီ။ ဒီတော့ ဒင်းတို့ကိုစိတ်နာတယ်ဗျာ။ အမိန့်တော်ရမင်း ဦးသာဇံ ကျုပ်ရေးတဲ့ စာချုပ် ပြန်ပေးစမ်းဗျာ"

"ဘာလုပ်ဦးမလို့လဲ ဘုရားဒကာရဲ့"

"စာချုပ်ပြင်ပေးမယ်လေ၊ အရင်စာချုပ်ကို သဘောမကျသေးဘူး"

"ဒါဖြင့် ပြန်ယူခဲ့တာပေါ့ဗျာ။ ခင်ဗျား ကျန်းမာလာမှပဲ ဖြည်းဖြည်း ရေးကြတာပေါ့"

"လူမမာဆန္ဒရှိတာ လုပ်ပါစေဗျာ။ လုပ်ချင်တာ မလုပ်ရလို့ စိတ် အနှောင့်အယှက်ဖြစ်သွားရင် ပြန်လဲသွားလိမ့်မယ်"

"ဟုတ်ကဲ့၊ သူ့အလိုဖြည့်ပါ့မယ်ဗျာ။ နက်ဖြန်ခါ စာချုပ်ယူခဲ့တာပေါ့။ ကိုင်း ပွဲစားကြီးတို့ ကျောင်းဒကာတို့ ဦးကြွက်နီတို့ ကျုပ်တို့ ပြန်လိုက်ကြဦးစို့ဗျာ"

"ဘယ့်နှယ်သဘောရသလဲ ဦးကြွက်နီရဲ့၊ ဘုရားဒကာ ဦးဖောင် ကြည့်ရတာ ကျုပ်တော့ တယ်မသင်္ကာဘူး"

"ကျုပ်လဲ ဒီလိုသဘောရတယ်။ ဦးဖောင်ဟာ မနေ့ကအထိ အစာရေ စာမဝင် အသက်ငင်ခါနီးနေတာ ဒီနေ့တော့ ဘွားခနဲ ငုတ်တုတ်ထိုင်ပြီး အစာ တွေ ပလုတ်ပလောင်းစားနေတာတွေ့ရတယ်။ ပြီးတော့ သူ့မျက်လုံးကြည့်ရတာ

လဲ မူမမှန်ဘူး။ ဟို . . . ဆရာအောင်ဆိုတဲ့အကောင်နဲ့ မမိမယ်တို့ ကြံကြပြီ ထင်တယ်"

"ကျုပ်လဲ မသင်္ကာဘူးဗျာ။ မောင်တင်နဲ့ မြရွှေတို့ မလာတာလဲ မမိ တစ်ဖက်လှည့်ထားတဲ့စနက်ပဲ။ ဟိုက ဦးဖောင် မမာတာ မသိရှာကြဘူးထင် တယ်"

"ဟုတ်လိမ့်မယ်ဗျို့ . . . ဟုတ်လိမ့်မယ်။ ခုလဲ စာချုပ်ပြန်တောင်းနေ တယ်။ ကြာရင် ရေတိမ်နစ်မှာစိုးရသဗျ။ ကျုပ်တို့က ဖေးဖေးမမ လုပ်မှဖြစ် မယ်။ ကျုပ်တော့ မောင်တင်တို့၊ မြရွှေတို့ဆီ အကျိုးအကြောင်း စာထည့်လိုက် မယ်ကြံတယ်။ ဒါမှ သင်းတို့ပြေးလာကြမှာ"

"ကောင်းသဗျာ၊ ခင်ဗျားအကြံ သိပ်ဟန်ကျတာပဲ၊ ကဲ . . . မြန်မြန် စာရေးထည့်ပေတော့"

"နို့ . . . သူတောင်းတဲ့စာချုပ်ကို ပြန်ပေးဦးမလား"

"ကျုပ်တော့ သူတို့အကြောင်းသိရအောင် စုံစမ်းတဲ့သဘောနဲ့ မူလ စာချုပ်အစစ်ကိုမပေးဘဲ အတုတစ်ခု ရေးပြီးပေးမယ်ကြံတယ်"

"အဲဒီအကြံဟုတ်သဗျာ။ နောင်ခါ ကျုပ်တို့လေးယောက်က လမ်းမှန် ရောက်အောင် လုပ်ပေးရမှာပေါ့"

ယင်းသို့ တိုင်ပင်ကြပြီးလျှင် မောင်တင်နှင့် မြရွှေတို့ထံသို့လည်း အမြန်သံကြိုးရိုက်ခေါ်လျက် စာချုပ်အတုတစ်ခုရေးသားပြီး နောက်တစ်နေ့ အဘိုးကြီးလေးယောက် ပေါက်လာကြပြန်လေ၏။

"ဘုရားဒကာ နေကောင်းပါရဲ့လား။ ဩော် ထမင်းစားနေသကိုး၊ ဘာဟင်းများနဲ့ စားသလဲ။ အလို အမဲအူစုံ အသည်းစုံတွေ အားကောင်းလှပါက လား။ ဘုရားဒကာ နာလန်ထမို့ သိပ်အစားကြမ်းနေတာပဲနော်"

"ကျုပ်စားနိုင်လို့ စားတာပေါ့ဗျာ။ ဒါနဲ့ စာချုပ်ပါရဲ့လား"

"ပါ ပါတယ်ဗျာ၊ ပါပါတယ်။ ရော့ ရော့ ခင်ဗျားစာချုပ်"

"ပေး ပေး ဒီစာချုပ်ကို ကျုပ်သဘောအတိုင်း ခင်ဗျားတို့တစ်တွေ ရှေ့မှာပဲ ဖျက်လိုက်ပြီ"

ဟု ဆို၍ စာရွက်ကို လက်ဖြင့်ဆုတ်ဖွဲ့ချေမွပစ်လိုက်ပြီး -

" ကျုပ်ပစ္စည်းကို ဘယ်သား၊ ဘယ်သမီးမှ မပေးတော့ဘူး။ ကျုပ် မိန်းမ မယ်မိတစ်ယောက်တည်းကိုသာ အကုန်လွှဲပေးတော့မယ်။ ကိုင်း ဆရာ အောင် စာချုပ်တစ်စောင်ရေးပေးစမ်းဗျာ။ ကျုပ်ရှိသမျှ ပစ္စည်းအကုန် မမိကို ပုံအပ်ပါတယ်။ သားသမီးနှစ်ယောက်ကိုတော့ စိတ်နာလို့ တစ်ခါတည်း အမွေ ပြတ်လုပ်ခဲ့တဲ့အကြောင်းပါ ထည့်ရေးပါ"

ဟု ပြောလျှင် ဆရာအောင်လည်း အဆင်သင့်ဝယ်ထားသော စာချုပ် တွင် သွက်လက်လျင်မြန်စွာ ရေးသားပြီးစီးလေ၏။

"ကိုင်း ဦးသာဇံတို့၊ ဦးကြက်နီ၊ ဦးရွှေသီးနဲ့ ဦးဘိုးဝတို့ တဆိတ် အသိ သက်သေအဖြစ်နဲ့ လက်မှတ်ထိုးကြပါဗျာ"

"ထိုးတာပေါ့ဗျာ ဖြည်းဖြည်းပေါ့။ ဒီစာချုပ်လဲ အတည်ဖြစ်သေးမှာ မဟုတ်ပါဘူး။ သူ့သားသမီးကို ဘယ်ပြတ်နိုင်လိမ့်မလဲ၊ စိတ်ဆိုးတုန်းမို့ ပြောတာပါ"

ထိုအခိုက်တွင် ဝန်စည်ပစ္စည်းများနှင့် မောင်တင်နှင့် မြရွှေတို့ ရောက်လာကြလေ၏။

"ဖေဖေ မမာဘူးဆိုလို့ သံကြိုးရရခြင်း ပြေးလာကြတာပဲ၊ ခု ဘယ့် နှယ်နေသေးသလဲ"

ဟု မောင်နှစ်မနှစ်ယောက် ပြေးဝင်လာကြရာ မမိမှာ မျက်နှာပျက် သွားလေ၏။ ဦးသာဇံတို့လူစုလည်း -

"အေး မင်းတို့ ခုမှလာကြသလား၊ ဘုရားဒကာ မမာနေတာကြာ လှပကောဟဲ့"

ဟု ဆီး၍ပြောလျှင် မောင်တင်နှင့် မြရွှေတို့လည်း အံ့သြခြင်းကြီး အံ့သြလျက်-

"အို ဖေဖေ မမာတာ ကြာလှပြီ ဟုတ်လား"

"ကျွန်တော်တို့ မသိရပါလား၊ မာမီဆီက စာရေးတဲ့အခါလဲ ဖေဖေ ကျန်းကျန်းမာမာရှိကြောင်း အမြဲပါတာပဲ၊ ခုမှ ကြေးနန်းရတော့ ပြုံးခနဲ ထိတ် သွားတာပေါ့"

ဟု ပြောကြသဖြင့်-

"မမာတာတော့ ကြာပြီပေါ့ကွယ်။ ဒါပေတဲ့ မာမီကလဲ မင်းတို့ အလုပ် ပျက် အကိုင်ပျက် စိတ်မကောင်းမှာစိုးလို့ တော်ရုံတန်ရုံနဲ့လည်း ဒုက္ခမပေးချင် တာနဲ့ စာရေးရင် ဖုံးရေးတာကလား။ နောက်မှ စိုးရိမ်တာနဲ့ မှာတာ။ ဒါပေတဲ့ အခုတော့ မင်းတို့ဖေဖေ မသေနိုင်ပါဘူးကွယ် မာလာပါပြီ"

ဟု ပလီပလာလုပ်နေစဉ် ဆရာအောင်လည်း ဦးဖောင်အနီးသို့ ကပ် ကာ တစ်စုံတစ်ရာတီးတိုးပြောလိုက်ခြင်းကြောင့် . . .

"ဟေ့ ဟေ့ ဟိုခွေးကောင်နဲ့ ခွေးမနင်တို့မျက်နှာ ငါမကြည့်ချင်ဘူး။ ဆင်းသွား ခုချက်ခြင်းဆင်းသွား။ ငါ့ပစ္စည်းလည်း တစ်ပြားမှ နင်တို့ကို မပေးနိုင် ဘူး။ သေမယ်ထင်မှ အမွေလိုချင်လို့ ပြေးလာလိုက်ကြတာပြာလို့ ဘာရမလဲ ခုဆင်းသွား"

ဟု ဒေါသတကြီးနဲ့ လက်သီးလက်မောင်း တန်း၍ပြောလျှင် မောင် တင်နှင့် မြရွှေတို့လည်း မိမိတို့ အဖေက ဤကဲ့သို့ ရက်စက်စွာ မပြောဖူးသဖြင့် အထူးအံ့ဩ၍ နေကြလေရာ ဦးသာဇံအမှူးရှိသော လူတစ်စုတို့လည်း ဦးဖောင် ၏ ဖောက်ပြန်ပုံကို ဝမ်းနည်းစွာကြည့်၍ နေကြလေ၏။

"ဘုရားဒကာသည်းခံပါ။ သူ့ခမျာများခုမှသိလို့ သိသိခြင်း ပြေးလာ ရှာကြပါပကော"

"ဟုတ်သားပဲ ကိုကြီးဖောင်ရယ်၊ ခမျာတွေ စိတ်ငယ်သွားပါမယ်။ အဝေးကြီးကလာရရှာတာပါ။ ကိုင်း လာလာ မောင်တင်တို့ မမြရွှေတို့ သူစိတ် ဆိုးနေတုန်း သူ့အနားမနေနဲ့ ဒီဘက်ခန်းထဲလာကြ"

ဟု ခေါ်သွားသဖြင့် မောင်တင်နှင့် မြရွှေတို့လည်း လိုက်သွားကြ လေ၏။

"ကိုင်း ခရီးရောက်မဆိုက် ရေမိုးချိုး ထမင်းစားရအောင်၊ မာမီမင်းတို့ လာမှာသိလို့ ဟင်းကျွေးအစုံချက်ထားတယ်"

"ဩော် မမြရွှေကလည်းကွယ် ဘာပြုလို့ မျက်ရည်လည်နေရတာလဲ"

"ဖေဖေ ဂျွန်မတို့ကို ဘယ်တော့မှ ဒီလိုမပြောဖူးလို့ ဝမ်းနည်းတယ် အစ်ကိုကြီးရဲ့"

ဟု ပြောရာမှ မြရွှေမှာ မိန်းကလေးဖြစ်သည့်အတိုင်း ဝမ်းနည်းသွားသဖြင့် တမဲ့မဲ့ဖြစ်ကာ ကြုံကြုံပါအောင် ငိုရှာလေသတည်း။

မောင်တင်လည်း အစ်ကိုကြီးဖြစ်သည့်အတိုင်း ညီမလေးကို ချော့မော့အားပေးကာ -

"မငိုပါနဲ့ မြရွှေရာ စိတ်ဆိုးလို့ ပြောတာပဲ၊ လာ လာ တို့အိမ်ကြီးနဲ့ တို့ကွဲနေတာကြာပြီ ဘုရားခန်းထဲ သွားပြီး ဘုရားဖူးရအောင်"

ဟု ပြောကာ မောင်နှမနှစ်ယောက်ဝင်သွားကြလျှင် ယခင်က ပြောင်လက်သန့်ရှင်း၍ ညောင်ရေအိုးရေအပြည့် ပန်းအဝေသားနှင့် သားနားစွာ ပြင်ထားနေကျဖြစ်သော သောက်တော်ရေဖန်ခွက်များ၊ ဆွမ်းတော်အုပ်များမှာ ဖုတ်အလိမ်းလိမ်းနှင့် ကျွမ်းထိုးမှောက်ခုန်ဖြစ်ကာ ညောင်ရေအိုးမှာ ပန်းတွေညှိုးရုံမက ခြောက်ရာကလိန်နေပြီးလျှင် ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်ထားသော "ဒက္ခိဏသာခါ" ရုပ်ပွားတော်မှာလည်း ကိန်းဝပ်ရာ ကျောင်းဆောင်ကလေးမျှသာ တွေ့ရသဖြင့် မောင်တင်နှင့် မြရွှေမှာ စိတ်ရှုပ်ပွေသွားပြီးလျှင် အပြင်သို့ ထွက်လာကာ -

"မာမီ မာမီ၊ ဘုရားခန်းမှာ ဘုရားလည်း မရှိတော့ပါကလား၊ ဘယ်ရောက်သွားသလဲ"

ဟု စိုးရိမ်စွာမေးရာ မမိလည်း အရေးမကြီးသကဲ့သို့ -

"ဩော် ဘုရားဒကာက ဘုရားရွှေရောင်ညှိုးလို့ ရွှေချဖို့ ဘုန်းကြီးကျောင်းခဏပင့်သွားတယ်၊ မာမီလည်း ဘုရားမရှိတာနဲ့ ဘုရားခန်းထဲတောင် မရောက်ပါဘူးကွယ်၊ တစ်နေ့တစ်နေ့လည်း ကိုကြီးဖောင်အနားက ဘယ်မှ ထမသွားအားဘူး"

ဟု ဖြန်းသန်းညာဝါးနေစဉ် ဦးသာဇံတို့တတွေ အိမ်ပြန်ကြရန် အပြင်ထွက်လာကြသဖြင့် အနည်းငယ် စကားပြောဆို နှုတ်ဆက်ကြရာမှ မောင်တင်ကို ဦးသာဇံက အမှတ်တမဲ့ လက်တို့၍ ၎င်း၏ အိမ်သို့လာရန် မှာထားပြီး လူကြီးလေးယောက်ပြန်သွားကြလေ၏။

* * *

မောင်တင်လည်း ညနေဘက်တွင် ဦးသာဇံအိမ်မှ ပြန်လာပြီးနောက် ဦးသာဇံထံမှ ဖခင်အကြောင်း အစအဆုံး သိရှိရသဖြင့် မခံချိမခံသာဖြစ်၍ နေလေ၏။

ညီမဖြစ်သူမြရွှေကိုလည်း အိမ်အောက်ရှိ ပန်းခြံထဲသို့ ခေါ်ပြီးလျှင် တိုးတိုးတိတ်တိတ် ကြားသမျှ ကြိတ်ပြောရာ မြရွှေမှာ အားငယ်သွားရှာပြီး

"ဒါဖြင့် ဘယ်လိုကြံမလဲအစ်ကိုကြီးရယ်၊ အခုရှိတဲ့ ဖေဖေစိတ်ဟာ ကျွန်မတို့ ဖေဖေအစစ်ရဲ့ စိတ်မဟုတ်ဘူးထင်တယ်၊ မျက်လုံးကြီးကလည်း ပြူးပြဲပြဲကြီး၊ အစားတွေကလည်း စားလိုက်မှဖြင့် အမဲသားတွေချည်းစားတယ်ဆိုတော့၊ ဖေဖေဘယ်တော့များ အမဲသားစားလို့လဲ၊ ကျွန်မတော့ သူတို့ ဟိုဆရာယောင်ယောင်လူနဲ့ ရှုပ်ရှုပ်ရှက်ရှက်ပယောဂတွေဘက် လုပ်ထားတယ် ထင်တယ်။ ဒီတော့ အစ်ကိုကြီးကလည်း ဆရာကောင်း သမားကောင်းရှာပါဦး"

ဟု ပြောလျှင် မောင်တင်လည်း -

"အေး အေး ရှာတာပေါ့၊ ပြီးတော့ ဒီကနေ့ကစပြီး အစ်ကိုကြီးရောငါ့ညီမလေးရော သတိနဲ့နေ၊ နေ့ရောညရော သူတို့အကဲကိုလည်း အမြဲချောင်းကြည့်နိုင်သလောက် ကြည့်မယ်။ မမိနဲ့ ဟိုဆရာဟာ ဘာလုပ်တယ်ဆိုတာ အစ်ကိုကြီးကိုပြော"

ဟု မောင်နှမနှစ်ယောက် တိုင်ပင်ရင်း ထိုနေ့ကစ၍ သတိဝီရိယနှင့်နေကြလေ၏။

ဦးဖောင်၏ အကဲကို ကြည့်ရင်း အခန်းတွင်းသို့ မောင်နှမနှစ်ယောက် ဝင်သွားတိုင်းလည်း ဦးဖောင်မှာ ဒေါသတကြီး လက်သီးလက်မောင်း တန်းပြီး အခန်းထဲက နှင်ထုတ်လေ့ရှိရာ မောင်တင်နှင့် မြရွှေတို့မှာ မျက်နှာငယ်ငယ်နှင့်

သာ ရပ်ကြည့်နေရသောကြောင့် တစ်ခါတစ်ရံလည်း မောင်တင်မှာ မခံမရပ်နိုင်ဖြစ်လာပြီး ဦးဖောင်က ထွက်ထွက်ဟုနှင်လျက်ပင် -

"မထွက်ဘူး၊ ကျုပ်ခင်ဗျားကို ပြုစုရအောင်လာတာ ဘာဖြစ်လို့ ထွက်ရမှာလဲ"

ဟု ဒေါသနှင့် ပြန်ပြောသောကြောင့် ဆရာအောင်နှင့် မမိမှာ မောင်တင်ကို လာချော့ပြီး -

"ဒေါသမကြီးပါနဲ့ကွယ်၊ ကိုယ့်အဖေပဲ နာလန်ထလည်း ဖြစ်ပါတယ်။ ဒေါသကြီးရင် ပြန်ပြီး မကျန်းမာဖြစ်သွားမှာပေါ့"

ဟု ပြောကြရာ မောင်တင်မှာ ဒေါသမပြေဘဲ -

"ဘာအဖေလဲ အဖေဆိုတာ ဒီလိုမပြောဘူးဗျ"

ဟု ပြန်ပြောပြီး လက်သီးလက်မောင်းတန်းပြန်ရာ ဦးဖောင်မှာလည်း အလွန်တရာ ဒေါသကြီးသောကြောင့် ခုတင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ပြီး ခုန်ကာ -

"ဆင်းသွား . . နင်ငါ့အိမ်ပေါ် မနေရဘူး၊ ဆင်း"

ဟု ဇွတ်အတင်းနှင်ပြန်လျှင်

"မသွားဘူး၊ ဒါကျုပ်အမေရှိတုန်းက ဆောက်ထားတဲ့ အိမ်။ ကျုပ်အမေစိန်တွေ၊ ရွှေတွေ၊ အပျောက်မခံနိုင်ဘူး"

ဟု ပြောသောကြောင့် -

"စာချုပ်နဲ့ မမိအားလုံးလွှဲပေးပြီးပြီ။ နင်တို့ဒီပစ္စည်းတစ်ပြားမှ မစားရဘူး၊ သိလား"

"ကျုပ်မစားရအောင် ခင်ဗျားတစ်ယောက်တည်းပိုင်တဲ့ ပစ္စည်းလား"

"ဟုတ်တယ်မောင်ရဲ့၊ မမိကို စာချုပ်နဲ့ အားလုံးပေးပြီးပြီ။ ဒီမှာစာချုပ်"

"ခင်ဗျားဝင်မရှုပ်နဲ့ ဆေးသမား အေးဆေးနေ"

ဟု ကြိမ်းဝါးဆူပူကာ မောင်တင်တစ်နေ့လုံး ဂျွမ်းသူပုန်ထသည့်အခါ ထ၍နေ၏။

တစ်ညသ၌ သန်းခေါင်ကျော်အချိန်တွင် မောင်တင်တို့ မောင်နှမ လည်း ဦးဖောင်နေသော အခန်းထဲသို့ ချောင်းမြောင်းကြည့်ရာ အလွန်ကြောက် စရာကောင်းသော အခြင်းအရာတို့ကို တွေ့ရလေ၏။

ဦးဖောင်မှာ မမိနှင့် ဆရာအောင်တို့ လာပို့သွားသော အမဲသားစိမ်း၊ သွေးရဲရဲ၊ သံရဲရဲတွေကို လင်ဗန်းကြီးနှင့် တည်လျက်၊ လက်နှင့်တစ်တုံးချင်း ယူကာ မြိန်ရှက်စွာ စား၍နေသည်ကို တွေ့ရလေလျှင် မောင်တင်နှင့် မြရွှေ တို့မှာ ဇောချွေးကြီးများပြန်လာအောင် ကြောက်ရွံ့နေကြရှာလေ၏။

"အမယ်လေး အစ်ကိုကြီးရဲ့၊ ဒီဟာ ဖေဖေမဟုတ်တော့ဘူး။ ဘီလူး သရဲကြီးပါ။ ဒါကြောင့် အသားစိမ်းတွေ စားနေတာပေါ့။ ဘယ့်နှယ့် လုပ်ကြမလဲ အစ်ကိုကြီးရဲ့။ တစ်ခါမှ ကျွန်မတို့ ဖေဖေ မသိမသာ ဆုံးနေပါပေါ့လား"

ဟု ရှိုက်ငင်ငိုကြွေးရှာလေ၏။

မောင်တင်လည်း နောက်တစ်နေ့ကစ၍ ပယောဂနိုင်သော ဆရာ သမားကောင်းများကို လိုက်လံရှာဖွေပေးရန် ဦးသာဖံတို့ကို မှာကြားထားလေ၏။

* * *

တစ်ညသ၌ မြရွှေသည် ခွဲထားခဲ့ရသော လင်နှင့်သားများအတွက် စိတ်လက်မဖြောင့်နိုင်သည့်အပြင် ဖခင်အတွက်ကလည်း ဝမ်းနည်းခြင်း၊ ထိတ်လန့်ခြင်းတို့ဖြင့် ပြိုးပြွမ်းလျက်၊ စိတ်ဝိတက်များနေသောကြောင့် တော် တော်နှင့် အိပ်မပျော်နိုင်ရှိနေရာမှ မိမိအခန်းဆီသို့ လာနေသော ခြေသံတစ်ခု ကို ကြားရ၍ နားစွင့်နေရာ မကြာမီပင် ယခင်ခြေသံမှာ မိမိအခန်းတံခါးဝသို့ ရောက်လာပြီး တံခါးကြီးကို ဖွင့်ကာ အတွင်းသို့ လူတစ်ယောက်ဝင်လာသည်ကို တွေ့ရလေ၏။

မြရွှေသည် မောင်တင်မှတ်၍ တိတ်တဆိတ်နေရာ အနီးသို့ရောက်မှ ဦးဖောင်မှန်းသိရသည့်အပြင် သိသည်နှင့် တစ်ပြိုင်တည်း ဦးဖောင်မှာ ပါးစပ် ကြီးကို မဲ့မဲ့ရွဲ့ရွဲ့ဖြဲလျက် လက်ကြီးနှစ်ဖက်ကို အထက်သို့ မြှောက်ကာ လက်ချောင်းတွေကို ကွေးချည်ကောက်ချည်နှင့် မြရွှေ၏ လည်မျိုဆီသို့ ဖျစ်ညှစ် သတ်ဖြတ်ရန် ချိန်ရွယ်၍ နေလေရာ မြရွှေမှာ အလွန်တရာ ကြောက်လန့်ခြင်း

ဖြင့် ငယ်သံပါအောင် ဟစ်အော်ပြီး အခန်းထဲမှ ထွက်ပြေးကာ မောင်တင်အိပ်နေရာသို့ ဝှတ်ဝင်ဖက်ပြီး -

"အစ်ကိုကြီး အစ်ကိုကြီး ထစမ်းပါဦး၊ ဖေဖေရယ် ကျွန်မလည်မျိုကို ညှစ်သတ်မယ်လို့ ကံကောင်းလို့ အစ်ကိုကြီးရဲ့"

ဟု အထိတ်တလန့် ပြောလေရာ တစ်အိမ်သားလုံးလည်း လန့်နိုး၍ အကျိုးအကြောင်း သိကုန်သောအခါ ဦးဖောင်မှာ ဘယ်အချိန်က ပြန်သွားသည် မသိ၊ မိမိအခန်းထဲတွင် တုံးလုံးလှဲလျက် အိပ်မောကျနေသည်ကို တွေ့ရလေ၏။

"အိပ်မက်မက်တာဖြစ်ပါလိမ့်မယ်ဗျာ။ ဟိုမှာ ဘုရားဒကာကြီး အိပ်ပျော်နေတာပဲ"

"မသိနိုင်ဘူး၊ မသိနိုင်ဘူး၊ အိပ်ပျော်ရုံမကလို့ ဘာဖြစ်နေနေ ကျုပ်အဖေအစစ်လည်း ဟုတ်မယ်မထင်ဘူး။ ပယောဂနဲ့ လုပ်ထားလို့ အစိမ်းကောင်ပူးပြီး ဘီလူးစိတ်သရဲစိတ် ဝင်နေတယ်ထင်တယ်။ တစ်နေ့ကလည်း အမဲသားအစိမ်းတွေ စားနေတာမြင်ရတယ်"

"ခင်ဗျားစကားပြောရင် အရမ်းကြီးပဲကိုးဗျ။ ဒီလိုဆိုရင် ကျွန်တော်ဆရာတစ်ယောက်လုံးအရှိသားနဲ့ ကျုပ်ကပဲ မတရားသဖြင့် လုပ်ထားသလိုလိုကိုး"

"အောင်မာ ကြီးကြီးကျယ်ကျယ် လာလာချည့်သေးဟေ့ ဘအောင်ရေ၊ ငါ စီ အိုင် ဒီဘက်ကအကောင်ကွ၊ ပယောဂဆရာယောင်ယောင် ဘာယောင်ယောင်နဲ့ မြို့တကာလည်ပြီး ဖြီးနေတဲ့အကောင်မှန်း ငါသိပါတယ်။ ဖျာပုံမှာ အပျိုကလေးတစ်ယောက်ကို စုန်းပူးပါတယ်ဆိုပြီး ရိုက်ရင်းသေသွားလို့ မင်း ထောင်တစ်နှစ်ခွဲကျဖူးတာပါ ငါသိတယ်ကွ"

ဟု ဒေါသတကြီးပြောလိုက်ရာမှ ဆရာအောင်မှာ နောက်ထပ်ခွန်းတုံ့မပြန်လာတော့ဘဲ မီးရေနဲ့သတ်သလို ငြိမ်သက်သွားလျှင် မမိမှာလည်း မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နှင့် အခန်းထဲသို့ဝင်သွားရာ မောင်တင်မှ မြရွှေအား-

"ကဲ ငါ့ညီမ မအိပ်ရဲရင် အစ်ကိုကြီးအနားလာအိပ်၊ ဘာမှမကြောက်နဲ့ ဟောဒီမှာ အစ်ကိုကြီးခါးထဲ ခြောက်လုံးပြူးအမြဲထိုးထားတယ်။ ဘယ်သူလာလာ ရီးတီးယားတားလုပ်ရင် တွယ်လိုက်မယ်"

ဟု ကြိမ်းဝါးပြောဆိုကာ မကြာမီ အိပ်ရာသို့ ကိုယ်စီကိုယ်စီဝင်ကြပြန်လေ၏။

* * *

"ဆရာရဲ့ ကျွန်မတို့အကြံအစည်တွေ ရိပ်မိကုန်ကြပြီ"

"ရိပ်မိရုံမကဘူး ကျုပ်အကြောင်းတွေ သိကုန်လို့ ခက်နေတယ်။ ဒီတော့ ဒီနေ့နံနက်မလင်းခင် မောင်တင်ကို အရင်ကိစ္စတုံးစေမှပဲ"

"လုပ်လေ ကျူပင်ခုတ် ကျူငုတ်တောင်မကျန်စေနဲ့တဲ့"

"လုပ်တာတော့ လုပ်မှာပေါ့ဗျာ။ နောက်ခါတော့ ခင်ဗျားကလဲ ကျေးဇူးမမေ့နဲ့ဦး"

"စိတ်ချပါဆရာရဲ့။ ဆရာနဲ့ ကျွန်မနဲ့တော့ စီးပွားဖက်ပဲ၊ အထူးဝေခွဲနေစရာမလိုပါဘူး"

"ကောင်းပြီ ကောင်းပြီ၊ ဟေ့ ငမောက်ကြီး ထဦးကွ"

"ဘာတုံးဆရာ၊ ခိုင်းစရာရှိတာ ခိုင်းပါ"

"အိမ်ရှေ့ခန်းမှာ အိပ်နေတဲ့ခွေးကောင်ကို တစ်ခါတည်းကိစ္စတုန်းအောင် အူနုတ်စားချေ။ သွားမြန်မြန်လုပ် ကြာရင် မိုးလင်းသွားလိမ့်မယ်"

"ကောင်းပါပြီဆရာ"

ဦးဖောင်ကိုယ်နှင့် ငမောက်ကြီးဝိညာဉ်လည်း ခြေဖျားထောက်ကာ အပြင်သို့ထွက်သွားလေ၏။ ဆရာအောင်နှင့် မမိတို့လည်း တရုတ်ကပ်ကြားမှ ချောင်းကြည့်နေကြရာ ငမောက်ကြီးမှာ မကြာမီ မောင်တင်နှင့် မြွေခြေရင်းတွင် ရပ်၍နေလေ၏။

ငမောက်ကြီးလည်း လက်ကြီးကိုဆန့်တန်းကာ မောင်တင်၏ရင်ဘတ်ရှိရာသို့ ကုန်း၍နှိုက်လိုက်လျှင် -

"ဒိုင်း ဒိုင်း ဒိုင်း"

ဟု သုံးချက်ဆင့်ချလိုက်သော သေနတ်သံကိုကြားရပြီး ဦးဖောင်ကိုယ်နှင့် ငမောက်ကြီးလည်း ပျာယီးပျာယာနှင့် ခြေဦးလှည့်ရာသို့ဆင်းပြေးရာ မောင်တင်လည်း-

"အစ်ကိုကြီး အစ်ကိုကြီး မလိုက်ပါနဲ့"

ဟု မြရွှေက အော်သည်ကိုမျှမကြားဘဲ လက်ထဲကသေနတ်နှင့် ယမ်းတောင့်ခါးပတ်ကိုယူကာ ဦးဖောင် ပြေးရာနောက်သို့ သေနတ်တဒိုင်းဒိုင်းပစ်ဖောက်ရင်း လိုက်ပြေးလေ၏။ အချိန်မှာလည်း လင်းအားကြီးဖြစ်၍ တစ်ရပ်လုံးလန့်နိုးကာ ဆူဆူညံညံနှင့် အိမ်လာမေးသူမေး၊ မောင်တင်နောက် လိုက်ပြေးသူကပြေးနှင့် ရှုပ်ထွေး၍နေကြလေ၏။

"မအေပေးသရဲ ငါ့အဖေကိုယ်ထဲဝင်ပြီး တမင်နာမည်ဖျက်နေတာ မိအောင်ဖမ်းမယ်ကွာ"

ဟု ကြိမ်းရင်း တဒိန်းဒိန်း သေနတ်နှင့်လှမ်း၍ပစ်လေ၏။ ပစ်တိုင်းပစ်တိုင်းလည်း ဦးဖောင်၏တစ်ကိုယ်လုံးအနှံ့အပြား ထိမှန်သော်လည်း ဦးဖောင်မှာ နာကျင်လဲပြိုခြင်းမရှိ သွေးလည်းမထွက်၊ အဆက်မပြတ်သာပြေး၍နေလေ၏။ သို့နှင့် ပြေးသူကပြေး၊ လိုက်သူကလိုက်ရင်းနှင့်ပင် မိုးစင်စင်လင်း၍လာကာ ရောညာလိုက်သူတွေလည်း များသည်ထက် များလာပြီး-

အချို့ကလည်း ရှေ့ကဆီး၍ဖမ်းရန် ကြိုးစားကြလေရာ ငမောက်ကြီးမှာ မိမိကိုယ်ကြီးကိုလည်း ကွယ်မရ၊ ဒေါသကလည်းထွက်လှသဖြင့် မိမိရှေ့ဖြတ်တက်လာသောသူများကို တအားဆွဲဖမ်းပြီး ပါးစပ်ကြီးနှင့် လည်မျိုကိုကိုက်ခဲလျက် ထွက်လာသော သွေးခဲသွေးတစ်တို့ကို စားမျို၍ အလောင်းကိုလွှင့်ပစ်ကာ ဆက်လက်ပြေးသွားပြီးလျှင် တချို့ကလေးငယ်များနှင့် ရင်ဆိုင်တိုးမိသောအခါများတွင်လည်း လက်ကြီးနှင့် ဝမ်းဗိုက်ကိုကုတ်ဆွဲ၍ အူအသည်းကို သွေးရဲရဲနှင့်စားပစ်လိုက်ပြီး အပြေးကြီးပြေးပြန်လျှင် လိုက်ဖမ်းသူတို့မှာ တိုးတက်၍ မခံချင်စိတ်ဖြစ်လာကြသဖြင့် ဓား၊ လှံ၊ သေနတ်တွေနှင့် တပ်ချီ၍ လိုက်ကြလေ၏။

ပြေးရင်းလွှားရင်း ဖြစ်ပွားကျန်ရစ်သော လူသတ်မှုများအတွက်လည်း ပုလိပ်တပ်ကြီးပါချီ၍ ပါလာ၏။ ငမောက်ကြီးမှာ ပြေးရသော်လည်း လိုက်လာသူတို့နှင့် နီးသည်ထက် နီးလာပြီး လူတိုင်းမှာလည်း လက်နက်ကြီးတွေ ကိုယ်စီပါနေသဖြင့် ထောင့်ကြိုထောင့်ကြားများကို ကပ်ခိုပုန်းလျှိုးရင်းပြေးပြန်ရာ မကြာမီ သချိုင်းထဲသို့ ရောက်လာပြန်လေ၏။

ငမောက်ကြီးမှာ ဂူဟောင်း ဂူပျက်ကြီးတွေကိုကွယ်၍ ကွယ်၍ ကုန်းကုန်း ကုန်းကုန်းနှင့် ပြေးပုန်းနေလျှင် ထိပ်ဆုံးကလိုက်သူ မောင်တင်နှင့်တကွ ပါလာသမျှလူတို့လည်း ငမောက်ကြီးအား လူချင်းဆက်၍ ဝိုင်းကြပြန်လေ၏။

သို့ နီးသည်ထက် နီးလာသောအခါ ငမောက်ကြီးနှင့် မောင်တင်မှာ ဂူပျက်ကြီးတစ်ခုသာခြားလျက် မောင်တင်ကလည်း ကိုယ်ကိုဝှက်၍ ချက်ကောင်းကိုစောင့်ပြီး ငမောက်ကြီးကလည်း ကိုယ်ကိုဝှက်ကာ ပြေးရန်အချက်ကို ရှာနေရာမှ တစ်ယောက်ကိုတစ်ယောက် စိတ်မချသဖြင့် ဂူပေါ်သို့ ခေါင်းကျော်၍ကြည့်ကြရာ နှစ်ယောက်စလုံး တစ်ပြိုင်တည်း မျက်နှာချင်းဆိုင်မိလေ၏။

မောင်တင်မှာ မျက်တွင်းဟောက်တောက် မျက်တောင်မခပ်ဘဲ ကြောင်တက်တက်ကြီးကြည့်နေသော ဦးဖောင်၏မျက်နှာနှင့် ဖြူဖပ်ဖြူရော် သွေးရောင်မပေါ်သော နှုတ်ခမ်းတို့ကို အမ်းတန်းတန်းကြည့်ရာမှ မိမိဖခင်များ ဖြစ်နေမလားဟု သနားစိတ်ကလေးများပေါ်မိလျှင်ပင် ဖမ်းချင်သောစိတ်များ ကုန်ခမ်းသွားပြီး တွေတွေကြီးလုပ်နေမိရာ အချက်ကိုရှာနေသော ငမောက်ကြီးလည်း မောင်တင်ကို လက်ကြီးနှစ်ဖက်နှင့် အလစ်တွင် သိမ်းဖမ်းကာ လည်မျိုကိုမော့ထားပြီး သွားကြီးနှင့် သွေးဖောက်စုတ်မည်အလုပ်တွင် တိတ်တဆိတ် ဝိုင်းလာသောလူတစ်စုက တစ်ယောက်တစ်လက် ရိုက်နှက်ဖမ်းဆီး အုန်းဆံကြိုးကြီးတွေနှင့် တုပ်နှောင်ပြီးဖြစ်သွားလေသတည်း။

"မိပြီ မိပြီ ဘုရားဒကာ ဦးဖောင်ကိုမိပြီ"

ဟု အုတ်အုတ်ကျက်ကျက် ပြောကြရာ မောင်တင်လည်း ဂူကြီးတစ်ဂူပေါ်တက်၍ -

"မိတ်ဆွေတို့ မိတ်ဆွေတို့ ဒီဟာ ကျုပ်အဖေရဲ့ကိုယ်ပေတဲ့ အတွင်းစိတ်ဟာ ကျုပ်အဖေမဟုတ်ပါဘူး။ ကျုပ်အဖေ နာမည်ပျက်မခံပါရစေနဲ့။ ကျုပ်အဖေ သူတော်ကောင်းကြီးဖြစ်ကြောင်း မြို့ရွာနဲ့တကွ သိပါတယ်။ ဒီတော့ ဒီဟာကြီးကို ကျွန်တော်တို့အိမ်ယူပြီးမှ အမှုမပေါ်ပေါ်အောင်စစ်ပါရစေ"

ဟု ပြောပြီး ရှုန်းရင်းဆန်ခတ်လုပ်နေသော ဦးဖောင်ကို ဝါးကပ်တွင် ညှပ်တင်၍ ထမ်းယူလာကြလေ၏။

* * *

ဦးသာဇံ ဦးကြွက်နီအစရှိသော လူကြီးတစ်စုတို့က ပယောဂလူနာကုမရန်ခေါ်လာသောကြောင့် ကျွန်တော် ကိုကိုလေးမှာ ထိုအချိန်၌ ဦးသာဇံတို့နှင့်အတူ ဘုရားဒကာ ဦးဖောင်အိမ်သို့ ရောက်လာလေ၏။

ရောက်လျှင်ရောက်ချင်းပင် အကျိုးအကြောင်းတွေ ဝိုင်းပြောကြ၍ ကျွန်တော့်မှာ နားရည်ဝသွားရာ ဆရာအောင်ဆိုသူမှာကား ဘယ်သို့ တိမ်းရှောင်ထွက်ပြေးသည်မသိ၊ ရုတ်တရက်ပျောက်ကွယ်သွားလေ၏။ ထိုအခိုက်မှာပင် လမ်းပေါ်မှ ဆူဆူညံညံအသံတို့ကို ကြားရပြီး ဦးဖောင်ကိုလည်း ဝါးကပ်ကြီးနှင့် ထမ်းယူလာကြသော လူထုကြီးကို တွေ့ရလေ၏။

"ဟော ဟော မိလာပြီ"

ဟု ပြောကြသဖြင့် အနီးရောက်အောင်စောင့်ကြည့်နေရာ ဦးဖောင်မှာ လိုဏ်သံကြီးကဲ့သို့ တဟီးဟီးညည်းညူရှုန်းကန်ရင်းပါလာရာ အိမ်ရှေ့သို့ရောက်၍ အထမ်းကြီးကိုချထားပြီး အားလုံးဝိုင်းကြည့်နေသည့်တိုင်အောင် မျက်လုံးကြောင်ကြီးနှင့် ရုန်းလျက်ရှိပေသေး၏။

"ကြည့်ပါဦးဆရာရယ်၊ တစ်ကိုယ်လုံး သေနတ်ကျည်ဆံတွေ ပွနေတာပဲ။ ဒီဟာနဲ့တောင် သွေးတစ်စက်မထွက် ဟောက်ပက်ကြီးတွေတင်ကျန်ရစ်တာ လူစင်စစ်သာဆိုရင် သူ့ရင်ညွန့်ကဒဏ်ရာတစ်ချက်တည်းနဲ့ သေစရာပဲ"

ဟု ပြောကြသောကြောင့် ကျွန်တော်လည်း သေချာစွာငုံ့ကြည့်လျှင် အပေါက်လိုက် အပေါက်လိုက်ထင်နေသော ဒဏ်ရာများမှာ အလွန်တရာပုပ်

ဟောင်သော အနံ့များ မခံမရပ်နိုင်အောင် ထွက်လျက်ရှိသည်ကို တွေ့ရလေ၏။

"ကိုင်း ကိုင်း ဒီလိုကြည့်နေလို့ မပြီးသေးဘူး။ ဟောဒီက ပုလိပ်တွေကလဲ ဘုရားဒကာ ဦးဖောင်ကို လူသတ်မှုနဲ့ဖမ်းဖို့ တန်းလန်းကြီးစောင့်နေတယ်။ ဒီတော့ ဆရာက သမင်မှန်း ရှင်မှန်းသိရအောင် တဆိတ်လောက်ခွဲခြားပေးပါ ဆရာလေးရဲ့"

ဟု မောင်တင်နှင့်တကွ ဦးသာဇံ အမှူးရှိသော လူတစ်စုက ပြောသဖြင့် ကျွန်တော်လည်း ဦးဖောင်တွင် ချည်နှောင်ထားသောကြိုးများကို ဖြေစေပြီး ဂုဏ်တော်ပုတီးနှင့် စွတ်လိုက်လျှင်ပင် ဦးဖောင်မှာ ကြိုးနှင့်ချည်နှောင်ထားသည်ထက် တွန့်လိမ်လှုပ်ရှားညည်းညူကာ -

"ကြောက်လှပါပြီ၊ ကြောက်လှပါပြီ။ ပူလှချေရဲ့ ဆရာရေ . . . ဆရာအောင်ရဲ့။ ဆရာ့တပည့်ကို မကယ်တော့ဘူးလား။ မမိ . . . မမိ . . . ခင်ဗျားကြည့်နေသလား"

ဟု အော်လျှင် မမိတွင် မိမိအမှုပေါ်မည်စိုး၍ လူကြားထဲကတိုး၍ ပြေးထွက်မည်ပြုလျှင် မောင်တင်လည်း လျင်မြန်စွာ ဆွဲဖမ်းထားပြီး-

"ခင်ဗျားကြီး ဘယ်မှမသွားနဲ့၊ ဒီအမှု ခင်ဗျားအကုန်သိရမယ်။ ခင်ဗျားတို့လုပ်တဲ့အလုပ်"

ဟု ဇွတ်ဆွဲဖမ်းထားသောကြောင့် မမိမှာလည်း နောင်တကြီးစွာ ရလျက် တစ်ချက် တစ်ချက်ငိုရှိုက်ကာ-

"မာမီ မှားပါပြီမောင်တင်ရယ်၊ မာမိကို ချမ်းသာပေးပါ"

ဟု အခါခါတောင်းပန်လျှင် ကျွန်တော်ကလည်း ဝင်၍-

"ကိုင်း ခင်ဗျားတို့ ဘယ်လိုရှုပ်ကြတယ်ဆိုတာ မှန်ရာကိုအစစ်ခံပေတော့။ ဒီလိုမှန်တဲ့အတိုင်းဝန်ခံရင် အပြစ်မယူဖို့ ကျွန်တော်တောင်းပန်ပေးမယ်"

ဟုဆို၍ မမိမှာလည်း လွန်စွာကြောက်ရွံ့သွားရှာဘိအလား နောင်တတရား ကြီးစွာရလျက် ဦးဖောင်အသက်ငင်နေသည်ကစ၍ သချိုင်းထုတ်ယူ

သွားပုံ၊ ဆရာအောင်တို့ ဆရာအဆက်ဆက် လက်သပ်မွေး၍ခိုင်းလာခဲ့သော သဘက်အကြီးစား ဘီလူးငမောက်ကြီး၏ ဝိညာဉ်ကိုအစားသွင်း၍ စာချုပ်ကို အပြင်ခိုင်းသည်တို့ပါ အလုံးစုံပြန်ပြောရှာလေ၏။

"ကိုင်း ကိုင်း မမိမှားတာလဲ နောင်တရပါပြီ။ မောင်တင်တို့က အမျက်မထားပါနဲ့တော့။ ဦးဖောင် မူလရေးခဲ့တဲ့စာချုပ်အတိုင်း အိမ်နဲ့လယ်တွေကို ပေးလိုက်ပါ။ နောက်တစ်ခါလဲ သူမပြစ်မှားဝံ့ပါဘူး"

ဟု ဖျန်ဖြေ၍ ကျေအေးသွားသော်လည်း ဦးဖောင်၏ကိုယ်ကြီးမှ ဘီလူးငမောက်ကြီးထွက်ခွာရန်ကိစ္စ ကျန်သေးသဖြင့် ပုတီးကိုမ,ကာ-

"ဘယ့်နှယ်လဲ ဆရာအောင်ရဲ့တပည့် ငမောက်ကြီး၊ မင်း ဘယ့်နှယ်ကြောင့် မြို့ထဲ ရွာထဲ ဝင်စော်ကားချင်ရသလဲ"

ဟု မေးရာ ငမောက်ကြီးလည်း ကြောက်လှရှာသဖြင့်-

"ကျွန်တော့်သဘောနဲ့ လုပ်ရတာမဟုတ်ပါဘူး ဆရာရယ်။ ဆရာအောင်ကိုက အာဏာ ပါဏာတွေပြပြီး ခိုင်းတော့ မလွှဲသာလို့လုပ်ရတာပါ။ ဒါပေတဲ့ သူတို့က အင်မတန်ကံကောင်းနေတဲ့အခါမို့ နှိပ်စက်လို့မရပါဘူး"

"ကဲ ကဲ မင်းသွားလိုရာသွားတော့"

"အမယ်လေး ဒီလိုမျိုးသွားလို့ရရင် သွားချင်လှပါတယ်ဆရာရယ်။ နံနက်က လူတွေလိုက်ဖမ်းကတည်းက ထွက်သွားမှာပေါ့"

"ဖုတ်ဝင်သလိုဝင်တာပဲ ဘာပြုလို့ မထွက်နိုင်ရမှာတုံး"

"ဖုတ်ဝင်တာက ကိုယ့်သဘောနဲ့ကိုယ်ဝင်ရတာဆိုတော့ ကိုယ်ထွက်သွားချင်တဲ့အချိန် ထွက်သွားနိုင်တယ်။ ခုတော့ ကိုယ့်သဘောနဲ့ကိုယ် ဝင်ရတာလဲမဟုတ်ဘဲ ဆရာက ဖွတ်ဆွဲသွင်းလို့ဝင်ရပြီး သူ့ဆေးတွေနဲ့ ကာကွယ်ချုပ်တည်းထားလို့ သူက ဖြေမလွှတ်ဘဲ ဘယ်မှမထွက်နိုင်ဘူးဆရာ။ ဆရာ လွှတ်နိုင်ရင် တဆိတ်လွှတ်ပါ"

"ဩော် ဒီလိုလား။ ကိုင်း ကိုင်း ဖုတ်ခွာဆေးနဲ့ ခွာထုတ်ရမှာပေါ့လေ။ မောင်တင် ဘုရားဒကာအိပ်တဲ့ ခုတင် ဒီနေရာမှာပြင်စမ်း"

ဟု ပြောလျှင် မကြာမီ ဦးဖောင် အိပ်သော တစ်ယောက်အိပ်ခုတင် ကလေးကို မှိုင်းလုံးကော်ဇောကြီးခင်းကာ ကတ္တီပါခေါင်းအုံး နှစ်လုံးဆင့်နှင့် ပြင်ဆင်ပြီး ဖြစ်လာလေ၏။

"ကိုင်း ငမောက်ကြီး ဒီပေါ်တက်အိပ်"

ဟု ခိုင်း၍ ငမောက်ကြီးလည်း ခုတင်ပေါ်တွင် ပက်လက်ကြီးလှန်၍ အိပ်လေ၏။ ကျွန်တော်လည်း ဖုတ်ခွာဆေးနှင့် ဦးဖောင်၏ကိုယ်ပေါ်ကိုပက် ဖျန်းလိုက်ရာ ငမောက်ကြီး စွဲဝင်နေသော ဦးဖောင်၏ကိုယ်ခန္ဓာမှာ တစ်ခါ တည်း ငြိမ်သက်၍သွားပြီး အပုပ်နံ့ကြီးထောင်းထောင်းထလာလေတော့၏။

"ခုမှထွက်သွားပြီ၊ ထွက်သွားပြီ"

ဟု ပြောသံများနှင့် အပုပ်နံ့ကို မခံမရပ်နိုင်သဖြင့် ဖမ်းဆီးရန်လာ သော ပုလိပ်များနှင့် အရပ်သူအရပ်သားတို့မှာ-

"အင်း တယ်အံ့စရာကောင်းပါကလား။ ဘုရားဒကာ . . . ဘုရား ဒကာ သေပြီးတာတောင် အေးအေးမနေရရှာဘူးနော်။ အလောင်းကြီး တော်တော်ဒုက္ခရောက်လိုက်ရရှာသေးတယ်။ အင်း ပစ္စည်း ပစ္စည်း ပစ္စည်းများ တယ်ရန် များပါကလား"

ဟု ပြောကာ ပြန်သွားကြလျှင် ဦးသာဇံတို့လူစုနှင့် အခြားရင်းနှီးသော လူများသာကျန်ရစ်ကြလေရာ မြရွှေမှာလည်း -

"အို အဖေရဲ့ သေကံဆိုးလေခြင်း အဖေရဲ့။ အလောင်းမှ လှလှမ သင်္ဂြိုဟ်ရပါကကား။ ဖေဖေ မယားယူကောင်းလွန်းလို့ မသာလောင်းဖြစ်တာ တောင် အရှက်တကွဲ ကျော်မကောင်း ကြားမကောင်းဖြစ်ပါကလား ဖေဖေရဲ့"

ဟု မိန်းမပီပီ လျှာရှည်ရှည်နှင့် ဖွဲ့နွဲ့ငိုယိုလေရာ တစ်ချောင်တွင် ကုတ်ကုတ်ကလေးထိုင်နေရှာသော မမိမှာ ဘာမှမပြောဝံ့ဘဲ မိမိအပြစ်နှင့် မိမိအလိုက်သိစွာ ခေါင်းငုံ့ပြီး တရှုံ့ရှုံ့ငို၍နေရှာလေ၏။

ကျွန်တော်လည်း ဦးဖောင်၏ဈာပနပြီးစီးသည့်တိုင်အောင်နေထိုင်ပြီး ဦးသာဇံတို့က ပစ္စည်းများကို ခွဲဝေပေးသောအခါ မမိမှာ မိမိအတွက်ရသော

အိမ်နှင့်လယ်များကို မယူတော့ဘဲ သွားလေသူအတွက် ရေစက်ချလှူဒါန်းပြီး ဗန်းတစ်ချပ်နှင့် သီလရှင်ဇရပ်သို့ ပြောင်းရွှေ့နေထိုင်ကာ လောကုတ္တရာရေးကို အကြီးအကျယ်လိုက်စား၍နေကြောင်း သိရလေတော့သတည်း။

✦ ✦ ✦

# တစ်ပွဲစား

(၁၉၃၆-ခု၊ မေလတွင် ရေးသားခဲ့သည်။)

အောက်မြန်မာပြည် ဟံသာဝတီခရိုင်အပါအဝင် မြစ်ဝကျွန်းပေါ် အရပ်ဖြစ်သော အချို့ဌာနများတွင် ပေါများလှသော ချောင်း၊ မြောင်း၊ အင်း၊ အိုင်များကို အမှီပြုလျက် အသက်မွေးဝမ်းကျောင်းအလို့ငှာ တံငါအလုပ်ဖြင့် လုပ်ကိုင်စားသောက်ကြရရှာသော အင်းကြီး အိုင်ကြီးတို့အနီးအပါးမှ မြို့၊ ရွာကလေးများရှိ လူအချို့မှာ အများအားဖြင့် အခြားအလုပ်ဆို၍လည်း ဟုတ်ဟုတ်ငြားငြား လုပ်ကိုင်စားသောက်စရာ မရှိသည်ဖြစ်လေရာ-

အင်းအလုပ် တံငါအလုပ်တို့ဖြင့်သာ လုပ်ကိုင်စားသောက်ရရှာသည် ဖြစ်သောကြောင့် ပစ္စည်းအင်အားရှိသောသူများက အင်းကန်ထရိုက်ဆွဲ၍ ပစ္စည်းအင်အားနည်းသောလူများကမူ ပိုက်ချ၊ ပိုက်ဆွဲ၊ ငါးခြောက်ခွဲ၊ ငါးပိနယ်စသော အလုပ်များဖြင့်သာ နေ့စားအငှားလုပ်ကိုင်စားသောက်ကြရရာ ထိုသူတို့မှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများပင် ဖြစ်သော်ငြားလည်း အကုသိုလ်အလုပ်နှင့်ပင် လုပ်ကိုင်၍ အသက်မွေးမှု သမုဒ္ဒရာဝမ်းတစ်ထွာကို စွန့်စားပြုလုပ်ရခြင်းကြောင့် ငရဲဘေးကိုတွေး၍မကြောက်နိုင်ရှိကြလေ၏။

အင်းသူကြီး ဦးမင်းမောင်မှာ ငယ်စဉ်အခါ တံငါလုပ်ကိုင်စားသောက်သော မိဘများ၏လက်ထက်ကပင် ငါးဖမ်း၊ ငါးနိုက်၊ ငါးရိုက်၊ ငါးခွဲစသော အလုပ်တို့နှင့် ကြီးပြင်းကာ အိမ်ထောင်ကျ၍ သားသမီးရသောအခါတွင်လည်း ကိုယ်ပိုင်လှေကလေးတစ်စီးကိုစီးလျက် တံငါအလုပ်ဖြင့် အသက်မွေးမြူလာခဲ့ရာ အိမ်သူဇနီး မဖွားကြီးကလည်း လင်နှင့်နည်းတူ တစ်ဖက်တစ်လမ်းက ငါးလုပ်ငန်းနှင့်ပင် စီးပွားရှာခဲ့သဖြင့် သားသမီးများ ကြီးပြင်းလာသောအခါ-

ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝလာသောကြောင့် အင်းကြီးတစ်ခုကို လေလံဆွဲယူကာ မိမိတို့ဇနီးမောင်နှံကိုယ်တိုင် ဦးစီးဦးကိုင်ပြုလျက် တပည့်လက်သားများစွာနှင့် အားကြိုးမာန်တက်လုပ်ကိုင်ခဲ့ကြရာ အလုပ်အကိုင်ကလည်း တစ်နှစ်ထက်တစ်နှစ် ဖြောင့်တန်း၍ စီးပွားလမ်းကလည်း တစ်နေ့တခြား ကြီးပွားတိုးတက်လာခဲ့ရာ အင်းပိုင်သူကြီးအလုပ်မှာ အကုသိုလ် အလွန်များသောအလုပ်ဖြစ်သောကြောင့် သုံးနှစ်သာလျှင် လုပ်ရိုးထုံးစံဖြစ်သော်လည်း-

ဦးမင်းမောင်မှာ ထိုအလုပ်ကို ကောင်းစွာနိုင်နင်းသည့်အပြင် ထိုအလုပ်နှင့်အထူးအကျိုးပေးနေသော အခိုက်အခါဖြစ်လေရာ အခြားသောအင်းသူကြီးတို့၏ ထုံးစံကိုမလိုက်နိုင်ဘဲ အင်းလိုင်စင်ကိုသုံးနှစ်စေ့တိုင်း စေ့တိုင်း ဆက်ကာဆက်ကာခံယူလျက် အဆက်မပြတ်အောင် လုပ်ကိုင်လာခဲ့လေသတည်း။

ဦးမင်းမောင်တို့ ငါးလုပ်သောအင်းကြီးမှာ အခြားအင်းများထက်ပို၍ ငါးထွက်လေ၏။ ထိုအရပ်ရှိ မြစ်၊ ချောင်း၊ အင်းအိုင်ဟူသမျှကိုလည်း မည်သည့်ချောင်း မည်သည့်နေရာတွင် မည်သည့်ငါးများပေါ၍ မည်သည့်အိုင်၊ မည်သည့်အင်းတို့၏ မည်သည့်နေရာတွင် မည်သည့်ငါးတွေရှိကြောင်းကိုပါ အသေအချာပြောနိုင်အောင် ထိုအရပ်တစ်ခွင်ရှိ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများကို ခြေရာချင်းထပ်အောင် နှံ့စပ်လုပ်ကိုင်လာဖူးသူ ဖြစ်လေရာ မိမိအတွက် လိုင်စင်ယူသော အခါလည်း အကောင်းဆုံးနှင့် ငါးအပေါဆုံးအင်းကြီးကို မိမိ၏ထူးကဲထက်မြက်သော ဉာဏ်အမြော်အမြင်ဖြင့် တမင်ရွေးချယ်ယူထားခြင်းဖြစ်ရာ-

သားငါးများမှာ ကျောက်ခဲသလဲကိုကြုံးယူရသလို အင်းတစ်ခွင်ပိုက်ချသောလှေငယ်လှေကြီးအသီးသီးတို့မှာ ငါးပုဇွန်တွေလှေဝမ်းနှင့်အပြည့်အဖြိုး

ဖွေးဖွေးလျှံလျှံနေ့စဉ်အမြဲ မှန်မှန်ကြီးရ၍ နေပြီးလျှင် နေ့စဉ်နေ့စဉ်လည်း ဦးမင်းမောင်မှာ အင်းထဲတွင် လောင်းကလေးတစ်စီးနှင့် တစ်ယောက်တည်းလှော်ခတ်ကာ ငါးဖမ်းသော တပည့်တို့၏ လှေများရှိရာသို့လိုက်ကာ -

"ဟေ့ . . . မောင်ထိုက်တို့ ပိုက်ချရင် အင်းပေါင်စောင်းက 'ထိန်' ပင်နားမှာချ ငါးသလောက်တွေရလိမ့်မယ်ဟေ့"

ဟု ပြောလိုက်လျှင် အဟုတ်ပင်ငါးသလောက်တွေ လှေပြည့်အောင် ရတတ်လျက် -

"မောင်သက်တို့လှေက ရေလယ်ခေါင်မှာဖမ်းဟေ့ ငါးကြီးတွေရှိတယ်"

ဟု ပြောသောအခါလည်း ငါးကြီးတွေသာ လှေအပြည့်ရတတ်၍ -

"မောင်မြတ်ပေါ်တို့က အနောက်ဘက် ကမ်းစပ်မှာ ဖမ်းကြဟေ့ ငါးမြင်းကောင်ကြီးတွေရမယ်"

ဟု ပြောလျှင် အဟုတ်ပင် ငါးမြင်းကောင်ကြီးတွေကို ရတတ်လေရာ များစွာသော ငါးဖမ်းတပည့်များမှာ ဦးမင်းမောင်၏ အမိန့်ကို နာခံလျက် ၎င်း၏ လက်ညှိုးညွှန်ရာကိုသာ ဖမ်းကြရခြင်းကြောင့် မပင်မပန်းနေမကုန်ခမ်းခင် ငါးတွေလှေအပြည့်ရ၍ နေကြလေရာ -

ထိုအကြောင်းကိုသိရှိသော အချို့အပြင်လူများမှာ မိမိတို့ဘာသာ သားငါးအရှာသွားမည် ကြံသောအခါတွင် ဦးမင်းမောင်ကိုဝင်၍ ခယမေးမြန်းခြင်းဖြင့် ဦးမင်းမောင်ထိုင်ရာမထညွှန်ပြသော ချောင်း၊ မြောင်း၊ အင်း၊ အိုင်တို့တွင် သွားရောက်ဖမ်းကြသောအခါ မိမိတို့သဘောနှင့် ထင်ရာအရပ်တွင် ဖမ်းကြသည်နှင့်မတူ ဆူဖြိုးသော ငါးကြီး၊ ငါးကောင်းတွေကိုရကြသဖြင့် အပြန်တွင် ဦးမင်းမောင်အတွက် ဟင်းစားအလို့ငှာ အဆူဆုံးနှင့် အကောင်းဆုံးငါးတစ်ကောင်စ နှစ်ကောင်စ ပို့လာကြမြဲဖြစ်၏။

ဦးမင်းမောင်ထိုမျှကျင်လည်သလောက် ဇနီးဒေါ်ဖွားကြီးနှင့် သားသမီးတွေကလည်း အလုပ်သမားများအပေါ်တွင် အအုပ်အစီးကောင်းလျက် အင်းထဲက နေ့စဉ်ကျလာသမျှ ငါး၊ ပုဇွန်တို့ကို တလင်းတွင် အရှင်လတ်လတ် ခြံခ၀ဲ့မှုပုံကာ မိန်းမ၊ ယောကျ်ားအလုပ်သမားတွေကို ငါးအကြီးအငယ်၊ အရွယ်အလတ်၊

အမျိုးအစား၊ တသတ်တသတ်စီရွေးချယ်ပြီးနောက် ပုဇွန်အသေးအဖွဲ့နှင့် ငါး အသေးအဖွဲ့တွေကို ငါးပိလုပ်ခြင်းဆိုင်ရာသို့ တောင်းကြီးတွေနှင့် သယ်ကာပို့စေပြီး ခွန်အားကြီးမားသော ယောကျ်ားကြီးများက အရှင်လတ်လတ် မောင်းနှင့်ထည့်၍ ငါးပိဖြစ်အောင်ထောင်းကြလျက်-

ငါးရံ့ခြောက်လုပ်ငန်းဘက်ဆိုင်ရာကလည်း မိန်းမတသိုက်က ငါးရံ့ကြီးငယ်တို့ကို အရှင်လတ်လတ်ခေါင်းဖြတ်သတ်သူကသတ်၊ ရင်ခွဲ၍ အူအသည်းကော်ထုတ်ကာ ငါးရံ့ခြောက်ဖြစ်အောင်ခွဲ၍ ဆားတလင်းထဲပစ်သူကတသပ်၊ အသက်ပြင်းသောငါးရံ့တွေမှာ ခေါင်းဖြတ်ရင်ခွဲ ကိုယ်အစိပ်စိပ်ကွဲနေရာမှာပင် ဆားထဲတွင် ဆိုးဆိုးဆပ်ဆပ်နှင့် အမြီးဖျားကလေးတွေ တဖျပ်ဖျပ်ဖြစ်နေရှာရာတွင် အထက်အောက်လှန်၍ နေပူခံပေးသူကပေးပြီး ငါးကျည်းကျပ်တင်ခြင်းဆိုင်ရာမှာလည်း နေပူထဲတွင် ငါးကျည်းအရှင်တွေကို အရေစစ်အောင်တစ်နေကုန် ထားကာ နေအေးသောအချိန်-

ကျပ်ခိုးစင်ငယ်များပေါ်သို့ မသေမရှင်ဖြစ်နေသော ငါးတွေကိုတင်လျက် အောက်မှမီးဖိုပြီး မီးရဲရဲနှင့်ကျပ်တင်လေရာ မသေမရှင်နှင့် ဒုက္ခဝေဒနာခံစားနေရရှာသော ငါးကျည်းများမှာ မီးဓာတ်ကြောင့်မကြာမီ မြန်မာများ မြိန်ရှက်မြတ်နိုးစွာ စားကြသော ငါးကျည်းခြောက်ဘဝသို့ ရောက်ကြရှာရသောအလုပ်များနှင့် မသေမရှင် ပုဇွန်ထုပ်တွေကို ခေါင်းချိုးသူကတသိုက်၊ ကိုယ်ပိုင်းကိုဝါးတံစို့နှင့်ထိုးသီ၍ မီးတင်၊ ကျပ်တိုက်ပုဇွန်ကင်အဖြစ် ဆိုက်ရောက်အောင်လုပ်ကိုင်ကြသူတွေကတစ်မျိုး၊ ဒယ်အိုးကြီးငယ်တွင် ယခင်ခေါင်းချိုးထားသော ပုဇွန်ခေါင်းများမှ ပုဇွန်ဆီများကို မြန်မာပြည်အနှံ့အပြားစားသောက်ကြရန်တင်ပို့သည့်ဘက်ကတစ်ဌာန၊ အချို့မှာ ပုဇွန်ချဉ်ထည့် ပုဇွန်ငါးပိလုပ်၊ ငါးမြင်းခေါင်းကြီးတွေခုတ်ထစ်၍ ငါးပိတစ်ကြီးလုပ်သူတို့ကတသွယ် အကြီးအကျယ်လုပ်ငန်းသားပေါင်း မြောက်မြားစွာတို့ကို အလုပ်ပေးထားနိုင်လေရာ -

ယောကျ်ား၊ မိန်းမ၊ အမယ်အို၊ အဘိုးအိုအစ ကလေးငယ်အဆုံး၊ မိမိတို့ ခွန်အားနှင့်နိုင်ရာ နိုင်ရာအလုပ်တို့ကို လုပ်ကြရပြီး၊ အချို့အမယ်ကြီး၊

အဘိုးကြီးတွေမှာ ကျင့်သားရနေသောကြောင့် ခေါင်းဖြတ်ရမည့် ငါးရံ့ကြီးများ၊ ဖမ်းမနိုင်ကိုင်မရ၊ တဖျပ်ဖျပ်ကော့လှန်ရုန်းကန်နေသည်တို့ကို လက်ရိုက်တုတ်ကြီးနှင့် ထုနှက်သလို အဆက်မပြတ် တစ်ကောင်ပြီးတစ်ကောင် ခေါင်းပြောင်ပြောင်ကိုရိုက်သတ်ပေး၍ ခေါင်းဖြတ်ရင်ခွဲသော အလုပ်များကို လူငယ်များထက် ဖျတ်လပ်ကျင်လည်ရှာပြီးလျှင် အင်းသူကြီး ဦးမင်းမောင်၏ အ, ကုသိုလ် အလုပ်ကြီးကို အသီးသီးဝေစုခွဲယူနေသကဲ့သို့ရှိလေ၏။

ဦးမင်းမောင်မှာ အသက်လေးဆယ်ကျော်လာသော်လည်း သန်မာထွားကြိုင်းသော လူကြီးတစ်ယောက်ဖြစ်ပြီးလျှင် ငယ်စဉ်ကမည်းမည်းတုတ်တုတ် ဂင်တိုရုပ်မျိုးမှာ ယခုကဲ့သို့ကြီးရင့်လာသည့်အခါ အ,ကုသိုလ်တွေကလည်း အားကြီးရှာသဖြင့် ကျက်သရေမရှိ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းတွဲတွဲနှင့် အသားအရေများမှာလည်း အလွန်လျှင် ကြမ်းတမ်းခက်ထရော်ကာ အစားအစာများကိုလည်း လောဘတကြီးစားသောက်တတ်ကာ မိမိသားမယားမှ တစ်ပါး အခြားသူများတို့ကိုကား သနားကြင်နာသောစိတ်များ မရှိသလောက်ရှားပါးလေ၏။

ဒေါ်ဖွားကြီးမှာမူကား မိမိတို့ အကုသိုလ်အလုပ်ကြီးကို စီးပွားပင်ဖြစ်သော်လည်း တစ်ခါတရံ သတိသံဝေဂရလာပြီးလျှင် ထိုအလုပ်ကိုရုပ်သိမ်းရန်၊ မိမိလင်ယောကျ်ားဖြစ်သူ ဦးမင်းမောင်ကိုပြောသောအခါ ဦးမင်းမောင်မှာ အလွန်စီးပွားဖြစ်နေသော အလုပ်ဖြစ်၍ လက်မလွှတ်နိုင်အောင်ရှိလေရာ ဒေါ်ဖွားကြီးမှာ သံသရာဘေးကြီးကိုတွေးပြီး စိုးရိမ်ရှာသဖြင့် တစ်ခါတရံမှာ-

"ကိုမင်းမောင်ရယ် တော်တို့ကျုပ်တို့မှာ အကုသိုလ်အလုပ်ကြီးကို လုပ်ကိုင်လို့ စီးပွားလဲဖြစ်လှပြီ။ ကုသိုလ်ကောင်းမှုကလေးလုပ်ကြပါဦးစို့"

ဟု ပြောသောကြောင့် မိမိတို့သားကလေးမောင်တာတီးကို ရှင်ပြုသက်န်းဆီးရန် အကြံပြုကာ အလှူကိစ္စအတွက် စီမံကြလေရာ သားကလေး 'တာတီး'မှာ မာမာသန်သန်ကြီးက ရုတ်တရက်ဝေဒနာရပြီး သေဆုံးသွားသဖြင့် ယူကြုံးမရဖြစ်နေကြရာမှ ကာလကြာပြန်သော်-

ကုသိုလ်ရေးအတွက်ဆက်လက်၍ 'ရှင့်တကာ' ခံကြရန် သူတစ်ထူးတို့၏ သားကလေးများကို ရှင်ပြုရန်စီမံကြပြန်ရာ ရှင်ပြုရန် ရည်မှန်းသောသူငယ်တို့မှာလည်း ရေနစ်၍သော်လည်းကောင်း၊ ဖျားနာ၍သော်လည်းကောင်း၊ တစ်နည်းနည်းနှင့် သေတတ်ကြပြန်သဖြင့် နောက်ဆုံးတွင် မည်သည့်ကလေးကိုမျှ ရှင်ပြုပေးရန် မကြံရွယ်ဝံ့သလောက် ရှိလေတော့၏။

ထိုသို့ဖြစ်သော်လည်း ဦးမင်းမောင်နှင့် ဒေါ်ဖွားကြီးတို့မှာ ကုသိုလ်ကောင်းမှုပြုရန် အလွန်တရာ စိတ်အားထက်သန်နေကြသောကြောင့် တစ်မျိုးတစ်ဖုံ စိတ်ကူးထုတ်ကြပြန်ရာ မြန်မာပြည်ရှိ တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြော်၍ ရွှေသက်န်းများ ကပ်လှူရန် အကြံပေါ်ပေါက်လာကြရာ အင်းအလုပ်ကြီးကို ယုံကြည်စိတ်ချရသော သူများကို ခေတ္တလွှဲအပ်ထားခဲ့ပြီး၊ သားသမီးဆွေမျိုးတစ်စုနှင့်တကွ အချို့သော တပည့်များကိုပါ ခေါ်လျက် ရှေးဦးစွာရွှေတိဂုံစေတီတော်ကြီးတည်ရှိတော်မူရာ ရန်ကုန်မြို့ကြီးသို့ ရောက်လာကြလေ၏။

ဦးမင်းမောင်နှင့်တကွ ဒေါ်ဖွားကြီး သားသမီးတစ်စုတို့မှာ ပစ္စည်းဥစ္စာပြည့်စုံသလောက် စေတနာသဒ္ဓါတရားကလည်း ပေါက်ကြသောကြောင့် ငွေနှစ်သောင်းကျော်ဖိုး ရွှေဆိုင်းများ ဝယ်ယူကြကာ ရွှေတိဂုံစေတီတော်ကြီးကို ရွှေသက်န်းကပ်လှူရန် ကုန်းတော်ပေါ်သို့ ဝမ်းမြောက်ဝမ်းသာ တက်ကြလေ၏။

ဦးမင်းမောင်မှာလည်း တစ်သက်လုံး မကောင်းမှု အကုသိုလ်တွေကိုသာ လုပ်လာရာမှ ယခုအခါ စေတနာသန်သန်နှင့် ကောင်းမှုကုသိုလ်ပြုရန် အထမြောက်ခဲ့သည်ဖြစ်ရာ အလှူဒါနပြုရမည့်အရေးကို တစိမ့်စိမ့်တွေး၍ ဝမ်းသာလျက် စိတ်အားထက်သန်၍ နေရှာလေ၏။

သို့နှင့် အသီးသီး ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်သို့ ရောက်လာကြလေရာ ပါလာသူတို့လည်း အသီးသီး စေတီတော်ကြီးရှိရာသို့ ရှိသေစွာ တိုင်၍ ဦးချရှိခိုးကြသည့်အခါ ဦးမင်းမောင်မှာ ယောင်ချာချာနှင့် တောင်ကြည့် မြောက်ကြည့် ကြည့်လျက် -

"ဟဲ့ ဖွားကြီးရဲ့၊ နင်တို့ဘာကို ရှိခိုးနေကြတာလဲ"

ဟုမေးလျှင် . . .

"ကျုပ်တို့ ရွှေတိဂုံဘုရားကြီးကို ရှိခိုးကြတာပေါ့တော့ တော့မှာလဲ အလှူဒကာဆိုပြီး ယောင်ချာချာလုပ်မနေနဲ့လေ ဘုရားကို ကန်တော့ပါတော့လား။ ရွှေဆိုင်းများလည်း ရေစက်ချရဦးမယ်"

ဟု ဒေါ်ဖွားကြီးက ပြန်ပြောသည့်တိုင်အောင် ဝေ့လည်လည်ဖြစ်နေကာ

"အေး ရေစက်ချရမှာ ငါသိပါတယ်ဟဲ့၊ ဘုရားက ဘယ်မှာလဲ"

ဟု မေးပြန်လျှင်

"ဩော် ကိုမင်းမောင်နှယ်၊ ရှင့် ရှေ့တည့်တည့်က ရွှေတောင်ကြီးလို မားမားမြင်ရတဲ့ စေတီတော်ကြီးဟာ ရွှေတိဂုံဘုရားကြီးပေါ့တော့။ ကိုင်း ကိုင်း ထိုင်၊ ဘုရားကန်တော့"

ဟု ပြောလိုက်မှ မိမိရှေ့တည့်တည့်သို့ မော်ကြည့်လိုက်ရာ ဦးမင်းမောင်၏ မျက်လုံးထဲတွင် ဘာကိုမျှ မမြင်ရဘဲ လဟာပြင်ကြီးသာ ဖြစ်နေသဖြင့်

"ဟဲ့ ဖွားကြီးရဲ့ ငါ့ရှေ့မှာ ဘာမှ မရှိပါကလား။ ငါ့ မျက်စိထဲ ဘုရားနဲ့တူတာ မြေပုံစူစူတောင် မတွေ့ရပါဘူး။ နင်တို့ ရူးများနေကြသလား"

ဟု ပြောရာ ဒေါ်ဖွားကြီးမှာ စိတ်တိုရှ်ိ လာပြီး

"အမယ်လေး တော့ မျက်စိကြီးနှစ်လုံး တိမ်ဖုံးနေသလား။ တော့ ရှေ့ကဟာ ဘုရားကြီးတော့ ငယ်တာမှတ်လို့ မြင့်မြင့်မားမား ရွှေတောင်ကြီး အလား ထင်းထင်းဝင်းဝင်းကြီးပါ။ သေသေချာချာများ ကြည့်စမ်းပါဦး"

ဟု ပြောသည်တိုင်အောင် ဦးမင်းမောင်တွင် ရှေ့တည့်တည့်၌ လဟာပြင်ကြီးသာ မြင်မြဲမြင်နေရသဖြင့် ရှေ့နောက်ဝဲယာ သွက်သွက်ခါအောင် လှည့်လည်ကြည့်ရှုရာ၌လည်း ဘာမျှ မမြင်ရဘဲရှိရာ -

"ဒီမှာ ဒီမှာ တော့နောက် တော့နံဘေးတွေ ကြည့်မနေနဲ့၊ ရှေ့တည့်တည့်မှာ ရောမဘုရားကြီး။ ဟော ဟောဒါပဲ။ ကဲ မြင်ပြီလား"

ဟု ဦးမင်းမောင်၏ပခုံးကြီးကို ဆွဲလှည့်ကာ ဘုရားကြီးရှိရာသို့ လက်ညှိုးထိုးပြသောအခါ ဦးမင်းမောင်မှာ မျက်လုံးကို ဖြဲ၍ ကြည့်ရှာလေ၏။ အနီးအနားရှိ သားမယား ဆွေမျိုးတို့ကလည်း အသီးသီးပင်

"အဖေ ရှေ့ကဟာ ရွှေတိဂုံဘုရားကြီး အဖေရဲ့"

ဟု လည်းကောင်း

"ဘကြီးမျက်နှာပြုထားတဲ့ ရှေ့တည့်တည့်က ရောမရွှေစေတီကြီးဟာ ရွှေတိဂုံမြတ်စွာဘုရားပေါ့"

ဟုလည်းကောင်း အသီးသီးတစ်ယောက်တစ်ပါးစပ် ဝိုင်းပြောကြပြန်သဖြင့် စိတ်အားထက်သန်စွာ မျက်လုံးကို ဖြဲကြည့်နေရှာသော ဦးမင်းမောင်မှာ မိမိမျက်လုံးထဲတွင် တစ်စုံတစ်ရာမျှ မမြင်ရရှာဘဲ လဟာပြင်ကြီးနှင့် အနီးက တန်ဆောင်း ပြာသာဒ်တို့ကိုသာ ထင်ရှားစွာ မြင်ရလေ၏။

"ဟေ့ မင်းတို့ဘာပြောပြော ငါဘုရားကို မမြင်ရဘူး။ ဟိုဘက်က တန်ဆောင်းတွေ ဘာတွေတော့ မြင်ရတယ်"

ဟု ပြောရာမှ မိမိလှူရန် စေတနာထက်သန်စွာနှင့် ဆောင်ယူလာခဲ့ရသော ရွှေဆိုင်းများကို ကြည့်ကာ တစ်စုံတစ်ရာ တွေးတောမိသဖြင့် ဦးမင်းမောင်မှာ မချိလှိုက်လှဲဝမ်းနည်းကြီးနည်းလျက် အရှက်ကြီးရှက်လာသောကြောင့် မျက်ရည်များပင်ကျ၍ လာလေ၏။

ဒေါ်ဖွားကြီးနှင့်တကွ သားသမီးဆွေမျိုးတစ်စုတို့မှာ အလွန်တရာရက်စက်ကြမ်းတမ်းသော ဦးမင်းမောင်ဝမ်းနည်းစွာငိုရှာသည်ကို အံ့သြစွာစိုက်ကြည့်နေမိကြလျှင် ဦးမင်းမောင်မှာ သာလွန်ဝမ်းနည်းအရှက်ကြီးရှက်လျက် မျက်ရည်တွေတအားသွန်ကျလာကာ -

"ဖွားကြီး . . . ဖွားကြီး ငါတော့ဘဝဆုံးပြီ၊ အကုသိုလ်တွေအားကြီးလွန်းလို့ထင်ပါရဲ့၊ ဘုရားကို မမြင်ထိုက်တဲ့ အခြေရောက်ပေါ့ဟဲ့ -

ငါကြိုးကြိုးစားစားဝယ်ခဲ့ရတဲ့ ရွှေဆိုင်းတွေဟာ အလကားဖြစ်ကုန်ပါပေါ့ဟား၊ ငါ့အတွက် ဘုရားဖူးထိုက်တဲ့ ကုသိုလ်မရှိလို့ ဘုရားကြီးကိုမမြင်ရတဲ့ဟာ ငါလှူတဲ့ရွှေဆိုင်းတွေလဲ အလှူခံတော့မှာမဟုတ်ဘူး"

ဟု ဝမ်းနည်းစွာပြောရှာလျှင် သူ့ဇနီးဒေါ်ဖွားကြီးလည်း လင်ယောကျ်ား၏ ဖြစ်ထွေကို မျက်ရည်ကျလာကာ -

"ဒါကြောင့် ကျုပ်မပြောလား။ ဒီအင်းကို နောက်ထပ်မလုပ်ပါနဲ့ဆိုတာ မရဘူး။ တော် . . . လောဘကြီးပြီး ဆက်ဆက်လုပ်လာလို့ အကုသိုလ်တွေဒါလောက်များလာတာ၊ တခြားအင်းသူကြီးတွေများ ကြည့်ပါလား၊ ဘယ်လိုစီးပွားရေးတက်တက် သုံးနှစ်အပြင် ဆက်မလုပ်ကြဘူး။ ဒီတော့သူတို့မှာ အကုသိုလ်အလုပ်ပေတဲ့ လျှုခွင့်တန်းခွင့်ရနိုင်သေးတယ်။ ဒါဘယ်လိုလုပ်မလဲ လူကြားရင်လဲသိပ်ရှက်ဖို့ကောင်းတယ်"

ဟု ပြောဆိုငိုကြွေးပြန်ရာ ဦးမင်းမောင်မှာ ဝမ်းနည်းရှက်ကြောက်နေရာမှ တွေတွေကြီးစိုက်၍ စဉ်းစားနေပြီး ကြမ်းကြုတ်ခက်ထန် မျက်မာန်ရှိသော မျက်နှာကြီးသို့ ကူးပြောင်းလာကာ -

"ကဲ . . . လာကြဟေ့ ဘုရားကငါ့ကိုအတွေ့မခံလို့ရှိမှ ရှာပြန်မယ်။ ဘယ်ဘုရားတွေမှလဲ လည်မဖူးတော့ဘူး။ ရွှေဆိုင်းတွေလဲ ပြန်ယူခဲ့၊ ဘုရားက အလှူမခံလို့ရှိမှ ငါ့အင်းက အင်းတိုင်ကြီးကို သစ်စေးသုတ်ပြီး ရွှေချထားမယ်။ ငါလဲ တစ်လမ်းသွားပဲ၊ ငရဲထူးကြောက်နေစရာမလိုတော့ဘူး။ မထူးတဲ့အတူတူတော့ ဒီနှစ် 'ဘိုးသစ်' တို့အင်းလိုင်စင်နှစ်ကုန်လို့ အစိုးရပြန်အပ်ရင် ငါအင်းတစ်အင်းထပ်တိုးအောင်ယူဦးမယ်"

ဟု စိတ်ကြမ်းကိုယ်ကြမ်းနှင့် ပြောဆိုကြိမ်းဝါးပြီး ရန်ကုန်မြို့ကြီးတွင် အနှံ့အပြား လည်ပတ်သုံးဖြုန်းကာ ဝယ်စရာခြမ်းစရာတွေကို အနင့်အသီးဝယ်ခြမ်းပြန်လာကြလေသတည်း။

သို့နှင့် ဦးမင်းမောင်မှာ ရန်ကုန်မြို့က ပြန်လာပြီးကတည်းက ယခင်နှင့်မတူ မိမိလူဖြစ်ရှုံးခဲ့သည်ကို စိတ်ညစ်ညစ်နှင့် ဖြစ်ချင်ရာဖြစ်စေတော့ဟု စိတ်ကြမ်းကိုယ်ကြမ်း ရှေးကထက်ကြမ်းပြီး အရမ်းကာရောကြီးလုပ်၍နေလေရာ အင်းစောင်းကအင်းတိုင်ကြီးမှာ ရွှေရောင်တွေတဖြာဖြာ တဝင်းဝင်းနှင့် ထင်းထင်းကြီးပေါ်၍ နေလေ၏။

အင်းအလုပ်ထဲမှာလည်း ရှေးကထက် သဲသဲမဲမဲစိတ်ဝင်စား၍ လုပ်ကိုင်ခဲ့ပြန်ရာ ဦးမင်းမောင်၏ မျက်စိများမှာ ဘုရားကို မမြင်ထိုက်ရာသော်လည်း ဖိစီးခဲ့သော အကုသိုလ်တွေ ဝိပ္ပာခိုရ်၍နေသဖြင့် ရေထဲကငါးများကိုကား ရေကိုဖောက်ထွင်းမြင်ရဘိအလား၊ ဘယ်နေရာဘာငါးရှိသည်ဟု ယခင်ကထက်ကဲ၍ လက်ညှိုးထိုးမလွဲပြောတိုင်းမှန်လေရာ နောက်ဆုံးတွင် ရေနေသတ္တဝါသာမက ကုန်းသတ္တဝါများကိုပါ ဘယ်နေရာဘာကောင်ရှိသည်ဟု ပြောနိုင်လာခဲ့ရာ -

ထိုသတင်းကို တစ်ယောက်စကား တစ်ယောက်နားပြန့်ပွားသွားပြီး၊ အနီးအနားနယ်တစ်ဝိုက်ရှိ တံငါ၊ မုဆိုးမှန်သမျှမှာ ပိုက်ချသွားစရာရှိသည့်အခါနှင့် အမဲပစ်သွားစရာရှိသည့်အခါများတွင် ရှေးဦးစွာ ဦးမင်းမောင်ထံသို့ဝင်၍ ခခယယ မေးမြန်းကြလျှင် ဦးမင်းမောင်မှာ တစ်ခဏခြင်း တွေဝေစဉ်းစားလိုက်ပြီး-

"မည်သည့်တော၊ မည်သည့်သစ်ပင်အနီး၊ တောဝက်တစ်စီးရှိလေရဲ့"

"မည်သည့်အင်း၊ မည်သည့်နေရာတွင် ငါးမြင်းကောင်ကြီး ဥသားချနေတယ်"

"မည်သည့်တောဝယ် ဒရယ်ဘယ်နှကောင်ရှိသည်"

စသည်ဖြင့် တပ်အပ်ပြောလိုက်တိုင်း တစ်သဝေမတိမ်းရခဲ့ကြသောကြောင့် တံငါ၊ မုဆိုးတို့မှာ အပြန်တွင်ရလာသော သား၊ ငါးထဲမှ ဦးဦးဖျားဖျားအကောင်းဆုံးအသားကို ဟင်းစားအလို့ငှာ လာရောက်ပို့သကြသည်မှာ ထုံးစံကြီးတစ်ခုကဲ့သို့ဖြစ်လာလျက် ဦးမင်းမောင်ကလည်း မိမိအတွက် ဦးဦးဖျားဖျားပို့လာသော သား၊ ငါးတို့ကို ယခင်ကထက် ပိုမိုစုံမက်စွာ ချက်ပြုတ်စားသောက်တတ်ရာမှ အချို့ကအသွားတွင် ဦးမင်းမောင်ကိုဝင်မေးပြီး အပြန်တွင်သားငါးရပါလျက်-

မိမိတို့ဖာသာ မေ့လျော့ချက်ပြုတ်စားလိုက်သဖြင့် အဦးအဖျားမပို့မိသောအခါ ဦးမင်းမောင်မှာ ရနေကျမရလျှင် စိတ်ထဲတွင်အနည်းငယ် ငြိုငြင်၍ သွားမိသောအခါ အငြိုအငြင်ခံရသော တစ်ဖက်သားများတွင် အော့အန်မူးဝေ ထွေရာလေးပါးဖြစ်၍ နေတတ်ကြရာမှ အခါများသော် ထိုအကြောင်းကို

ရိပ်မိကြသောကြောင့် မည်သူမျှ ဦးမင်းမောင်ကို မေ့မေ့လျော့လျော့ မနေဝံ့ကြဘဲရှိလေ၏။

ဦးမင်းမောင်မှာ တစ်နေ့တခြား သတင်းကြီးလျက်ရှိခဲ့ရာ တချို့မှာ မိမိတို့နေရာမှာပင် ဦးမင်းမောင်ကို တသဆုတောင်းတတ်ပြန်ရာ ဦးမင်းမောင်မှာလည်း အကုသိုလ်ကြီးဖြစ်၍ လူအများ၏ တသခြင်း၊ စိတ်ထက်သန်ခြင်းအားအရှိန်ကြောင့် 'တစ်ပွဲစား' ခေါ် လူတစ်ပိုင်း သရဲတစ်ပိုင်းဖြစ်မှန်းမသိ ဖြစ်၍လာလေ၏။

အစားအစာ၊ သား ငါးများကိုလည်း မကျက်တကျက် သွေးစို့ စို့နှင့်မှ စားတတ်သဖြင့် ဒေါ်ဖွားကြီးနှင့် သမီးများမှာ ဦးမင်းမောင်အကြိုက်ကို လုပ်ကိုင်ပေးကြရာမှ တစ်ခါတစ်ရံ သားငါးဟင်းလျာများ အကျက်လွန်သွားသောအခါ အလွန်တရာဒေါသထွက်၍ ဆူပွက်မာန်မဲလျက် မျက်နှာကြီးမှာလည်း ရှေးအခါကနှင့်မတူ နီကျင်ကြမ်းထော် အက်ကြောင်းတွေပေါ်လာပြီးလျှင် ကိုယ်ပေါ်တွင်ပေါက်နေသော ကိုယ်မွေးများမှာလည်း ဝက်မှင်ဘီးလိုကြမ်းတမ်းကာ မည်းနက်ရှည်လျားလာရုံမျှမက မူလကခပ်ပြဲပြဲကြီးနေသော ပါးစပ်ကြီးမှာလည်း တစ်နေ့တခြား နှုတ်ခမ်းထူရွဲ တွဲသည်ထက်တွဲ ပြဲသည်ထက်ပြဲ၍ မည်းနက်ထူ အမ်းပြီး -

သွားများလည်း ကြွတီးကြွတောက် ရှည်သည့်သွားကလည်း အလွန်အကျွံရှည်၍ အစွယ်များပမာ အဖျားတွေချွန်လာရာမှ လျှာကြီးမှာလည်း ရှည်လျားကြမ်းထော် ကျားလျှာစူးတွေပေါ်လာခဲ့ရာ ဦးမင်းမောင်မှာ တစ်ခါတစ်ခါလည်း မိမိဖြစ်အင်ကိုဝမ်းနည်းမိသည့်အခါ အလွန်တရာ ပူဆွေးဝမ်းနည်းမိလျက် ထိုကဲ့သို့ဖြစ်ပျက်ရသည်ကို ကျေနပ်ဝမ်းမြောက်မိသည့်အခါ ဝမ်းမြောက်မိသကဲ့သို့ ရှိ၍လာလေ၏။

သို့ဖြစ်လေရာ ဦးမင်းမောင်မှာ မိမိ၏ ပြောင်းလွဲမှန်းမသိ ပြောင်းလွဲဖောက်ပြန်သည်ကို လူတကာမြင်မှာကိုလည်း စိုးရိမ်ရှက်ကြောက်သဖြင့် နေ့နေ့တွင် မိမ်အင်းရှိရာသို့ ထွက်ပြီး အင်းတိုင်ကြီးအနီး၌ ခနိတဲငယ်ကလေးနှင့် တစ်နေကုန်ကုန် နေထိုင်စီမံခန့်ခွဲကာ နေဝင်မှအိမ်သို့ပြန်လာတတ်ပြီးလျှင်

ဇနီးနှင့်သမီးတို့မှာ ဦးမင်းမောင်အတွက် မကျက်တကျက် သားငါးဟင်းများနှင့် နေ့စဉ်နှင့်အမျှ နံနက်စာ၊ ညစာ ထမင်းပို့လာကြရလေ၏။

ဒေါ်ဖွားကြီးနှင့် သမီးမယ်မှဲ့ မယ်နွဲ့တို့မှာ မူရာထူးကဲ ပြောင်းလွဲလာသော ဦးမင်းမောင်အတွက် တသက်သက်ဆွေး၍ နေကြရှာရာ ဒေါ်ဖွားကြီးမှာ လူလစ်သည့်အခါ သမီးများနှင့်ထိုင်၍ မှိုင်တွေချနေရင်း သက်ပြင်းကြီးများရှူကာ

"သမီးတို့ရေ ညီးတို့အဖေကြောင့် စိတ်ညစ်လှပြီ တစ်နေ့တခြားလဲ လူရုပ်မပေါ်တော့ဘူးအေ့၊ ဒီအလုပ်ကိုဖြုတ်ပစ်ပါတော့ပြောတာမရလို့ ဒီလိုဖြစ်ရတာပဲ၊ အခုတော့ ရန်ကုန်ကပြန်လာပြီးမှ သာပြီးကဲနေတော့တာပဲ၊ ငါတော့ သူ့ရှေ့လျှောက် ဘယ်လိုများဖြစ်သွားမလဲဆိုတာ အမြဲပူနေတာပဲ"

ဟု ပြောလေရာ မယ်နွဲ့နှင့် မယ်မှဲ့မှာလည်း ဖခင်အတွက် စိတ်လက်မကောင်းဖြစ်ကာ -

"ဟုတ်တယ်အမေရဲ့၊ အဖေ့အတွက် ကျွန်မတို့လဲ စိတ်မကောင်းပါဘူး။ ဘယ်လိုများ ဖြစ်လာတယ်ဆိုတာ မပြောဝံ့အောင်ရှိတော့တာပဲ။ တစ်နေ့ကလဲ အင်းထဲက ငါးထွေကြီးတစ်ကောင်ကို ရေထဲက အရှင်လတ်လတ်ဆွဲဖမ်းလာပြီး မီးဖိုကြီးထဲ ကောင်လုံးထိုးသွင်းလိုက်တာ ငါးကြီးဟာ တဖျပ်ဖျပ်နဲ့ မီးထဲမှာ လူးလှိမ့်နေရာက ငြိမ်လဲသွားရော သူ့လက်သည်းကြီးနဲ့ အရေခွံကြီးဆွဲဆုတ်ပြီး အကောင်လိုက်ကြီး ဝါးစားလိုက်တာ အကဲကသွေးတွေ တရဲရဲပန်းထွက်နေတာတောင် မြင်လိုက်ရတယ်။ အဲ ဒီလိုစားနေတုန်း အဖေ့မျက်နှာကြီးဟာ သိပ်ကြောက်စရာကောင်းတာပဲ။ ကျွန်မဖြင့် ခုတောင် အသည်းတုန်နေသေးတယ်အမေရဲ့"

ဟု မယ်မှဲ့ကပြောလိုက်လျှင် သမီးငယ် မယ်နွဲ့ကလည်း-

"အို . . . အစ်မကြီးမြင်ရတာ ဘာဟုတ်သေးလဲ။ တစ်နေ့တုန်းက ကျွန်မ ထမင်းပို့သွားတော့ အဖေဘာလုပ်နေတယ်ဆိုတာ သိချင်တာနဲ့ အသာကလေး ခြေသံမကြားရအောင် တဲနောက်နားကပ်ပြီး ထရံပေါက်ကလေးက ချောင်းကြည့်လိုက်တော့ လား . . . လား . . .

အမေနှယ့် ဘယ်သူကလာပေးသွားတယ်မသိပါဘူး။ သွေးရဲရဲ သံရဲရဲ အမည်းသားလား ဆတ်သားလား ရောမအတုံးလိုက်ကြီး ဝါးဝါးစားနေလိုက်တာ တပုံတခေါင်းကြီးကုန်ပါလေရော။ ကျွန်မလဲ ကြောက်လိုက်တာ မပြောနဲ့တော့၊ အဖေ့မျက်နှာကြီးဟာလဲ ဘယ်လိုဆိုးဝါးမှန်း မသိဘူး။ ကိုယ်ပေါ်က အမွေးကြီးတွေကလဲ အစားမာန်ထပြီး ဆူးကြီးတွေလိုထောင်လာလိုက်တာ သိပ်ကြောက်စရာပဲ အမေရဲ့ . . .

ဒါနဲ့ ကျွန်မလဲ အသာကလေးပြန်လှည့်လာပြီး ခတ်လှမ်းလှမ်းက ခုမှလာတဲ့အနေနဲ့ အသံပေးဝင်သွားတော့မှ ထောင်နေတဲ့အမွေးတွေ လဲသွားပြီး မျက်နှာလဲ ခပ်ပြုံးပြုံးဖြစ်လာရာက ကျွန်မကို -

"သြော် ငါ့သမီးလာပလား ဘာဟင်းများပါသလဲ၊ ကဲ ကဲ ဖွင့်စမ်းပါ ဆိုတာနဲ့ ကျွန်မက ထမင်းချိုင့်ဖွင့်ပြတော့ ဟင်းတွေ၊ ထမင်းတွေကို ခါတိုင်းလို စုံရေမက်ရေမစားတော့ဘဲ ဟိုဟာနည်းနည်း သည်ဟာနည်းနည်းစားပြီး ကဲ ငါ့သမီးသိမ်းပေတော့။ အဖေ ဒီနေ့ တယ်မစားချင်ဘူးလို့ပြောပြီး အိမ်ကအလုပ် အကြောင်းတွေ လျှောက်မေးတော့လဲ အကောင်းသားပဲ"

ဟု ပြောရာ ဒေါ်ဖွားကြီးမှာ ငယ်ပေါင်းခင်ပွန်းအတွက် စိတ်ပျက်ဝမ်းနည်းသက်ပြင်းကြီးချကာ-

"ငါလဲ ငါသိသလောက်တော့ သိပါရဲ့အေ။ ညည်းတို့တတွေ စိတ်ညစ်မှာစိုးလို့ မပြောဘဲနေတာ၊ ညည်းတို့အဖေဟာ ညည အိမ်ပြန်လာပြီး အိပ်ရာထဲ ငါနဲ့အတူတူအိပ်နေတဲ့အခါလဲ ဖွားကြီး ညည်းဟိုဘက်နည်းနည်းတိုးပါဦး၊ ငါ့အနား သိပ်ကပ်မနေစမ်းပါနဲ့၊ ညည်းကိုယ်ငွေ့တွေက ပူလိုက်တာဆိုပြီး သူကလဲ လူချင်းမနီးအောင် တောင်ဘက်တိုး ငါကလဲ မြောက်ဘက်ကပ်နဲ့ တစ်ယောက်နဲ့တစ်ယောက် ဝေးနေမှ သူလဲစိတ်ချလက်ချအိပ်ပျော်သွားတယ်။ ငါ့အထင်တော့ ညည်းတို့အဖေဟာ အရှင်လတ်လတ်က သရဲဘဝရောက်စပြု နေပြီထင်ပါရဲ့အေ"

ဟု မျက်ရည်တွေနဲ့ ပြောရှာလျှင် သမီးတွေမှာလည်း အဖေကြီးအတွက် မျက်ရည်စက်စက်နှင့် စိတ်မသက်မသာဖြစ်နေကြရှာလေသတည်း။

သို့နှင့် တစ်နေ့တစ်နေ့ တရွေ့ရွေ့နှင့်နေခဲ့ကြပြန်ရာ ဦးမင်းမောင်မှာ သားမယားများထံသို့ ခါတိုင်းကဲ့သို့ ညည ပြန်လာသည်ကိုပင် ညစဉ်မှန်ကန်စွာ မပြန်လာတော့ဘဲ တစ်ရက်ခြား နှစ်ရက်ခြားမှတစ်ခါ အိမ်သို့ပြန်လာပြီး သားမယားများအနီးတွင် ဝင်ထိုင်ကာ -

"ဖွားကြီးရေ မောင်ဖေတို့ဆီက ငါးခွက်သုံးရာဖိုးအကြွေး ရစရာရှိတာ ရပြီးပလား။ မောင်မျှားတို့ လာယူသွားတဲ့ ငါးရံ့ခြောက်ခွက်ငါးရာဖိုးဟာ ငွေအပြေမရသေးဘူး။ နက်ဖြန်ကစပြီး အင်းသမားတွေလာရင် ငါးပါသမျှကို အကုန်သိမ်းပြီး ငါးပိ ငါးခြောက်လုပ်တဲ့အထဲပို့နော်။ အစိမ်းလိုက်ဖောက်သယ် မချပစ်နဲ့၊ ရွှေ့သုံးလေးရက်ရှိရင် အညာက ငါးပိဝယ်တွေ ဆင်းလာလိမ့်မယ်"

စသည်ဖြင့် အလုပ်အကိုင်အတွက် စီမံခန့်ခွဲကာ တစ်ခါတစ်ရံလည်း-

"ဟေ့ ဖွားကြီး တို့အင်းထဲမှာ တောင်ပိုင်းက အခုတလော ငါးအရနည်းနေတာသိရဲ့လား။ ညောင်ကျပ်ပင် တောင်ကိုင်းမှာနေတဲ့ "နက်ကျော်"ဆိုတဲ့ သရဲက လာလာနှိုက်စားနေတာကိုးဟဲ့။ ငါနဲ့ တစ်နေ့က ညနေဝင်ရီတရောမှာတွေ့လို့ ဒင်းနဲ့ငါ အတော်ကြာအောင် နပန်းလုံးခဲ့ရသေးတယ်။ ခုတော့ ခွေးမသား ပြေးပါပြီ"

စသည်ဖြင့် ပြောနေပြီးလျှင် သံယောဇဉ်အမျှင်မပြတ်နိုင်သည့် ငယ်ပေါင်းဇနီး ဒေါ်ဖွားကြီးနှင့် သမီးနှစ်ယောက်အား နီးနီးနားနား ပူးပူးကပ်ကပ်ထိုင်၍ တိုင်ပင်နှီးနှောပြောဆိုနေထိုင်သည့်အခါ မိမိကိုယ်မှာ များစွာပူပူလောင်လောင်ဖြစ်လာသဖြင့် ကပျာကယာ ခပ်ဝေးဝေးသို့ခွာနေလိုက်ရကာ မျက်နှာမသာမယာဖြစ်လာပြီး-

"ဖွားကြီး ဖွားကြီး ငါ့သမီးနှစ်ယောက်ကို ကောင်းကောင်းကြည့်ပါဟယ်။ အလုပ်တွေလဲ ကြပ်ကြပ်ဂရုစိုက်လုပ်ပါ။ ငါတော့ ရွှေ့ကနဲ့မတူလို့ လူတွေနဲ့ခပ်ကင်းကင်းရှောင်နေရတယ် . . . ငါ့မယား၊ ငါ့သားသမီးတွေရဲ့ အနားကပ်ချင်ပေတဲ့ ငါမကပ်နိုင်တော့ဘူး။ နင်တို့လဲ ငါ့အနားတယ်မလာကြနဲ့၊ ငါလူစော်နံရင် မနေနိုင်ဘူးဟဲ့"

ဟု ဝမ်းနည်းစွာပြောလျှင် မယားနှင့် သားသမီးများလည်း ဝမ်းနည်းပူဆွေး ငိုကြွေးမဆုံးဖြစ်ရှာကြလေ၏။

"ကိုမင်းမောင် တော့ကို အစက ကျုပ်အပြောသားပဲ။ တော် လောဘကြီးလွန်းလို့ ဒီအလုပ်မဖြုတ်ပစ်ရက်တာနဲ့ ခုလိုဖြစ်ရတာ ကျွန်မတို့ အသည်းနာလှချည်ရဲ့။ တော်ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေတော်လဲ ဘာမှမစံစားရတော့ဘူးလား။ သားစိမ်း ငါးစိမ်းတွေစားပြီး လူမနီးတဲ့ အင်းကြီးအနားမှာ တစ်ယောက်တည်းသွားနေရတာ ကျုပ်မကြည့်နိုင်ဘူးနော်။ တော် ဒုက္ခဆင်းရဲခံနေရပြီး ကျုပ်တို့ကတော့ တော်ရှာထားတဲ့ပစ္စည်းတွေနဲ့ စံစားနေရမလား။ မနေဘူးတော့ မနေရက်ဘူး။ တော့အနီးမှာ သမီးနှစ်ယောက်နဲ့လာပြီး ရေပူရေချမ်းကမ်းလှမ်းနေမယ် ကိုမင်းမောင်ရဲ့"

ဟု ရှိုက်ကြီးငင်ကြီး ငိုယိုပြောဆိုလေရာ မယ်မှဲ့နှင့် မယ်နွဲ့မှာလည်း ဒေါ်ဖွားကြီးနည်းတူ ငိုကြွေးကြကာ-

"အဖေရဲ့ အဖေ့ဖြစ်ပုံ ကျွန်မတို့ရင်တုန်လှချည်ရဲ့နော်။ အဖေ ကျွန်မတို့နဲ့ အတူတူမနေတော့ ကျွန်မတို့ သိပ်အားငယ်နေမှာပေါ့ အဖေရဲ့။ အဖေ ကျွန်မတို့နဲ့အတူတူနေပါ။ အဖေ့ရောဂါကို ဆေးဆရာခေါ်ကုရင် မရဘူးလား အဖေရဲ့"

ဟု ပြောကြပြန်လျှင် ဦးမင်းမောင်မှာ ရင်ထဲမှာဆို့လျက် မျက်ရည်တွေချောင်းစီးလာကာ-

"အဖေနဲ့ တစ်ခါတည်း ကွဲသွားတာမှမဟုတ်ဘဲ သမီးတို့ရယ် မငိုပါနဲ့။ အဖေ့ဖြစ်ပုံက သူများနဲ့မတူ အကုသိုလ်တွေအားကြီးလွန်းလို့ လူစင်စစ်ကသရဲအဖြစ်ကူးမှန်းမသိ ကူးရတော့မှာကွယ့်။ ဒီတော့ ဘယ့်နှယ်လုပ်လို့မှမရတော့ဘူး။ ဒီလိုအရာမျိုးဆိုတာ ဆေးနဲ့ဝါးနဲ့ ကုလို့လဲ ရတာမျိုးမဟုတ်တော့ အခက်သားပဲ။ ကဲ ကဲ မငိုကြပါနဲ့ဟာ . . . နင်တို့ငိုတော့ ငါသိပ်ဝမ်းနည်းတယ်ကွယ့် သမီးတို့ရဲ့။ ငါ နင်တို့နဲ့ အမြဲမနေပေတဲ့ ငါ့မယားနဲ့ ငါ့သမီးများကို ဘယ်သူမှ မစော်ကားဝံ့အောင် ငါအမြဲစောင့်ရှောက်မယ်။ အိမ်ကိုလဲ သုံးရက်တစ်ခါ၊

လေးရက်တစ်ခါ ပြန်လာမှာပေါ့။ ငါ့အတွက်တော့ ထမင်းဟင်း ချက်မပို့ကြနဲ့တော့၊ ငါလဲ မီးနဲ့ထင်းနဲ့ချက်တဲ့ အစားအစာတွေ စားနိုင်တော့တာမဟုတ်ဘူး။ သား ငါးအစိမ်းစားရမှ အားရတင်းတိမ်တယ်"

ဟု ပြောကာ သက်ပြင်းကြီးချ၍ပစ်ကာ မိမိကိုယ်ကိုလည်း သေချာစွာ ပြန်ကြည့်လျက် ဆင်ရေကဲ့သို့ ရှုံ့တွကြမ်းထော်သော အသားအရေ မွဲခြောက်ခြောက်ကြီးပေါ်တွင် ဝက်မှင်ဘီးပမာ ကြမ်းတမ်းစွာ ထောင်နေသော အမွေးကြီးများကိုလည်းကောင်း၊ အပုပ်နံ့တထောင်းထောင်းထွက်နေသည့် ထူရွဲသော နှုတ်ခမ်း ပါးစပ်ကြီးများကိုလည်းကောင်း၊ ကျိုးတိုးကျဲတဲနှင့် အဖျားချွန်ပြီး ကျားပါးစပ်ကြီးပမာ ကြောက်စရာကောင်းသော သွားကြီးများကိုလည်းကောင်း လူစင်စစ်ဘဝမှ ကြောက်စရာရုပ်အဆင်းသို့ ပြောင်းလာခဲ့ရလေသည်တို့ကို တစိမ့်စိမ့်တွေး တရေးရေးဆွေးလျက် မျက်ရည်တွေထွက်လာသောကြောင့် နောက်ထပ် စကားမပြောနိုင်ဘဲ ငေးမှိုင်တွေဝေနေရာမှ ခေတ္တသတိလစ်သွားပြီး မျက်စိကြီးကိုမှေးနေရာမှ ခဏကြာလျှင် ဖြတ်ခနဲ သတိရလာကာ မျက်လုံးကြီးဖွင့်ကြည့်ပြီး -

"ဟော ဟော အင်းထဲ သရဲဆင်းပြီး ငါးတွေခိုးနေပြန်ပြီ။ ငါသွားချေဦးမယ်"

ဟုဆို၍ ထသွားမည်ပြုရာ ဒေါ်ဖွားကြီးနှင့် သားသမီးများမှာ ဦးမင်းမောင်အတွက် စိုးရိမ်ကြောင့်ကြဖြစ်ကာ တံခါးဝမှ ဆီးတားထားကြပြီး သမီးနှစ်ယောက်မှာလည်း ဦးမင်းမောင်ရှေ့မှ လက်နှစ်ဖက်ကိုတန်းလျက်-

"အဖေ မသွားပါနဲ့ အဖေရယ်၊ ခိုးချင်ခိုးပါစေ။ အင်းကြီးတစ်ခုလုံး ငါးတွေအများကြီးပဲ၊ နည်းနည်းပါးပါးလျော့သွားလို့ အကြောင်းမထူးပါဘူး အဖေရဲ့။ အဖေနဲ့ ဟိုသရဲနဲ့ ဆွဲလွဲသတ်ပုတ်နေရပါဦးမယ်။ ဟိုက တကယ့်သရဲအစစ်မို့ အဖေ့ကိုဖိညှစ်သတ်လိုက်ရင် သေသွားမှာ။ ကျွန်မတို့ အဖေ့ကို အားကိုးအားထားလုပ်နေရတာပါ။ အဖေ တိမ်းပါး ယိမ်းပါးဖြစ်သွားရင် ဘယ့်နှယ်လုပ်ရမလဲ အဖေရဲ့၊ မသွားပါနဲ့"

ဟု ငိုယိုပြောဆိုပါသော်လည်း ဦးမင်းမောင်မှာ ဒေါသကြီးနေသဖြင့် သမီးများကို တွန်းထိုးကာ အင်းရှိရာသို့ အမြန်ပြေးလာလေ၏။

ဒေါ်ဖွားကြီးနှင့် မယ်မှဲ့၊ မယ်နွဲ့တို့လည်း လရောင်ဝိုးဝါးနှင့် မှောင်ထဲတွင် ပြေးသွားသော ဦးမင်းမောင်ကို ငေးကြည့်ကာ စိတ်မချသဖြင့် သားအမိသုံးယောက် ပြေးလိုက်သွားကြရှာလေ၏။

အင်းကြီးအတွင်း ကမ်းစပ်ရှိ တစ်ခုသော သပြေပင်ကြီးနှင့် မလှမ်းမကမ်းရေထဲတွင် ပြင်းထန်သော ရေသံများနှင့် ဖြုန်းဖြုန်းဒိုင်းဒိုင်း ဂယက်လှိုင်းရိုက်သော ရေပန်းရေမြှုပ်တွေကိုမြင်ရပြီးလျှင် အုန်းခနဲ ဒိုင်းခနဲ လဲသံကွဲသံထိုးသံ ကြိတ်သံများနှင့် တအီးအီးညည်းသံများကို ကြားကြရပြီး အတန်ကြာသောအခါ ရေထဲတွင် လူမည်းမည်းနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် တခွပ်ခွပ် လက်သီးချင်းထိုးသတ်နေကြသည်ကို တွေ့မြင်ရလေ၏။

ဒေါ်ဖွားကြီးမှာ မိမိလင်နှင့် အခြားသရဲတစ်ကောင် ထိုးကြိတ်သတ်ဖြတ်နေကြသည်ကို ရင်တလှပ်လှပ်နှင့် ရပ်ကြည့်ကာ ဦးမင်းမောင် နိုင်ပါစေဟုသာ ကြိတ်၍ဆုတောင်းနေရှာလေ၏။

သို့နှင့် တစ်ခဏကြာသောအခါ လုံးထွေးနေသော လူမည်းမည်းနှစ်ယောက်အနက် တစ်ယောက်မှာ အသံနက်ကြီးနှင့် ဟစ်အော်ကာ ဗိုင်းခနဲလဲကျသွားပြီး အခြားတစ်ယောက်က အားကုန်ဆက်လက်ထိုးသတ်လိုက်ပြန်လျှင် လဲကျသူတွင် လေးဖက်ထောက် မချိမဆန့်ကုန်း၍ထပြီး ဒယီးဒယိုင်နှင့် အနီးရှိ သပြေပင်ကြီးအောက် ပြေးဝင်သွားလေ၏။

"ငါကွ . . . ငါမင်းမောင်တဲ့ဟေ့ . . . ဘိုးကျော်ရွှဲရဲ့။ ဘယ့်နှယ် ငါမှန်းသိပလား။ ငါ့ငါးတွေ မင့်အမေလင်ပစ္စည်းမှတ်လို့ လာ . . . လာခိုးနေရတာလား။ တစ်နေ့ကလဲ အင်းစပ်ထဲက သရဲနက်ကျော်ကို တစ်ခါဆုံးမလွှတ်လိုက်ရပြီ။ မင်းလဲဒီတစ်ခါနဲ့ ဆင်ခြင်ရင်ဆင်ခြင်ပါ၊ မဆင်ခြင်ရင် နောက်တစ်ခါ အဆိုးမဆိုနဲ့ကွ"

ဟု ကြိမ်းဝါးမာန်မဲသံကြီးနှင့် ပြောကာ မိမိတဲငယ်ကလေးရှိရာသို့ ထွက်လာသည်ကိုမြင်ရမှ ဒေါ်ဖွားကြီးနှင့် သမီးများတွင် ဦးမင်းမောင်အတွက် စိတ်အေးသွားကာ မိမိတို့အိမ်ရှိရာသို့ ခပ်သုတ်သုတ်ပြန်လာကြရှာလေ၏။

သို့နှင့်ပင် ဦးမင်းမောင်မှာ ကြာလေသဲလေ၊ သဲလာရာမှ မိမိမယားနှင့် သမီးပျိုများကိုလည်း စိတ်မချနိုင်ဖြစ်ကာ အိမ်သို့သုံးရက်တစ်ခါ၊ လေးရက်တစ်ခါ ပြန်လျက် အလုပ်အကိုင် အရောင်းအဝယ်များအတွက်ကို စီမံခန့်ခွဲလျက်ရှိခဲ့ရာ အလုပ်အကိုင် အရောင်းအဝယ်တွေမှာ ရှေ့အခါကထက် သေချာစေ့စပ်လှသောကြောင့် စီးပွားဥစ္စာများမှာလည်း ထားစရာမရှိအောင်ပင် တိုးတက်လာခဲ့လေ၏။

ဒေါ်ဖွားကြီးမှာ နဂိုကပင် ထိုအင်းအလုပ်ကိုစက်ဆုပ်စပြုနေသူဖြစ်ခဲ့ရာ ယခုကဲ့သို့ ဦးမင်းမောင်ဖြစ်ရသောအခါ ရှေ့ကထက်ရွံရှာစက်ဆုပ်၍ မလုပ်ချင်သဖေလာက်ရှိခဲ့သော်လည်း ဦးမင်းမောင်မှာ ထိုအလုပ်ကိုမဖြုတ်နိုင်သည့်အပြင် ထိုသို့လုပ်ကိုင်နေရသည်ကိုပင် အလွန်တရာ ပျော်ရွှင်နှစ်သိမ့်နေသကဲ့သို့ရှိလေရာ ဒေါ်ဖွားကြီးမှာ လင့်ဩဇာကိုမပယ်ဝံ့သဖြင့် အောင့်သက်သက်နှင့်ပင် ဆက်လက်လုပ်ကိုင်လာခဲ့ရခြင်းဖြစ်လေရာ အလုပ်တွင်များစွာ စိတ်မပါဘဲရှိလေ၏။

"အင်းသူကြီး ဦးမင်းမောင်တစ်ယောက်ဟာ 'တစ်ပွဲစား'လုံးလုံးဖြစ်နေရှာပြီ"

ဟူသော သတင်းမှာ အင်းတစ်ဝိုက်ရှိလူအပေါင်းသိရှိကြပြီး "တစ်ယောက်ကစ တစ်ရာဆိုသလို" ထိုဒိစတြိတ် တစ်နယ်လုံး ပြန့်နှံ့သွားလေရာ တံငါမုဆိုးမှန်သမျှမှာ ဦးမင်းမောင်၏ တဲအိမ်ငယ်ကလေးသို့ အဝင်အထွက် ရှုပ်ရှက်ခတ်အောင်ဖြစ်ပြီးလျှင် အချို့သက်သက်မဲ့ အထူးအဆန်းအဖြစ်နှင့် လာရောက်ကြည့်ရှုသူများမှာလည်း ဦးမင်းမောင်၏ တဲအနီးတွင် တအုံးအုံးတရုံးရုံးဖြစ်လျက်ရှိရုံမက-

အချို့ကလည်း ပစ္စည်းပျောက်နှင့်လင်ပျောက်၊ သားပျောက်စသည့် အရေးများကို မေးလားမြန်းလားနှင့် ပျားပန်းခတ်မျှ ရှုပ်ရှက်နေကြသောကြောင့်

လူငွေ့ကို ငြီးစော်နံနေသော ဦးမင်းမောင်မှာ ရက်လကြာသော် ထိုနေရာတွင် မပျော်ပိုက်နိုင်ဘဲ တစ်ယောက်တည်း တောကြီးထဲသို့ထွက်ကာ လွတ်ရာလွတ်ကြောင်း ရှောင်တိမ်းနေရရှာလေ၏။

ယင်းသို့ ပရိသတ်လူစုကို လွတ်အောင်ရှောင်တိမ်းနေပါများသောအခါ မယားနှင့် သမီးများကိုအောက်မေ့လျက် အလုပ်အကိုင်အတွက်လည်း စိတ်မချသောကြောင့် ခုနစ်ရက်တစ်ကြိမ်၊ ဆယ်ရက်တစ်ကြိမ်၊ အိမ်သို့တိတ်တဆိတ်လူမမြင်အောင် ပြန်ခဲ့ရရာ အမျှော်ကြီးမျှော်နေရှာသော မယားနှင့် သမီးများမှာလည်း ဦးမင်းမောင်ပြန်လာသည့်အခါ -

ဝမ်းမြောက်ဝမ်းသာခရီးဦးကြိုပြုကြကာ အိမ်တွင်အဆင်သင့်ရှိထားသော သားစိမ်း ငါးစိမ်းများကို အခြားလူမမြင်ရအောင် အိပ်ခန်းထဲတွင် ပိတ်လှောင်ကျွေးမွေးရရှာပြီး ဒေါ်ဖွားကြီးနှင့် သမီးများမှာ အခန်းထဲတွင် မသေမရှင် ငါးရံ့ကြီးများကို မြိန်ရှက်စွာ ဂျိုးဂျိုးဂျွတ်ဂျွတ်ဝါးစားနေသော ဦးမင်းမောင်အား ရင်ထုမနာစုတ်တသတ်သတ်နှင့် ကြည့်နေကြရှာလေသတည်း။

* * *

အလုပ်အကိုင်၊ အရောင်းအဝယ်အတွက် မေးမြန်းလိုသောအခါလည်း မယားနှင့်သမီးများမှာ အနားမကပ်နိုင်သောကြောင့် ခပ်ဝေးဝေးကနေ၍ မေးမြန်းပြောဆိုခြင်းပြုကြရရာ စကားသံတို့မှာ ကျယ်လောင်ကျယ်လောင်ဖြစ်လာသောကြောင့် ဦးမင်းမောင်ပြန်အလာကို ချောင်းမြောင်းစုံစမ်းနေကြသော ဥစ္စာပျောက်၊ လင်ပျောက်၊ သားပျောက်၊ ဗေဒင်ရူး၊ နတ်ရူးများမှာ တမင်တကာ ဒုက္ခခံကာစောင့်နေကြရသည့်အတိုင်း -

လက်ဆောင်ထိုးစရာ သားစိမ်း ငါးစိမ်း အမျိုးမျိုးနှင့် အတင်းတိုးဝင်လာကြရာ အချိန်မတော်ပင်ဖြစ်သော်လည်း တစ်အိမ်လုံး ဧည့်ပရိသတ်တွေပြည့်ကျပ်သွားလေ၏။

သားမယားများထံသို့ တွေ့ချင်ဇော၊ သံယောဇဉ်အမျှင်မပြတ်နိုင်၍သာ လူငွေ့ အပူတွေ့ခံကာ အောင့်အီးချုပ်တည်း၍ စွန့်စားလာရရှာသော တစ်ပွဲစားဘဝမှ သရဲဘဝသို့ မရောက်တရောက်ဖြစ်နေရှာသော ဦးမင်းမောင်

မှာ ယခုကဲ့ သို့ တိတ်တဆိတ်ဝင်လာသည်ပင် အေးအေးမနေရဘဲ ပွဲကလေး တမျှ ပရိသတ်တွေကျလာသောကြောင့် ကြာရှည်အောင့်၍ ဒုက္ခမခံနိုင်ဘဲ တောထဲသို့ အမြန်ပြန်၍ ပြေးရရှာလေတော့၏။

"အမေရယ် ဒီတစ်ခါ အဖေလဲမပေါ်လာတာ ဆယ်ရက်လောက်ရှိ သွားပြီ။ ဘာများဖြစ်နေပါလိမ့်"

ဟု သမီးများက ပြောသောအခါ ဒေါ်ဖွားကြီးမှာလည်း ဦးမင်းမောင် အတွက် စိတ်လက်မအေး အတွေးနှင့်ပူ၍နေလေ၏။

"ကိုမင်းမောင် . . . ကိုမင်းမောင် ဘယ်များသွားနေရှာပါလိမ့်မလဲ၊ အစားအစာကိုမှ မှန်ကန်အောင်စားရှာပါမလား။ အိမ်ကသွားပို့ချင်ပေတဲ့ ဘယ်တော ဘယ်တောင်ထဲ လိုက်ရှာရမှန်းမသိတော့ အခက်သားပဲ"

ဟု ညည်းညူမိရာ သမီးငယ် မယ်နွဲ့မှာ မိခင် စိတ်မချမ်းသာသည်ကို ပြေပျောက်စိမ့်သောငှာ-

"အို ဒီအတွက်တော့ မပူနဲ့ အမေရယ်၊ အဖေဟာ ရေထဲကငါးတွေ တောင် အရှင်လတ်လတ် ဖမ်းစားနိုင်သေးတာ တောထဲ တောင်ထဲက အကောင်အလျှောင်ဆိုရင် သာပြီးဖမ်းဖို့လွယ်တာပေါ့ အမေရဲ့"

ဟု ပြောသော်လည်း ဒေါ်ဖွားကြီးမှာ မသက်မသာနှင့် ငယ်ကကျွမ်း မို့ အလွမ်းနာထလေရာ-

"အို . . . ကိုမင်းမောင်ရဲ့၊ တော့အဖြစ် ဆိုးလှချည်လားနော်။ စိတ် နောက်ပြီး အိမ်ကထွက်ပြေးတဲ့ လူများလို လိုက်ဖမ်းထားလို့လဲမဖြစ်။ တော့ အတွက် စိတ်ညစ်လှချည်ရဲ့။ တော် ရှာထားခဲ့တဲ့ပစ္စည်းများလဲ ကျုပ်တို့မစား ရက်ဘူး ကိုမင်းမောင်ရဲ့။ ဒီအင်းအလုပ်ကိုလဲ ကျုပ်မလုပ်တော့ဘူး။ တော် ရှာခဲ့တဲ့ပစ္စည်းကို တော့အတွက် ရည်မှန်းပြီး လှူဒါန်းပစ်မယ် ကိုမင်းမောင်ရဲ့"

ဟု ပြောဆိုငိုယိုကာ အပူမီးတောက်ရှာလေ၏။

ယင်းသို့နှင့် ဦးမင်းမောင်မှာ တစ်လကျော်ကျော်လောက် ပေါ်မလာ ဘဲ နေခဲ့ပြီးနောက် တစ်နေ့သောညနေ နေဝင်ရီတရောအချိန်တွင် ဒေါ်ဖွားကြီး နှင့် သမီးများမှာ မပေါ်လာသော ဦးမင်းမောင်အတွက် မျက်ရည်စက်လက်နှင့်

ဖြစ်နေကြစဉ် အိမ်ပေါ်သို့ တစ်စုံတစ်ယောက်တက်လာသောခြေသံကို ကြားရသဖြင့် လှေကားဘက်သို့လှည့်ကြည့်ကြရာ ခြေသံကိုသာကြားရလျက် လူတက်လာသည်ကို မမြင်ရသောကြောင့် အံ့ဩထိတ်လန့်သွားကြလေ၏။ ထိုခဏ၌-

"ဟဲ့ ဖွားကြီးတို့၊ သမီးတို့ ဘာလုပ်နေကြသလဲ။ ငါ့ဖို့ အမဲသား အဆင်သင့်ရှိကြရဲ့လား၊ မရှိရင်လဲ မြန်မြန်ရှာပေးကြစမ်း။ ဒီနေ့ နင်တို့ဆီလာချင်တာနဲ့ ငါ အစာတောင်ရှာမစားခဲ့ရသေးဘူး"

ဟု ပြောသော ဦးမင်းမောင်၏စကားသံကိုသာ ကြားရလျက် ဦးမင်းမောင်ကို မမြင်ရလျှင် ဒေါ်ဖွားကြီးနှင့် သမီးများမှာ တစ်အိမ်လုံးအနှံ့အပြားရှာဖွေကြည့်ကာ-

"အလို ကိုမင်းမောင်လာပါလား၊ ဘယ်ကနေ စကားပြောတာလဲ၊ ရှာလို့လဲ မတွေ့ဘူး။ ကိုမင်းမောင် . . . ကိုမင်းမောင် . . . တော်ဘယ်ကလဲ၊ ကျုပ်တို့မမြင်ပါလား"

ဟု ကယောင်ကတမ်းပြောကာ မျက်လုံးများမှာ အခန်းရှိသမျှ စေ့အောင်ရှာ၍နေရှာလျှင်-

"ဟဲ့ . . . ဖွားကြီးရဲ့၊ ငါနင့်အနားမှာရှိတယ်။ ဒါပေတဲ့ နင်တို့ ငါ့ကို မမြင်နိုင်ကြဘူး။ ငါဟာ အကောင်အထည် ပျောက်ကွယ်သွားပြီ။ ဒီတော့ နင်တို့နဲ့ စကားသာပြောနိုင်တော့တယ်"

ဟု ပြောသော ဦးမင်းမောင်၏ စကားသံကိုကြားရလျှင် ဒေါ်ဖွားကြီးနှင့် သမီးများမှာ ချုံးချုံးချ၍ငိုကြရှာလေတော့၏။

"အို . . . ကိုမင်းမောင်ရဲ့၊ သေကွဲမကွဲ ရှင်ကွဲ ကွဲကြပါပေါ့လား။ တော့မယားနဲ့ တော့သားသမီးတွေခွဲပြီး သရဲဘဝနဲ့ ပျော်တော့မလား ကိုမင်းမောင်ရဲ့။ တော့ အဖြစ်ဆိုးလှချည်ရဲ့လား"

ဟု ဒေါ်ဖွားကြီးမှာ ရင်ကိုထု၍ ထု၍ ငိုရှာလေ၏။ မယ်မဲ့နှင့် မယ်နွဲ့တို့မှာလည်း-

"အို အဖေရဲ့ ကျွန်မတို့ ဘယ်သူ့အားကိုးရမလဲ။ အဖေရှိရက်သားနဲ့ ထူးထူးဆန်းဆန်းကွဲရပါပကော။ သူများက နင်တို့အဖေ ဘယ်မှာလဲမေးရင်

ဘယ်လိုလုပ်ပြီး ပြောရမလဲ အဖေရဲ့။ အဖေသေတာလဲ မဟုတ်ဘဲနဲ့ ကျွန်မတို့ ခွဲပြီး တစ်ယောက်တည်းနေတော့မှာလား”

ဟု အသီးသီးငိုယိုကြရာ-

“ကဲ . . . ကဲ . . . ငါ့မယားနဲ့ ငါ့သမီးများ မငိုကြနဲ့၊ မငိုကြနဲ့။ နင်တို့ငိုတာ မြင်ရတာ ငါစိတ်မကောင်းပါဘူး။ ဒီလိုသာငိုကြရင် ငါနောက်မလာဘူး။ ဟဲ့ ဖွားကြီး ငါ့ဖို့ ဟိုအခန်းထဲ အမဲသားစိမ်းသွားပို့ထားစမ်းပါ။ ငါဆာလှပြီ”

ဟု ပြောသော ဦးမင်းမောင်၏ စကားသံကို ကြားရပြန်၍ အငိုသန် ဒေါ်ဖွားကြီးမှာလည်း အမဲပေါင်ကြီးတစ်ပေါင်ကို အလျင်အမြန် ရှာကြံဝယ်ယူကာ အခန်းထဲသို့ ပို့ထားလိုက်မှ လူကို မမြင်ရသော သရဲဦးမင်းမောင်လည်း အမဲပေါင်ကြီးကို မြိန်ရှက်စွာ ကိုက်ဖွဲ့စားသောက်ပြီး မယားနှင့်သမီးများကို အားမငယ်ရန် မှာထားပြောဆိုလျက် ရုတ်တရက် အသံပျောက်၍ သွားလေရာ ဒေါ်ဖွားကြီးနှင့် သမီးများလည်း ငိုယိုပူဆွေးကျန်ရစ်ကြလေ၏။

ထို့နောက် တစ်လကျော်နှစ်လမျှ ဦးမင်းမောင်မပေါ်လာဘဲနေသည့်အတွင်း ဒေါ်ဖွားကြီးတို့ ငါးများ၊ ငပိများ ရောင်းချရေးဌာနမှ ဝယ်ယူသူဖောက်သည်များက အလေးမမှန် တောင်းမမှန်၊ ဝယ်ယူသည့်ပစ္စည်းများ အဆမတန်လျော့နေကြောင်း မကြာခဏ တိုင်တန်းကြသဖြင့် ဒေါ်ဖွားကြီးနှင့် သမီးများမှာ တပည့်များနှင့်ချည်း လွှဲမထားဘဲ မိမိတို့ကိုယ်တိုင်ကြီးကြပ်၍ ‘ဆွဲ’ကို ကိုင်ကြလေ၏။

သို့နှင့်လည်း ဝယ်သူများနှစ်ဦးစုံညီရှေ့တွင် အလေးပြည့်အောင် ချိန်တွယ်ရုံမက သာသာထိုးထိုး ဖောက်ထိုးကြီးပင် ချိန်၍ ပေးလိုက်စေကာမူ ဝယ်သူတို့ အိမ်သို့ရောက်က အဆမတန် လျော့နေကြောင်း ပြောကြပြန်သဖြင့် နှစ်ဦးနှစ်ဖက်ပင် မည်သို့ဖြစ်ရသည်ဟု မစဉ်းစားတတ်အောင် ရှိကြရာမှ ဒေါ်ဖွားကြီးမှာလည်း ထိုအလုပ်ကို နဂိုကဖြတ်ချင်ချင်မှာ ယခုကဲ့သို့ အရှုပ်အရှင်းဖြစ်လာသောအခါ သာ၍ စိတ်ပျက်ပြီး လိုင်စင်ရက်စေ့သောအခါ ပြန်အပ်ရန် သန္နိဋ္ဌာန်ချထားလိုက်လေတော့၏။

ဦးမင်းမောင်မှာ အတော်ကြာမပေါ်လာဘဲ နေရာမှ နောက်ခြောက်လမျှ ကြာသောအခါ ရုတ်တရက် ပေါ်လာပြီး သမီးများနှင့် မယားကို ဝမ်းနည်းစွာ ငိုသံပါကြီးနှင့်

"ဟဲ့ ဖွားကြီးနဲ့ သမီးတို့ ငါနင်တို့ဆီ မလာပေတဲ့ ဆွဲမှာ ငါဝင်ပြီးစီးပေးနေခဲ့တယ်။ ငါတစ်ကိုယ် ဝင်စီးတာဟာ ငါးခွက်တစ်ရာကို နှစ်ရာဖြစ်အောင် စီးပေးနေတယ်။ နင်တို့ ငါ့ကို မမြင်ရတော့ ဘာသိမလဲ။ ကဲ ကဲ ဒါတွေ ပြောနေဖို့ အချိန်မရဘူး။ ငါနင်တို့ကို နှုတ်ဆက်ချင်လွန်းလို့ အထက်နတ်ကြီးတွေထံ ခွင့်တောင်းပြီး ခဏကလေး ပြေးလာခဲ့ရတာ၊ ကြာကြာနေဖို့ အခွင့်မရဘူးဟဲ့။ ငါ့မှာ သရဲရိုးရိုးမဟုတ်တော့ဘဲ ဘွဲ့ထူးနဲ့ အတန်းတိုးလာလို့ စတုမဟာရာဇ် နတ်မင်းကြီးများ အမိန့်နဲ့ သူတို့ဆီမှာ ခစားရတော့မယ်။ ရှေးကလို လွတ်လွတ်လပ်လပ် မနေနိုင်တော့ဘူး။ ဒီတော့ အခု ငါလာတာဟာ နောက်ဆုံးလာခြင်းပဲ။ နင်တို့ကို မခွဲချင်ပေတဲ့ ခွဲရတော့မယ်"

ဟု ပြောရှာလျှင် ဒေါ်ဖွားကြီးနှင့် မယ်မှဲ့၊ မယ်နွဲ့တို့မှာ ရင်ဘတ်စည်တီး ရှိုက်ကြီးငင်ကြီး ငိုကြကာ . . .

"အို အဖေရဲ့ အခုတစ်ခါတည်း ပြန်မလာတဲ့ဆီ သွားတော့မလား အဖေရဲ့၊ ကျွန်မတို့ အဖေကိုမှ ကျွန်မတို့ မကြည့်ရတော့ပါလား။ အဖေသွားခါနီး ကျွန်မတို့ မြင်ရအောင် အဖေ့ကိုယ်ကို ပြခဲ့ပါ အဖေရဲ့"

ဟု ငိုယိုတောင်းပန်ကြပြန်ရာ သရဲကြီးဦးမင်းမောင်မှာ -

"မကြည့်ချင်ကြပါနဲ့ သမီးတို့ရာ။ အဖေ့ပုံကို သမီးတို့မြင်ရရင် လန့်နေကြလိမ့်မယ်။ မကြည့်ကြနဲ့"

ဟု ငြင်းပယ်သော်လည်း ဒေါ်ဖွားကြီးနှင့် သမီးများက မရမက နားပူကြသဖြင့် -

"ကဲ ကဲ ဒါလောက်ကြည့်ချင်ကြတာ ကြည့်ကြကြည့်ကြ ငါသွားပြီဟေ့"

ဟု တစ်ခွန်းပြောပြီး ကြောက်စရာကောင်းသော ထန်းပင်လောက်ရှိသည့် ကိုယ်ကြီးကို လျှပ်စီးလက်သလောက် လျှင်မြန်တိုတောင်းစွာ ပြ၍

ပျောက်ကွယ်သွားရှာသည်ပင် ဒေါ်ဖွားကြီးနှင့် သမီးများမှာ အတန်ကြာ မေ့မြောကျန်ရစ်ကြရပြီးနောက် ဦးမင်းမောင်မှာ မပေါ်လာတော့ဘဲ တစ်ခါတည်း အစပျောက် ပျောက်ကွယ်၍ သွားရှာလေသတည်း။

"အဲ ဒါပါပဲ ဆရာလေးရယ်၊ အဒေါ့်ယောက်ျားဟာ ဘယ်လောက် အကုသိုလ်များ ရှာသလဲဆိုတာ စဉ်းစားသာ ကြည့်ပေတော့။ အဒေါ်လည်း သူ့အတွက် သံဝေဂရလွန်းလို့ အင်းအလုပ်ကို တစ်ခါတည်း ဖြုတ်ပစ်လိုက်ပြီး သူရှာထားတဲ့ ပစ္စည်းတွေကို ဘုရားတည်၊ ကျောင်းဆောက်၊ အရပ်တကာက တန်ခိုးကြီးဘုရားတွေ ရောက်အောင်သွား၊ သူ့အတွက် ရည်မှန်းပြီး အလှူအတန်း အမျိုးမျိုးလုပ်လာခဲ့တာ အတော်ကြာပါပြီ။ အခုလည်း စစ်ကိုင်းချောင်မှာ ဆွမ်းကျွေးရင်း တန်ဆောင်းတစ်ခုလဲ ရေစက်ချရအောင် လာခဲ့တာပဲ ဆရာလေးရဲ့"

ဟု အင်းသူကြီးကတော်ဟောင်း ဒေါ်ဖွားကြီး၏ ပြောပြချက်အရ လူစင်စစ်က သရဲဖြစ်သွားရသော "တစ်ပွဲစား" ဦးမင်းမောင်၏ အတ္ထုပ္ပတ္တိကို မှုမှန်အတိုင်း အသိုင်းအဝိုင်း အပိုမပါဘဲ ရေးသားဖော်ပြလိုက်ရပေတော့သတည်း။

✦ ✦ ✦

# တောကြီးပျော်

## (၁၉၃၃-ခု၊ နိုဝင်ဘာလတွင် ရေးသားခဲ့ပါသည်။)

ဆရာလေး -

ကျွန်တော့်ဖေဖေအတွက် တိုင်ပင်ရန် ကိစ္စတစ်ခုရှိနေပါသဖြင့် အချိန်ရပါက တိုင်ပင်ရန် အခွင့်ပြုစေလိုပါသည်။

ယနေ့ မည်သည့်အချိန်လာခဲ့ရမည်ဟု ကျေးဇူးပြု၍ အကြောင်းပြန် ကြားတော်မူပါခင်ဗျား။

ဟူသော တောင်ပိုင်းစော်ဘွားလက်အောက်ခံ ငွေခွန်မှူး၊ မန်းပွဲ မြို့စား ဦးစောလှမောင်၏ သား မောင်စောချိုထံမှ ပေးပို့လိုက်သော စာအရ ယနေ့ည ကျေးဇူးရှင် ဆရာကြီး နိစ္စပါတ် အဓိဋ္ဌာန်ပုတီးစိပ်ချိန်နှင့် ကိုက်၍ လာခွင့်ပြုလိုက်သော အကြောင်းပြန်ကြားစာ ပေးပို့လိုက်ပြီးနောက်၊ ၎င်းတို့ ရောက်လာမည်ကို ဇရပ်ရှေ့ပိုင်းဆီမှ စောင့်ဆိုင်းရင်း တပည့်ငယ်နှစ်ယောက် နှင့်အတူ အလ္လာပ သလ္လာပ စကားများပြောနေကြစဉ် များမကြာမီ မောင်စောချို သည် တပည့်တစ်ယောက်နှင့်အတူ ပေါက်လာလေ၏။

မောင်စောချိုနှင့် ကျွန်တော် အသိအကျွမ်းဖြစ်ရသည်မှာလည်း လွန်ခဲ့သော လပြည့်အဖိတ်နေ့က သီပေါမြို့ပွဲစား ဦးစောရာတို့ အိမ်သားများ သည် ကျေးဇူးရှင်ဆရာကြီးကို ကန်တော့ရန် လာရောက်ကြသောအခါ မောင်စောချိုမှာလည်း တောင်ပိုင်းနယ်မှ ကိစ္စတစ်ခုနှင့် လာရောက်ပြီး ပွဲစားကြီး

အကြောင်းများ သိရှိသွားရုံမက ကျွန်တော်နှင့်လည်း အတော်စကားလက်ဆုံ ဝင်သွားကာ ပယောဂ ပညာအကြောင်းတွေကို ညဥ့်နက်သည့်တိုင်အောင် ပြောဆိုနှီးနှောမိလိုက်ကြသဖြင့် တစ်ဦးနှင့်တစ်ဦး မိတ်ဖြစ်ဆွေဖြစ်ဆိုသလို တစ်ခဏနှင့် အတော်မျက်မှန်းတမ်းမိလိုက်သူများဖြစ်လေ၏။

ယခင်တစ်ကြိမ်က မောင်စောချိုကို တွေ့ရသည်မှာ အပူအပင် အကြောင့်အကြမရှိ အတော်စိတ်အေးချမ်းပုံရလျက် အသစ်စက်စက် လှပ သပ်ယပ်သော အဝတ်အစားများကို ဝတ်ဆင်ထားသဖြင့် အဝတ်အစား သေသပ်ကျစ်လျစ်သူတစ်ယောက်ဟု ထင်ရသော်လည်း ယခုတစ်ခေါက်ရောက် လာသောအခါတွင်ကား ကပျစ် ကညစ်နှင့် ပစ်စလက်ခတ်ကြီး တွေ့မြင်ရပြီး၊ ဘိုကေကြီးများလည်း ယခင်တစ်ခေါက်က ချောပြောင်သပ်ယပ်နေသလောက် စုပ်ဖွားပွယောင်း စာဗူးတောင်း ဇာတ်ခင်းနေကာ အလွန်တရာ စိတ်ရှုပ်နေရှာ ကြောင်း ၎င်း၏ မျက်နှာကို မြင်ရခြင်းအားဖြင့် စုံထောက်ကြီး "ရှားလော့ဟုမ်း" လုပ်လိုသဖြင့် -

"ဩော် မောင်စောချိုရောက်လာပြီကိုး၊ လာ လာ ထိုင်ပေတော့ ဆရာလေးလည်း အခုပဲ ဒီကတပည့်ကလေးများနဲ့ စကားပြောရင်း မျှော်နေတာ ကလား။ ဘယ်လိုများ အရေးကိစ္စပေါ်လာပြန်တာတုံး မောင်စောချိုရဲ့"

ဟု ခရီးဦးကြိုပြု၍ မေးလိုက်သောအခါ မောင်စောချိုလည်း အိတ် ထဲမှ စာတစ်စောင်ကို ထုတ်ကိုင်ကာ -

"ဟော ဒီစာကြောင့်ပေါ့ဗျာ။ ကျွန်တော့်ဖေဖေ ဒုက္ခတစ်ခုတွေ့နေ လို့တဲ့"

"ဒီကိစ္စက အရင်သုံးနှစ်လောက်က တစ်ခါဖြစ်ပေါ်ဖူးတယ်။ အတော်ကြိုးစားခုခံလိုက်လို့ စိတ်ချလက်ချ နေနိုင်ပြီထင်ခဲ့တာ။ ဟော ဒီစာ ရောက်လာမှ ရုတ်တရက် အရေးကြီးလာမှန်းသိရတော့တာပဲ။ ဒါကြောင့်လဲ ဆရာလေးကို အားကိုးပြီး အရေးတကြီး ရောက်လာခဲ့ပါတယ်။ ကျေးဇူးပြုပြီး ကူညီပါဦးခင်ဗျာ"

ဟု ပူပင်သောကကြီးစွာနှင့် ပြောလေရာ ကျွန်တော်လည်း မောင်စောချို အတော်စိတ်အလုပ်များနေကြောင်း ရိပ်မိသိရှိရသည်အတိုင်း

"စိတ်ချပါမောင်စောချိုရယ်။ ဆရာလေးတို့တတ်နိုင်တဲ့ဘက်ကဆိုရင် ဘယ်အခါမဆို ကူညီဖို့ အသင့်ရှိပါတယ်။ မောင့်ကိစ္စကိုသာ ပြောစမ်းပါဦး။ မတော်တဆ ဆရာလေးတို့ မဖေးမကူနိုင်တဲ့ ကိစ္စမျိုးများဖြစ်နေမလား သိစမ်းပါရစေ"

"ဟာ ကိစ္စကတော့ ဆရာလေးတို့နဲ့ အများကြီး သက်ဆိုင်မဲ့ ကိစ္စမျိုးပါပဲ။ ဒါကြောင့်လည်း အားကိုးကြီးနဲ့ ပြေးလာခဲ့ရတာပါ။ ကူညီနိုင်ပါတယ်။ ကျွန်တော်ဆရာလေးတို့ အကြောင်းကြားသိပြီးပါ။ သည့်ထက် ခဲယဉ်းကြီးကျယ်တဲ့ ကိစ္စကြီးတွေလည်း သူပြော ငါပြော အစောကြီးထဲက သတင်းရပြီးဖြစ်ပါတယ်"

"အို ဒီလိုဆိုရင် စိတ်ချပါ။ ကိုင်း ကိုင်း အဖြစ် အပျက်ကို ပြောပါဦး"

"ဟုတ်ကဲ့ပြောပါမယ်။ အကြောင်းကတော့ အစကချီပြောရမယ်ဆိုရင် ဒီလိုခင်ဗျ . . .

ကျွန်တော်တို့ ဖေဖေမှာ အဆက်အနွယ်နဲ့ မျိုးရိုးအစဉ်အလာအတိုင်းဟို ရှေးတုန်းကတည်းက တောင်ပိုင်းနယ်မန်းပွဲမြို့ကို မြို့စားလုပ်ပြီး ငွေခွန်မှူးခေါ်တဲ့ ရာထူးကြီးကိုလည်း အစဉ်အဆက် သားစဉ်မြေးဆက်ဆိုသလို ဆက်ခံလာခဲ့ကြပါတယ်။ အစဉ်အဆက်အတိုင်း ငွေခွန်မှူး မြို့စားတွေ လုပ်လာခဲ့ကြတော့ သားစဉ်မြေးဆက်ဆိုတာလို ပစ္စည်းတွေလည်း အတော်ပဲ ချမ်းသာခဲ့ကြတယ် . . .

တစ်ဦးက စုဆောင်းလာခဲ့တဲ့ပစ္စည်းတွေကို နောက်တစ်ဦးက ဆက်ခံရသော်လည်း ပစ္စည်းတွေကို ရှိရင်းထက် လျော့ပါးသွားအောင် ဘယ်သူကမှ ဖြုန်းတီးလေ့မရှိကြတဲ့အပြင် တိုးသထက်တိုးအောင်သာ စုဆောင်းဖြည့်သွင်းခဲ့သွားကြတော့ ကြာလေတိုးလေဖြစ်နေတာပေါ့ခင်ဗျာ။ အဲဒါနဲ့ တိုတိုပဲ ပြောပါရစေတော့ . . .

ကျွန်တော်တို့အဘိုးရဲ့ အဖေဟာ ဘေးဆိုပါတော့ဗျာ။ အဲဒီကျွန်တော်တို့ဘေး မန်းပွဲမြို့စား ငွေခွန်မှူးကြီးဖြစ်စဉ်က ပစ္စည်းစုဆောင်းတဲ့နေရာမှာ သူတစ်ပါးထက် ထူးထူးခြားခြားလောဘရှေ့ထားပြီး ရသင့်ရထိုက်တာထက်ပိုရအောင်ဟာ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ရတဲ့နည်းနဲ့ လှည့်ယူပြီး ပစ္စည်းထုပ်ကြီးအောင် လုပ်ခဲ့တာပဲတဲ့။ ငွေခွန်မှူးဆိုတာ မြန်မာလိုအဓိပ္ပာယ်ပေါ်အောင် ပြောရမယ်ဆိုရင် အခွန်အတုတ် ကောက်ခံတဲ့ဘက်က အကြီးအကဲဆိုပါတော့ . . .

ဒီနယ်မှာ အခွန်အတုတ်ကောက်တဲ့နေရာမှာ သူ့သဘောအတိုင်းပဲ ရှေးတုန်းကတော့ ဘယ်အနေ ဘယ်အချိုး ကောက်ခံရမယ်ဆိုတာ စည်းကမ်းစနစ်အထူးမထားဘူး။ ငွေခွန်မှူးများရဲ့ လက်ထဲမှာပဲ အခွင့်အာဏာတွေထားတဲ့အတွက် ဘေးတော်ကြီးဟာလည်း လောဘနယ် ကျယ်ချင်တိုင်းကျယ်တော့တာပဲတဲ့။

ဆရာလေးကို ယုံကြည်တဲ့အတွက် မချန်မချွင်း မှန်ရာကိုလင်းရမယ်ဆိုရင် ကျွန်တော့်ဘေး ငွေခွန်မှူးကြီးဟာ ဘယ်လောက် လောဘနောက်လိုက်စားလွန်းအားကြီးသလဲဆို အခွန်အတုတ်တွေကို ဆင်းရဲချမ်းသာမရွေး တစ်ဆလောက်တိုးပြီး ကောက်ခံရုံမက ချမ်းသာတဲ့လူတွေအပေါ်ကဆိုရင် အခွန်အတုတ်အပြင် အမျိုးမျိုးအကြောင်းပြ နေရာရှာပြီးညှဉ်းယူတယ်။

အထက်စော်ဘွားကြီးတွေဆီတော့ ကောက်မြဲနှုန်းအတိုင်း စာရင်းလုပ်ပို့ပြီး ပိုတာတွေ သူ့ဘဏ္ဍာတိုက်ထဲ သွင်းလိုက်တာပဲတဲ့။ နောက်ဆုံးဗျာ။ ဓားပြတွေ တောပုန်းတွေတောင် သူကလက်သပ်မွေးထားသလိုလို ပြောကြတယ်။ နယ်ခြားနယ်စွန်က ခရီးသွားကုန်သည်များကို တိုက်လုယူပြီး သူ့အတွက်ဝေစုတစ်ဝက်ခွဲပေးရသတဲ့။ မရရင် ဒီဓားပြဟာ မသက်သာဘူး။ အသေရရ၊ အရှင်ရရ၊ ရအောင်ဖမ်းပြီး စီမံချင်သလို လှည့်စီမံလိုက်တာပဲလို့လဲ တစ်ဆင့်စကားကြားရတယ်ခင်ဗျာ . . . ။

အဲဒီလောက် လောဘကြီးတဲ့ အဘိုးကြီးဟာ နောက်ဆုံးတော့ဗျာ နောင်လွယ်ဆိုတဲ့ ရွာကလေးတစ်ရွာမှာ တောင်ယာလုပ်စားကြတဲ့ ရှမ်းတိုင်းရင်း

သား မုဆိုးမကြီးသားအမိနဲ့ သွားတွေ့ပါရောတဲ့။ သမီးဖြစ်တဲ့ ရှမ်းမကလေးက လည်း ချောလိုက် လှလိုက်တာ ငေးကြည့်ရမလောက်ပါပဲတဲ့။ အသက်အရွယ် ကလေးကလည်း ငယ်ငယ် ကျွန်တော်တို့ဘေးကြီးကလည်း ထက်မြက်သန်မြန် တဲ့ အရွယ်မို့ သူငယ်မကလေးကို အင်မတန်မျက်စိကျပြီး မရမကဆိုသလို ချော့စိတလှည့် ခြောက်တစ်ခါနဲ့ပဲ နောက်ဆုံးသိမ်းပိုက်လိုက်ပါရောတဲ့။

အဲဒီရှမ်းမကလေးနန်းကြိုင်ကို သိမ်းပိုက်ပေတဲ့ သူနေတဲ့ အိမ်ကို ဘယ်တော့မှ မခေါ်လာဘူး။ သူ့ရဲ့ လက်ထပ်မယားကြီးနဲ့ သားကြီး သမီးကြီး တွေလည်း အသိမခံဘူး။ နို့ပြီးတော့ ကောင်မကလေး သားအမိကိုလည်း မြို့စား ကြီးဆိုပြီး ဘာမှပေးကမ်းထောက်ပံ့ခြင်း မရှိဘူးတဲ့။ ကောင်မကလေးမှာ ငွေခွန် မှူးမယားငယ်အခေါ်ခံရပေတဲ့ တစ်ဝမ်းတစ်ခါးအတွက် အမေမုဆိုးမကြီးနှင့် အတူ ပင်ပန်းကြီးစွာနဲ့ တောင်ယာလုပ်စားရရှာပြီး မြို့စားကြီးလာတဲ့အခါ သူတို့ ရှာဖွေလုပ်ကိုင်ရထားတဲ့ စားဦးစားဖျားကလေးနဲ့တောင် ပြုစုညှော့ခံကျွေးမွေး ရရှာသတဲ့။

ကောင်မကလေးသဘောကတော့ အစက အချော့ကောင်းလို့ ချမ်းချမ်း သာသာကလေးများ နေရမလားလို့ ပုံထိုးအပ်လိုက်မိရှာတယ်။ နောက် လင် ရယ် မယားရယ် ဖြစ်လာတော့ မှန်းခြေနဲ့ မကိုက်ပကောလို့လည်း မပြတ်နိုင်၊ စိတ်မပျက်နိုင်ရှာတဲ့အပြင် ငယ်ငယ်ရွယ်ရွယ်က ဦးဦးဖျားဖျားတွေ့ရတဲ့ အချစ် ဦးမို့ အရူးအမူးချစ်နေရှာတော့ ကပ်စေးနည်းကော်တစ်ရာကြီးက ဘာမှမပေး မကမ်းဘူးပေတဲ့ စိတ်မကွက်နိုင်ဘူးတဲ့။ ဘယ်လောက်စီးပိုးတဲ့ အဘိုးကြီးလည်း ဆရာလေးရယ်။

အဲဒီလိုနေတုန်း ကောင်မကလေးအမေကြီး သေသွားတော့လည်း နန်းကြိုင်တစ်ယောက်တည်း နေရရှာပြီး တောင်ယာလုပ်မြဲတိုင်း လုပ်စားရရှာ သတဲ့။ မြို့စားကြီးက ကုဋ္ဌေကြွယ်ကြီးဖြစ်တဲ့အပြင် မနာလို ဝန်တိုနဲ့ သက်ာမကင်း ချင်တဲ့ စိတ်တွေကလည်း နန်းကြိုင်အပေါ်မှာ အင်မတန်များပြားပြီး တခြား ယောကျ်ားနဲ့ ရိုးရိုးတမ်းတမ်း စကားပြောလည်း မကြိုက်ဘူး။ မယုံသင်္ကာဖြစ်ပြီး ရိုက်လား နှက်လားလုပ်တယ်။ သူ့ဆီမှာလည်း ခေါ်မထားချင်ဘူး။ သူကလည်း

နန်းကြိုင်ဆီကို အခွန်ကောက်ရင်း တစ်လသုံးလေးခါလောက်သာ မြင်းနဲ့ ရောက်ရောက်လာတယ်။

အဲဒီလိုလာတဲ့အခါလည်း သူမရှိတုန်း အခြားတစ်ပါးယောက်ျားနဲ့ ဖောက်ပြားတယ်ထင်ပြီး အမျိုးမျိုးစစ်ဆေးခြိမ်းခြောက် ရိုက်နှက်တတ်သတဲ့။ နန်းကြိုင်ကလေးမှာ သစ္စာရှိရှိနှင့် နေပါသော်လည်း မြို့စားကြီးက မယုံမကြည်နဲ့ အထင်လွဲပြီး ညှဉ်းဆဲအားကြီးတော့ တဖြည်းဖြည်း မြို့စားကြီးကို စိတ်နာပြီး ရွံကြောက်ကြီး ကြောက်လာတယ်။ သို့ပေမယ့် "ပြေးစရာလည်းမြေမရှိ ပေးစရာလည်းငွေမရှိ"ဆိုသလိုဖြစ်နေလို့ ဒုက္ခသာကြိတ်ခံပြီး ကြံဖန်လုပ်ကိုင်စားနေရှာတယ်တဲ့ ဆရာလေးရဲ့"

"ဒါတော့ မလွန်လွန်းဘူးလား မောင်စောချိုရယ်။ ဒီမြို့စားကြီးဟာ ဒါလောက်တောင်ပဲဖြစ်ရသလား"

"အို ဆရာလေးက မယုံဘူးလား။ ကျွန်တော်တို့ ဘေးဘိုးအကြောင်းပဲဗျာ။ မကောင်းတာ ဘယ်မှာပြောချင်ပါမတုံး။ မပြောရင် ကိစ္စမတုန်းကြလို့သာ ဆရာလေးကို ယုံကြည်သဖြင့် ဖွင့်ပြောရတာပါ။ ဒီအကြောင်းတွေ ကျွန်တော်တို့တောင် ဟုတ်သလောက် အကုန်သိရသေးတာမဟုတ်ဘူး။ မလွှဲမကင်းသာလို့ မိဘဘိုးဘွားများ တစ်ဆင့်ဖွင့်ပြောထားခဲ့တာလောက်သာ သိရပါတယ်။ သူတို့ဂုဏ်သရေကို ထိခိုက်မှာစိုးလို့ ဒီအကြောင်း အပြင်လူတွေမသိရပါဘူး။ မြို့စားကြီးဟာ ခုပြောသလောက်ထက်တောင်မှ ပိုပါသေးတယ်ဗျာ။ ပိုလို့သာ ခုထက်ထိဆိုးဝါးသွားပြီး ခုလို ဒုက္ခကြီးတွေ ဆွေစဉ်မျိုးဆက် ကပ်ကျန်ရစ်ခဲ့တယ်လို့ ထင်တာပါပဲ"

"သြော် ဒီလိုလား။ ကဲ . . . ကဲ . . . ဒါဖြင့်ဆက်ပြောပါဦး"

"ဒီလိုနဲ့ဗျာ . . . ။ နန်းကြိုင်ဟာစိတ်ညစ်ညစ်နဲ့ တောင်ယာလုပ်ရင်း တောထဲတောင်ထဲလျှောက်ပြီး ထင်းခွေဟင်းရွက်ခူးနဲ့ တစ်နေ့တော့ ထင်းခွေလာရင်း မောမောရှိတာနဲ့ ကျောက်ကမ်းပါးကြီးတစ်ခုကို မှီပြီးထိုင်နေရာက စိတ်ညစ်ညစ်နဲ့ ကိုယ့်အကြောင်းကို စဉ်းစားမိတာတစ်ကြောင်း၊ သေသွားတဲ့အမေကြီးကို အောက်မေ့တာက တစ်ကြောင်းကြောင့် တစ်ယောက်တည်း ဝမ်းနည်းပက်လက်

နဲ့ ရှိက်ငိုမိရောတဲ့။ အဲ . . . ဒီလိုငိုနေတုန်း အင်မတန် မွှေးကြိုင်တဲ့ပန်းနံ့လိုလို အနံ့တစ်မျိုးကို ရှူမိတာနဲ့ ငိုရာကခေါင်းမော်ကြည့်လိုက်တဲ့အခါ ရွှေကြင်ခပ်ပဝါကို နှစ်ဖက်မိတ်ချပေါင်းပြီး လွန်းပုဆိုးကြီးစည်းထားတဲ့ လူပျိုချောချောကလေးတစ်ယောက် နန်းကြိုင်အနားရောက်လာပြီး နန်းကြိုင်ကို ဝမ်းနည်းပူဆွေးလှတဲ့မျက်နှာကလေးနဲ့ ရင်ကို မ,ရင်း မျက်ရည်တလည်လည်နဲ့ ကြည့်နေတာတွေ့ရတော့ . . .

နန်းကြိုင်မှာ ရုတ်ခနဲ အံ့အားသင့်သွားရာက ဒီလူရဲ့မျက်နှာကို ဘယ်တုန်းကမြင်ဖူးပါလိမ့်မလဲ။ တစ်ခါက ဒီမျက်နှာနဲ့ ငါနဲ့ဟာ အင်မတန် ရင်းရင်းနှီးနှီး ချစ်ချင်ခင်ခင်ကြီးနေဖူးပါတယ်လို့ ဇဝေဇဝါနဲ့တွေးရင်း စိုက်ငေးပြီး ကြည့်နေရှာသတဲ့။ အဲ ဒီလို နန်းကြိုင်က စိုက်ကြည့်တော့ အဲဒီလူက ဝမ်းနည်းပြီး မျက်ရည်တွေ တွေတွေစီးကျရင်း . . .

"နန်းကြိုင် . . . နန်းကြိုင် . . . နင် ငါ့ကို မမှတ်မိတော့ဘူးလား။ မေ့ပြီလား နန်းကြိုင်ရဲ့"

လို့ မချိပူဆွေးတဲ့အသံမျိုးနဲ့ တိုးတိုးကလေးပြောပြီး နန်းကြိုင်အနီးမှာ ထိုင်တော့ နန်းကြိုင်ကလဲ . . .

"ကျွန်မ ဖြုန်းခနဲ စဉ်းစားလို့မရဘူး မောင်ကြီးရယ်။ ကျွန်မစိတ်ထဲမှာတော့ တစ်ခါက မောင်ကြီးနဲ့ အတူနေဖူးတယ်လို့ထင်မိတယ်။ သို့ပေတဲ့ ဘယ်တုန်းကရယ်လို့ အမှန်မစဉ်းစားတတ်တော့ဘူး။ မောင်ကြီးသိရင်ပြောပါ မောင်ကြီးရယ်။ ကျွန်မလဲ အင်မတန်မှ ဒုက္ခရောက်နေပါတယ်။ မောင်ကြီးကို တွေ့ရတာ ကျွန်မစိတ်ထဲမှာ အားတစ်မျိုးတက်လာပါတယ်"

လို့ ပြောလိုက်ရင်ပဲ-

"နန်းကြိုင်ရယ် တစ်ဘဝကလေးခြားရုံနဲ့ ဒါလောက်မေ့ရသလား ကွယ်။ တို့အကြောင်းတွေ သတိမရတော့ဘူးလားဟဲ့ နန်းကြိုင်ရဲ့။ နင်နဲ့ငါလေ ဟိုဘက်နားက မန်စန်းရွာကလေးမှာ တောင်ယာလုပ်စားကြတဲ့ ပေါလှိုင်နဲ့ နန်းကြိုင်ဆိုတဲ့ လင်မယားနှစ်ယောက်အဖြစ်တုန်းက ဟောဒီကျောက်ကမ်းပါး

ကြီးတစ်လျှောက်မှာ ဘော်ခဲတွေ တွေ့ရတော့ ဝမ်းသာအားရနဲ့ ဒီပစ္စည်းတွေ ငါတို့တစ်သက် သုံးစွဲလို့ အကျိုးမရှိဘူး။ နောင် အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူတဲ့အခါမှ ကျောင်းတော်ဆောက်လှူကြစို့ရဲ့လို့ တိုင်ပင်အဓိဋ္ဌာန်ပြုပြီး လူမသိအောင် စောင့်ရှောက်လာရင်း ငါတို့လင်မယားသေတဲ့အခါ ဒီဘော်တောင်ကို စွဲလမ်းအားကြီးပြီး ဥစ္စာစောင့်လင်မယားဖြစ်နေကြတယ် မဟုတ်လား နန်းကြိုင်ရဲ့။ နှင်နဲ့ငါနဲ့ ဟောဒီဘော်တောင်သိုက်နန်းမှာ နှစ်ပေါင်းတစ်ရာ ကျော်တိုင်အောင် ပျော်ပျော်ပါးပါး စောင့်ထိန်းလာခဲ့ကြပြီးမှ နှင်က လူ့ပြည် ခဏ အလည်သွားပြီး အလှူအတန်းကလေးများ ပြုချင်သေးတယ် မောင်ကြီး ရယ်ဆိုပြီး ငါ့ကို ခွဲထားခဲ့တာဟာ နှင် အခု လူ့ဘဝမှာ အပျော်ကြီးပျော်မွေ့ပြီး လင်ဟောင်းကို မေ့သွားပါလား နန်းကြိုင်ရယ်”

လို့ မျက်ရည်စက်လက်နဲ့ပြောတဲ့အခါ နန်းကြိုင်မှာလဲ ဘဝဟောင်း ကအကြောင်းတွေ တရေးရေးထင်မြင်လာပြီး တစ်ခါတည်း ချုံးချငိုကြွေးမိရှာသ တဲ့။ အဲဒီလို နန်းကြိုင်က ယူကြုံးမရနဲ့ငိုတော့ ဥစ္စာစောင့် မောင်ပေါလှိုင်မှာ မကြည့်ရက် မမြင်သာနဲ့ -

“မငိုပါနဲ့ နန်းကြိုင်ရယ် . . . နှင်ငိုတာမြင်ရတော့ မောင်ကြီးလဲ အင်မတန်မှ ဝမ်းနည်းတယ်ကွယ်။ လာလာ တွေ့တဲ့အခါ ကိုယ့်နေရာဟောင်း ကို လိုက်ကြည့်လှည့်ပါဦး။ နှင်လဲ အနှစ်သုံးဆယ် အခွင့်တောင်းသွားတဲ့အတိုင်း အချိန်ကာလစေ့ရင် ပြန်လာရမှာပဲ။ ဘာမှဝမ်းမနည်းနဲ့ကွယ်”

ဆိုပြီး သူ့ဘော်တောင်သိုက်နန်းကြီးထဲ ခေါ်သွားတယ်တဲ့။ နန်းကြိုင် မှာ ဝမ်းသာဝမ်းနည်းနှင့်ပါသွားပြီး ကြီးကျယ်ခမ်းနားတဲ့ ကိုယ့်သိုက်နန်းကြီး ပြန်ရောက်သွားတဲ့အပြင် ကျောက်ရုပ်ပမာ ဝိညာဉ်မရှိတဲ့ ဥစ္စာစောင့်နန်းကြိုင် ရဲ့ ခန္ဓာကိုယ်တစ်ခုဟာလဲ ရွှေပန်းခိုင်တစ်ခုကိုကိုင်ပြီး ဘုရားဝတ်ပြုနေတဲ့ သဏ္ဌာန်မြင်ရပြီး အဲဒီရုပ်နဲ့ ယခုဘဝ နန်းကြိုင်ရဲ့ရုပ်ရေမှာလဲ အဝတ်အစား တစ်ခုသာကွဲလွဲပြီး ပုံပန်းသဏ္ဌာန်မှာ တစ်သဝေမလွဲ တစ်ပုံတည်းထုထားတဲ့ ပန်းချီရုပ်များလို အင်မတန်တူတာပဲတဲ့။ အဲဒီတော့မှ နန်းကြိုင်ကလဲ ဘဝ

ဟောင်းကအကြောင်းတွေ အကုန်ပြန်သတိရပြီး မချိမဆန့်ကြီး ငိုပစ်လိုက်မိတယ်။

"မောင်ကြီးရယ် လူ့ဘဝကို ခဏသွားရရင် အင်မတန်ပျော်လိမ့်မယ်လို့ ထင်ခဲ့မိတာတွေ မှားပြီမောင်ကြီးရဲ့။ ခုတော့ မပျော်တဲ့အပြင် ဒုက္ခကြီးကို တလိန်လိန်ကြိတ်မှိတ်ပြီး အနှိပ်စက်ခံနေရတဲ့အတွက် ဘဝဟောင်းကိုသာ ပြန်ပြေးလာချင်တော့တာပဲ မောင်ကြီးရယ်"

လို့ သူ့အဖြစ်အပျက်နဲ့ မြို့စားကြီး နှိပ်စက်ညှဉ်းဆဲတာတွေပါ ပြောပြပြီး ငိုရှာသတဲ့။ ပေါလှိုင်မှာလဲ နန်းကြိုင်ကို သနားပြီး ယူကျုံးမရကြီးဖြစ်နေရှာပါရောတဲ့။ သို့ပေတဲ့ နန်းကြိုင်မှာ နှစ်,မစေ့သေးတော့ ပြန်မခေါ်နိုင်သေးတာနဲ့ -

"ကဲ ကဲ ငါ့မိန်းမရယ် ဘာမှအားမငယ်ပါနဲ့၊ အချိန်အခါစေ့ရင် အထက်ကလူကြီးတွေ အမိန့်တောင်းပြီး ငါလာခေါ်မယ်။ ဖြစ်မိတဲ့ဘဝမှာ ပျော်ပျော်ပဲသည်းခံပြီးနေပါ နှစ်မရယ်။ မောင်ကြီးဆီကိုလဲ မကြာမကြာလာတာပေါ့။ နှစ်မသုံးဖို့ ဘော်လုံးတစ်လုံးပေးလိုက်မယ်နော်။ ဒါပေတဲ့ တစ်ခုသတိပေးလိုက်မယ် နန်းကြိုင်ရေ ငါတို့နေရာကို ဘယ်သူမှမသိစေနဲ့နော်။ မတော်တဆ သိုက်ဆရာတွေသိသွားရင် မောင်ကြီးတို့ ဒုက္ခများရလိမ့်မယ်"

ဆိုတာမှာပြီး နန်းကြိုင်ကိုလဲ သိုက်နန်းအပြင်ထိအောင် လိုက်ပို့လိုက်ရှာသတဲ့။ နန်းကြိုင်တော့ ဘာပြောကောင်းမလဲ သူ့လင်ပေါလှိုင်နဲ့ခွဲပြီး လူ့ဘဝထဲလာနေမိတာ ကိုယ့်ဒုက္ခကိုယ်ရှာတာပဲဆိုပြီး ယူကျုံးမရ ငိုလို့ချည်းနေမိရှာပြီး မြို့စားကြီးကိုလဲ နဂိုကဘဝဟောင်း မေ့လျော့စဉ် အချစ်ရေဝင်ခဲ့မိတာကိုပင် ပြန်ပြီးနှမြောနေမိသတဲ့။ ဒါနဲ့ တိုတိုပြောရမှာဖြင့် နန်းကြိုင်ဟာ ဘဝဟောင်းက စိတ်တွေဝင်လာတဲ့နေ့ကစပြီး နဂိုက နှိပ်စက်လွန်းလို့ မေတ္တာပျက်နေတဲ့ မြို့စားကြီးကို တစ်ခါတည်း မုန်းပစ်လိုက်ပါရောတဲ့။

အဲဒီလို အမုန်းတိုးနေတုန်း မြို့စားကြီးလဲ သူလာတဲ့အခါ ရှေးကလိုပဲ မသက်မှုနဲ့ ရိုက်နှက်ညှဉ်းဆဲနေပြန်တယ်။ လင်ဟောင်း ပေါလှိုင်နဲ့တွေ့ပြီး

ကတည်းက ရှေးကနဲ့မတူ အမှုပျက်နေတဲ့ နန်းကြိုင်ကို မြို့စားကြီးကပိုပြီး မသက်ာတော့ မသက်ာလေ ရိုက်နှက်ညှဉ်းဆဲလေပဲဖြစ်နေပါရော။

အဲဒီလိုနေတုန်း မသုံးရက်လို့ လုံခြုံအောင်ဝှက်ထားတဲ့ ဘော်လုံးကြီးကို မြို့စားကြီးတွေ့မြင်သွားတော့ လောဘသားကြီးက သွားရည်တမြားမြားကျပြီး နန်းကြိုင်ကို ဒီဟာဘယ်ကရသလဲ၊ ဘာလဲနဲ့ စစ်ဆေး။ နန်းကြိုင်ကလဲ မပြောဘူး။ တော်တော်လှည့်ပြောနေပေတဲ့ မြို့စားကြီးမှာ ဒီဘော်တုံးဘော်ခဲမျိုးဟာ အရိုင်းတုံးကြီးတွေဖြစ်တဲ့အတွက် ဘော်ထွက်တဲ့နေရာက ကောက်လာတယ်ထင်ပြီး တွေ့တဲ့နေရာကိုပြောရမယ်။ မရမက နှိပ်စက်ညှဉ်းဆဲမေးတယ်-

နန်းကြိုင်ကလဲ ဘူးခံနေ။ နောက် ဘယ်သူကပေးသလဲ၊ ဘယ်ကရသလဲ၊ ရတဲ့နေရာပြောနဲ့ မရမကမေးလို့မရတဲ့အဆုံးကျတော့ နန်းကြိုင်ရဲ့ လက်ထိပ်ကလေးတွေကို သံစူးနဲ့ဆွမေး၊ သံပူနှိပ်မေးနဲ့ အင်မတန် အခံရခက်တဲ့ ညှဉ်းဆဲနည်းတွေနဲ့ချည်း လောဘကြီးတိုင်း မပေါ်မခြင်းစစ်တော့ နန်းကြိုင်မှာ မခံမရပ်နိုင်အောင်ဖြစ်ပြီး နောက်ဆုံး မှန်ရာဖွင့်ပြောလိုက်ရရှာတယ်-

အဲဒီလိုပဲပြောလိုက်ရော မြို့စားကြီးမှာ အကြံကြီးတစ်ခုရသွားတာပေါ့။ ဒီအကြံက သူများလို ဘော်တောင်ကို သိုက်ဆရာနဲ့ဝင်ပြီး သိုက်တူးဖို့ မဟုတ်ဘူး။ နန်းကြိုင်ကို မကြာခဏသွားတောင်းခိုင်းပြီး မကုန်မချင်းသယ်ယူဖို့ကြံတာကိုး ဆရာလေးရဲ့"

"အဲ ဒါနဲ့ နေ့ရှိသမျှ နှိပ်စက်ညှဉ်းဆဲပြီး ဘော်တုံးဘော်ခဲကြီးတွေကို တောင်းစေတာပါပဲ။ နန်းကြိုင်မှာလဲ ရိုက်နှက်ညှဉ်းဆဲမှ သက်သာပါစေတော့လို့ သွားတောင်းရရှာတယ်။ ပေါလှိုင်မှာလဲ နန်းကြိုင် အညှဉ်းဆဲ အနှိပ်စက်ခံရတာ မကြည့်နိုင်ရှာလို့ လက်ချည်းပြန်သွားရင် သေလုမြောပါးရိုက်မှာ မမြင်ရက်တာနဲ့ လာတောင်းဟိုင်း တောင်းတိုင်းလဲ ဘော်ခဲတွေပေးလွှတ်ရှာရသတဲ့။ မြို့စားကြီးမှာလဲ လောဘသားပီပီ 'ရလေလိုလေ အိုတစ္ဆေ'ဆိုတဲ့ ကိန်းမျိုးထဲကျပြီး ရနိုင်သမျှ ရအောင်တောင်းခိုင်း။ ရတိုင်း ရတိုင်း သူ့ဘဏ္ဍာတိုက်မှာ ဖြည့်သွင်းနေခဲ့တာကိုး -

နန်းကြိုင်ကလဲ ပေတေတေပဲတဲ့။ တော်ရုံတန်ရုံခိုင်းရုံနဲ့ ဘယ်တော့မှ သွားမတောင်းဘူး။ မတန့်အတန် ရိုက်မောင်းပုတ်မောင်းလုပ်မှသွားသတဲ့။ သူကလဲ ဥစ္စာစောင့်ပဲကိုး။ ဘယ်သဒ္ဓါပေမလဲ။ ပေါလှိုင်ကလဲ ဘုရားပစ္စည်းမို့ မပိုင်ပေတဲ့ နန်းကြိုင် ဒုက္ခရောက်တာ မမြင်ရက်နိုင်တာနဲ့ ပေးနေရရှာတဲ့ အတွက် နောက်ဆုံးမှာ အထက်ဆိုင်ရာက ဒဏ်ခပ်ထားခံရရှာရော။ နန်းကြိုင်လဲ ပေါလှိုင် ဒဏ်ခပ်ခံရတာ သိတဲ့နေ့စပြီး မြို့စားကြီး ဘယ်လိုနှိပ်စက် နှိပ်စက် အသက်သေချင်သေပေစေဆိုပြီး တစ်ခါတည်းမသွားတော့ဘဲ ပေပြီး အနှိပ်စက် ခံနေလိုက်တော့ မြို့စားကြီးမှာ လောဘဇောအရှိန်မသပ်နိုင်ဘဲ နောက်ထပ် လိုချင်တိုင်းမရ၊ မရလေ နန်းကြိုင်ကို ရိုက်နှက်ညှဉ်းဆဲ သံပူနဲ့ထိုး၊ သံချွန်နဲ့ထိုး၊ အသား ဓားဦးနဲ့ပေါက်နှင့် အမျိုးမျိုးညှဉ်းဆဲပါများလာတဲ့အတွက် နေ့ရက် မကြာခင်ပဲ နန်းကြိုင်ဟာ မြို့စားကြီးနှိပ်စက်တဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ နှစ် အပိုင်းအခြားမစေ့ခင် သေရရှာတယ်။

နန်းကြိုင်သေတဲ့နောက် မြို့စားကြီးဟာ စိတ်မလျှော့ဘဲ နန်းကြိုင် သွားတတ်တဲ့အနား စောင်းပါးရိပ်ခြေ လိုက်ချောင်းခဲ့တဲ့အတွက် အဲဒီနေရာ တစ်ဝိုက်မှာ သိုက်ရှိမယ်အထင်နဲ့ အမြဲလိုက်ပြီး စုံစမ်းရှာဖွေနေတယ်။ သူ့ လက်ထက်မှာ ရှာလို့မရရင် နောက်သား နောက်သမီးတွေလက်ထက်မှာ လိုက် ရှာကြဖို့ သူ့အဖြစ်အပျက်၊ နန်းကြိုင် အဖြစ်အပျက်၊ နန်းကြိုင်ဆီမှ တစ်ဆင့် စကားကြားရတဲ့ ပေါလှိုင်နဲ့ နန်းကြိုင်တို့ရဲ့ ဥစ္စာစောင့် အဖြစ်အပျက်များကို ပေစာနဲ့ရေးပြီး မှတ်တမ်းတင်ထားခဲ့တယ်။

"နောင်မလွယ်ဆိုတဲ့ ရွာတစ်ဝိုက်မှာ ဘော်တောင်သိုက်လိုက်ရှာရ တာလဲ ဖတ်ဖတ်မောနေတာပဲ။ နန်းကြိုင်ကလဲ ဥစ္စာစောင့်ဘဝကို နှစ် မစေ့သေးလို့ မပြန်နိုင်ပေတဲ့ အယူတိမ်းလို့ အစိမ်းသရဲမကလေးဖြစ်ပြီး မြို့စားကြီးကို အငြိုးမပြေဘဲ အမြဲလိုက်ပြီး နှောင့်ယှက်ခြောက်လှန့်နေတာပဲတဲ့။

အဲဒီလိုနဲ့ မြို့စားကြီး ဘော်တောင်သိုက်လိုက်ရှာနေတာ ဆယ်နှစ် ကျော်ကြာသည့်တိုင်အောင် အရိပ်အငွေ့မှ မတွေ့ရဘူးတဲ့။ နို့ပြီး ထူးခြားတဲ့

အချက်တစ်ခုက အစိမ်းမ နန်းကြိုင်လဲ ဆယ်နှစ်လောက်ရှိတဲ့နောက် မြို့စား ကြီးကို မခြောက်မလှန့်တော့ဘူး။ တစ်ခါတည်း ပျောက်ကွယ်ပြီး ဘဝကူးသွား ရှာသလား၊ ဥစ္စာစောင့်ဘဝ ပြန်ဝင်သွားရသလား မဆိုနိုင်ဖြစ်နေတုန်း မြို့စား ကြီးဟာ တစ်နေ့သ၌ အခွန်အတုတ်ကောက်ခံရေးကိစ္စနဲ့ပတ်သက်ပြီး နယ်လှည့် ထွက်လာလို့ ဘော်တောင်သိုက်တည်ရှိတဲ့ ကျောက်တောင်ခါးပန်းကြီးနား မြင်းနဲ့ ဖြတ်သီသွားတော့မှ နန်းကြိုင်ဟာ ဥစ္စာစောင့်အသွင်နဲ့ မြို့စားကြီးကို ကိုယ် ထင်ပြပြီး-

လူ့ဘဝဟောင်းကလင်မို့ သံယောဇဉ်မပြတ်နိုင်သလို ပုပ္ပံပန်းဟန် မျိုးကလေးနဲ့ မြို့စားကြီးကို လက်ကလေးနှစ်ဖက် ဆန့်တန်းပြီး လွမ်းဆွတ်တဲ့ အထိမ်းအမှတ်တွေ ပြနေတာကိုး။

နန်းကြိုင်ရဲ့တစ်ကိုယ်လုံးမှာလဲ ရတနာ စိန်ကျောက် ဝင်းဝင်းတောက် တဲ့ ပုတီး လက်ကောက်တွေ ညွတ်နေအောင်ဝတ်ဆင်ပြင်ထားတာ တွေ့ရတဲ့ အပြင် ဘော်တောင်သိုက်နန်းရှင်မကလေးဖြစ်နေတော့ လောဘသားကြီးမှာ ပစ္စည်းမျက်နှာနဲ့ ပျားရည်ပေါ်သကာလောင်းသလို ကောင်းကောင်းကြီး မျက်နှာထားချိုပြီး-

"နန်းကြိုင်ရေ . . . နန်းကြိုင်။ နင့်ကို ငါ အင်မတန်လွမ်းဆွတ် သတိရပါတယ်ကွယ်။ ဥစ္စာစောင့်မကလေးရယ် နင့်ကိုတွေ့မလားလို့ ဒီအနား တစ်ဝိုက်မှာ မကြာမကြာလာရှာနေတာတွေများ မသိဘူးလားကွယ့် မိန်းမရဲ့ ဘာရဲ့နဲ့ပေါ့လေ။ ချစ်မြတ်နိုးလှတဲ့ဟန်နှင့် အဆမတန် ပရိယာယ်ဆောင်ပြ လိုက်ရင်ပဲ ဥစ္စာစောင့် နန်းကြိုင်ကလဲ-

"မြို့စားကြီးရယ် နန်းကြိုင်ကလဲ အချစ်မပျက်ပါဘူး။ အကြောင်း ကုန်လို့ ကွဲကြရသော်လည်း စိတ်ထဲကတော့ လွမ်းရက်ပါ။ နှမတော်စံရာ ဘော် တောင်သိုက်ကြီးကို ရောက်တဲ့အခါ ဝင်ပြုကြည့်သွားပါဦး။ မောင်ကြီး ပေါလှိုင် လဲ မရှိတဲ့အခါ စိတ်ရှိလက်ရှိ လိုက်ပြစမ်းပါရစေ မြို့စားကြီးရဲ့"

နဲ့ ကန္တဲ့ကလျကလေးပြောတော့ မြို့စားကြီးမှာ ဝမ်းအသာကြီးသာပြီး-

"လိုက်ရတာပေါ့ နန်းကြိုင်ရယ်။ ငါလဲ နင်တို့သိုက်နန်းကြီးကို အင်မတန် ကြည့်ချင်ပါတယ်။ ပြစမ်းပါ"

လို့ ပြောတာနဲ့ ဥစ္စာစောင့် နန်းကြိုင်ဟာ မြို့စားကြီးကို သူစောင့်ကြပ်တဲ့ သိုက်နန်းကြီးထဲခေါ်သွားပြီး ရတနာပစ္စည်းအမျိုးမျိုးတွေ၊ ဘော်တုံးဘော်ခဲကြီးတွေ တမျှော်တခေါ်ကြီးလိုက်ပြတဲ့အခါ မြို့စားကြီးမှာ လောဘဇောကြီးဝင်ပြီး လိုချင်တဲ့စိတ်တွေကြောင့် သွားရည်တမြားမြားကျပြီး-

"နန်းကြိုင်ရယ် နင့်မှာ ဒါလောက်ပေါများနေတဲ့ပစ္စည်းတွေကို ငါ့ကို နည်းနည်းပါးပါး ဝေငှပေးပါလား"

လို့ တောင်းလိုက်ရင်ပဲ နန်းကြိုင်က ပြုံးပြုံးကလေးကြည့်ပြီး-

"မြို့စားကြီးရယ် ရှင်နဲ့ကျွန်မဟာ လူ့ဘဝက လင်မယားပေမယ့် ယခုဘဝမှာလဲ အရင်ကလိုပဲ သဘောထားပါတယ်။ ကျွန်မပစ္စည်းလဲ မြို့စားကြီးပစ္စည်းလိုပဲ သဘောထားပြီး ဒီဟာတွေ ငါပိုင်တဲ့ ပစ္စည်းရယ်လို့ မှတ်ထားတာပေါ့။ ဘာလုပ်မယ့် ပင်ပန်းခံပြီး သယ်ပိုးယူချင်ရသတုံး။ ကျွန်မဆီမှာ အားလုံးစုပုံပြီးထားတာပေါ့။ အရင်ပေးထားတဲ့ ဘော်ခဲများကို ပြန်ယူလာခဲ့ပါ။ ဒီမှာ တစ်စည်းတစ်လုံးတည်း ပေါင်းထားရအောင် မြို့စားကြီးရယ်။ ယနေ့ပြထားတဲ့ ပစ္စည်းတွေဟာ အရိမေတ္တယျဘုရား ပွင့်တော်မူတဲ့အခါ ကျောင်းဆောက်စရာထားတဲ့ပစ္စည်းများ မဟုတ်သေးဘူး။ ကျွန်မပိုင်တဲ့ ပစ္စည်းတွေပါ။ ကဲ လိုက်ကြည့်စမ်း ဘယ်လောက်များသလဲလို့။ ဒါကြောင့်မို့ မြို့စားကြီးပိုင်ပစ္စည်းရော ဒီမှာရောပြီး ထားရအောင်။ နောက် အလိုရှိတဲ့အခါ အသုံးလိုတဲ့အခါလဲ သယ်ယူတာပေါ့။ ယခုမြင်ရတဲ့ပစ္စည်းတွေ ကျွန်မပိုင်ချည်းပဲ။ အားလုံးကုန်အောင် လှည်းနဲ့တိုက်ယူချင်ယူ၊ ကျွန်မ ဘာမှမကန့်ကွက်ပါဘူး။ သဒ္ဓါပေါက်ပါတယ် . . ."

ဘာရယ်နဲ့ မြှုခွဲပြောတာတစ်ကြောင်း လောဘကြီးလှတဲ့ မြို့စားကြီးမှာလဲ သူ့ပစ္စည်းထက် အဆမတန်များပြားနေတဲ့ နန်းကြိုင်ရဲ့ပစ္စည်းများကို ပူးပေါင်းထားပြီးမှ တစ်နေ့သဥ္စ အကုန်သယ်ယူဖို့ အကောက်ဉာဏ်နဲ့-

"ကောင်းပါပြီ။ သူ၏ပစ္စည်းများ ယူလာပါမယ်"လို့ တာဝန်ခံလိုက်တာကိုး ဆရာလေး။

အဲဒီလိုလဲ မြို့စားကြီးက တာဝန်ခံလိုက်ပါရော နန်းကြိုင်မှာ အလွန်တရာ ကျေနပ် သဘောကျသွားတဲ့မျက်နှာထားမျိုး ပြောင်းသွားပြီး-

"ကဲ ကဲ ဒါဖြင့် ရောက်တဲ့အခါ ဥစ္စာစောင့်သိုက်နန်းက ထူးဆန်းမွန်မြတ်ပဲ့ လက်ဆောင်ပဏ္ဏာကောင်းကလေးများနှင့် ဧည့်ဝတ်ပြုလိုက်ပါရစေ မြို့စားကြီးရဲ့။ ကြွပါ ကြွပါ ဟောဒီသိုက်ခန်းကြီးအတွင်းမှာ အဆင်သင့်ပြင်ထားပါတယ်"

လို့ ပြောပြီး တစ်ဖက်ကအခန်းကြီးထဲကို လောကွပ်ပျူငှာနဲ့ ခေါ်သွားတော့ မြို့စားကြီးမှာလဲ ပြုံးပြုံးနဲ့ နှလုံးလေခွေ့ပြီး ပါသွားပါရောတဲ့။ အဲဒီအခန်းကြီးထဲလဲဝင်မိရော ဝင်လာတဲ့ ကျောက်တံခါးကြီးဟာ ဂျိန်းခနဲပိတ်သွားတဲ့အတွက် မြို့စားကြီးမှာ လန့်ပြီး နောက်လှည့်ကြည့်မိရင်ဘဲ အမွေးစုတ်စုတ်နဲ့ မည်းမည်းတုတ်တုတ် အကောင်ကြီးတစ်ကောင်ဟာ တံခါးဝက ကားယားခွ ရက်ကြီးပေါ်လာသတဲ့။ နို့ပြီး အခန်းထဲကြည့်လိုက်တော့ အခန်းရဲ့အလယ်မှာ ကြောက်စရာကောင်းလှတဲ့ မည်းမည်းနက်နက်သရဲ သဘက်ကောင်ကြီး လေးငါးကောင်ဟာ ဆူးချွန်တွေ စိုက်ထားတဲ့ လက်ရိုက်တုတ်ကြီးတွေကိုင်ပြီး ရပ်ကြည့်နေကြတယ်။ မြို့စားကြီးမှာ ရုတ်တရက် အားငယ်သွားပြီး နန်းကြိုင်ကို အားကိုးတကြီးအနေနဲ့ လှည့်ကြည့်လိုက်ရင်ပဲ နန်းကြိုင်ရဲ့မျက်နှာဟာ တွေ့ကာစကလို ပျူပျူငှာငှာ ဖော်ဖော်ရွေရွေမရှိတော့ရုံမက ကြောက်ဖွယ်လိလိ ခက်ထန်ရက်စက်တော့မယ့် မျက်နှာထားမျိုးကြီးတွေ့ရတဲ့အခါ မြို့စားကြီးမှာ အားငယ်သွားပြီး-

"နန်းကြိုင်ရယ် နန်းကြိုင်ရဲ့ . . . ငါ့ကို နှိပ်စက်တော့မလားဟဲ့။ ငါကတော့ နင့်ကို အောက်မေ့လွန်းလို့ ဒုက္ခခံပြီးလာရတယ်။ နင်ကတော့ ငါ့ကို ရန်သူကြီးလို သဘောထားပြီး နှိပ်စက်တော့မလားကွဲ့."

လို့ အသနားခံလိုက်ရင်ပဲ နန်းကြိုင်က ရက်ရက်စက်စက် တအားရယ်ပစ်လိုက်ပြီး . . .

"ဟော့ မြို့စားရဲ့ မင်းကငါ့သိုက်နန်းကပစ္စည်းလိုချင်လို့ ပရိယာယ်ဆင်ပြီး လိုက်လာတဲ့လူ၊ ငါကလဲ ငါ့ပိုင်နက်ထဲဝင်မိရင် စိတ်ရှိလက်ရှိ လက်စားချေပြီး ပေးထားတဲ့ ပစ္စည်းတွေပြန်ရအောင် တောင်းယူဖို့ ပရိယာယ်ဆင်ပြီး သွေးဆောင်ခေါ်ယူခဲ့ရတဲ့လူ ဉာဏ်သမားချင်း အတူတူပဲ၊ သို့သော်လဲ ယခုတော့ ဦးမြို့စား ကျုပ်လက်တွင်းရောက်ပြီ၊ နောက်နောက် ဘဝက ကျုပ်ကို ညှဉ်းဆဲသမျှ အတိုးချပြီး လှလှကြီးကျေးဇူးဆပ်လွှတ်လိုက်ရမှာပဲ။

ကဲ . . . ကဲ ဟော့ တပည့်တို့ရေ ခေါ်ကြပေတော့ ဒီကပြန်သွားလို့ရှိရင်တော့ အရင်သိမ်းယူထားတဲ့ ဘော်တုံး၊ ဘော်ခဲများကို ဆက်ဆက်ကြီး လာပို့လှဲ့ပါ၊ ကျွန်မကို ငဲ့ညာလို့ ဘော်ခဲတွေပေးမိတဲ့ အပြစ်နဲ့ မောင်ကြီးပေါ်လှိုင်မှာ အထက်ကဒဏ်ပေးတာ ခံနေရလို့ ကျွန်မက မြို့စားကြီးဆီက ပစ္စည်းတွေပြန်ရရုံမက သူပိုင်ပစ္စည်းများကိုပါ အဆစ်ပါလာအောင် ပြန်ယူပေးပါမယ် မောင်ကြီးပေါ် လှိုင်ကို အပြစ်မှချမ်းသာပေးပါဆိုတာ အထက်လူကြီးတွေဆီမှာ တာဝန်ခံထားရတယ် မြို့စားကြီးရဲ့"

ဟု ပြောပြီး ပျောက်ကွယ်သွားရောတဲ့။ အဲ . . . ဒီအခါကျမှ လူနက်ကြီးတွေဟာ မြို့စားကြီးကို ခွေးသေကောင်လင်းတဆွဲသလို သူတလက်၊ ငါတစ်လက်ဆွဲပြီး တစ်ယောက်တစ်ချက် သံစူးချွန်ပါတဲ့တုတ်ကြီးတွေနဲ့ ကျောငါးဆယ်၊ ရင်ငါးဆယ် ဒဏ်တစ်ရာခတ်ကြပေတော့ မြို့စားကြီးမှာ နာကျင်လှတဲ့ ဝေဒနာနဲ့ ကျွဲအော်၊ နွားအော်၊ အော်ပြီးခံရရှာတယ်။ နန်းကြိုင်နဲ့ ပေါ်လှိုင်တို့မှာ တစ်ယောက်ခါးတစ်ယောက်ဖက်ပြီး မြို့စားကြီးဟစ်အော်နေသလောက် တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး ပြုံးစိစိကြီးတွေကြည့်နေကြသတဲ့၊ အဲဒါနဲ့ပဲ မြို့စားကြီးမှာ ကျောငါးဆယ်၊ ရင်ငါးဆယ် ဒဏ်တစ်ရာခတ်ပြီးလို့ သေလုမြောပါး သတိ

လစ်နေတော့မှ သွေးသံတရဲရဲနဲ့ အမဲဖျက်ထားသလိုဖြစ်နေတဲ့ ကိုယ်ကြီးကို သူစီးလာတဲ့မြင်းကြီးပေါ် ချည်နှောင်တင်ပေးလိုက်လို့ မြင်းကလဲ သူ့အလိုက် ဖာသာ မြင်းဇောင်းကို ပြန်ရောက်လာတော့မှ မြို့စားကြီးအိမ်ကလူများနဲ့ သား မယားတွေမှာ မြင်းပေါ်က အသက်ယဲ့ယဲ့နဲ့ပါလာတဲ့ မြို့စားကြီးကိုတွေ့ရတော့ ရင်ဘတ်စည်တီး အပူကြီးပူပြီး အမျိုးမျိုးအနည်းနည်းနဲ့ ဆေးဝါးကုသကြတဲ့အခါ

ဒဏ်ရာတွေရတ်တရက် မသက်သာပေတဲ့ မြို့စားကြီးမှာ ပကတိလူ ကောင်းများလို အသက်ယဲ့ယဲ့နဲ့ လဲနေရာက ဖြုံးခနဲထထိုင်ပြီး သူဖြစ်ပျက်ခဲ့ရ ပုံတွေကို အကုန်ပြန်ပြောတာပဲတဲ့၊ အဲဒီလိုပြောပြီးတာနဲ့ တစ်ပြိုင်တည်း သွေးရူးသွေးတန်းလိုလို သူ့ပစ္စည်းတွေ ပြန်ပို့ရမယ်။ သူ့ပစ္စည်းတွင်မက ငါ့ပစ္စည်းတွေကိုပါ သွားပေးရတော့မယ်။ နင့်ဆီက လူနက်ကြီးတွေကိုတော့ မလွှတ်လိုက်ပါနဲ့လို့ အော်ဟစ်မြည်တမ်းရင်း ဟိုပြေး ဒီပြေးလုပ်လိုလုပ်၊ ပစ္စည်း ဘဏ္ဍာတွေ ထားတဲ့နေရာကိုသွားပြီး ဘော်တုံး၊ ဘော်ခဲကြီးတွေနဲ့ သူပိုင် ရွှေငွေ ပစ္စည်း အချို့ကို သံသေတ္တာထဲထည့်ပြီး အဝတ်ကြီးတစ်ခုနဲ့ သေတ္တာကို ထုပ်ပိုး ပြီး အထုပ်ကြီးဆွဲရင်း သွားမယ်တကဲကဲလုပ်နေတော့ သားမယားများမှာ ဒဏ်ရာတွေ မပျောက်ခင် မသွားပါနဲ့အကြောင်းတောင်းပန်ပြီး ထိန်းသိမ်းစောင့် ရှောက်ထားပေမယ့်လဲ သွားဖို့ရာကိုသာ အတင်းရုန်းကန်နေပြီး နောက်ဆုံး တော့ လူလစ်တဲ့နေ့တစ်နေ့မှာ ပျောက်သွားတော့တာပါပဲ ဆရာလေးရယ် . . .

ဒါနဲ့အိမ်ကကျန်ရစ်တဲ့ သားမယားတွေလဲ စိုးရိမ်တကြီးနဲ့ လိုက်ရှာ လိုက်ကြတာ တစ်ခါတည်းအစပျောက်သွားပြီး ယနေ့ထက်ထိ အရိုးအစအန ရှာမရတော့ဘူးတဲ့ ဆရာလေးရဲ့"

ဟု ပြောပြီး မောင်စောချိုလည်း မောသဖြင့် ခေတ္တရပ်နားလေ၏။

"တခြားတော့မရောက်ပါဘူး။ နန်းကြိုင်တို့သိုက်ထဲရောက်နေမှာပါပဲ။ နို့ ဒီအဖြစ်အပျက်နဲ့ မောင်စောချိုရဲ့ ဖေဖေနဲ့ ဘယ်လိုဆက်သွယ်တာတုံး"

"အစအဆုံး ကျွန်ပော်ပြောပါရစေ ဆရာလေးရယ် တဆိတ်သည်းခံ ပြီး နားထောင်စေချင်ပါတယ်။ စကားရှည်တယ်လဲ မအောက်မေ့ပါနဲ့ ဒီကိစ္စမှာ ဆရာလေးရေရေ လည်လည်သိရမှ သာပြီးနေရာကျလိမ့်မယ်လို့ ကျွန်တော်

စဉ်းစားမိလို့ပါ။ အဲဒါနဲ့ခင်ဗျာ အဘိုးကြီးမရှိဘူး သေပြီဆိုတာ အသေအချာ ဆုံးဖြတ်လိုက်ကြပြီး သူ့သားအကြီးဆုံး စောမြသီးဆိုတဲ့ ကျွန်တော်တို့အဘိုးက မန်းပွဲမြို့စားရာထူးနဲ့ ငွေခွန်မှူးရာထူးများကို အစဉ်အလာထုံးစံအတိုင်း ဆက်ခံ သိမ်းပိုက်ရတယ်။ အဲဒီစောမြသီးမှာလဲ သားတွေ၊ မယားတွေ၊ ရာထူးစည်းစိမ် ကို ပျော်ပျော်ပါးပါးစံစားနေခဲ့ရာက တစ်နေ့သောအခါမှာ ငွေခွန်မှူးတို့ အလုပ် ဝတ္တရားအတိုင်း နောက်ပါတပည့်များနဲ့ နယ်ထွက်ပြီး အခွန်တော်ကောက်ကြ သတဲ့။

ဦးမြသီးကတော့ သူ့အဖေလို လောဘသမားကြီးသတ်သတ်မဟုတ် တဲ့အတွက် ရှေးကမတရား တိုးတက်ထားတဲ့ အခွန်တော်များကိုလဲ နည်းနည်း ပါးပါးပြန်လျှော့တယ်။ နယ်သူငယ်သားတွေကိုလဲ တယ်ပြီးမညှဉ်းဆဲဘူး။ ဒီတော့ နယ်ကလဲ အတော်ပဲ ချစ်ခင်ကြည်ညိုကြသတဲ့၊ ဒါပေမဲ့ သူလဲ ကိုယ့်ဖို့ တော့ ကိုယ်လိမ္မာသလို စားတာပေါ့လေ။ အဖေကြီးလောက်သာ လောဘ မကြီးကြောင်း ပြောရတာကိုး ဆရာလေးရဲ့။

အဲ ဒီလိုနဲ့ နယ်ထွက် ထွက်ပြီး အခွန်ခွဲခံရင်း တစ်နေ့တော့ ခရီးသွား ရင်း ရေသောက်ချင်တာနဲ့ မလှမ်းမကမ်းမှာမြင်ရတဲ့ တောင်ယာတဲကလေး တစ်ခုဆီကို တန်းပြီးဝင်သွားကြသတဲ့။

တောင်ယာတဲကလေးကလဲ သာယာလိုက်တာ စိုက်ပျိုးထားတဲ့ ဗူး၊ ဖရုံ၊ ငရုတ် သခွားတွေကလဲ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင်သီးလို့ဆိုကိုး။

တဲအပြင်မှာရှိတဲ့ ရေအိုးစင်ကလေးကလဲ သန့်ရှင်းကြည်လင်ပြီး ရေ ကလေးကသောက်ချင်စဖွယ် တွေ့မြင်ရတော့ ယာတဲရှင်ကိုအသံပြု ရေတောင်း လိုက်တဲ့အခါ အမေအိုကြီးတစ်ယောက်ထွက်လာပြီး သားသားနားနားဖြစ်တဲ့ မြို့စားကြီးတို့လူတစ်စုကိုမြင်ရတဲ့အခါ ရိုရိုသေသေနှင့်ခရီးဦးကြိုပြု၊ တဲတွင်းက ဝါးကွပ်ပျစ်ကလေးပေါ်မှာ ဖျာချောကလေးခင်းပေးပြီး ဝါးကျည်တောက်စိမ်းက လေးနဲ့ ရေခပ်တည်တော့ မြို့စားကြီးစောမြသီးလဲ ရေပါသောက်ပြီးလို့ ဂျပ်လွယ် အိတ်ရက်နေတဲ့ ဆယ့်ခြောက်နှစ်ရွယ် ချစ်စဖွယ်လှပတဲ့ ရှမ်းမအလှချောချော ကလေးကို တွေ့မြင်လိုက်ရရင်ပဲ ရှမ်းမကလေးက ပြုံးစနဲ့နဲ့ မခို့တရို့အကြည့်၊

စောမြသီးကလဲ လှပတဲ့ရုပ်ကလေးကိုမိပြီး ရုတ်တရက် အချစ်ကြိုးကျော့ကွင်းကြီးထဲ ငြိသွားပါလေရော။

တိုတိုပြောကြပါစို့ ခင်ဗျာ။ အဲဒါနဲ့ စောမြသီးကလဲ အစွဲကြီးစွဲပြီး မြို့စားတည်းဟူသော ပါဝါနှင့် အစွမ်းကုန်ကြံလိုက်တာ မကြာခင် အဲ . . . ဒီ ရှမ်းမလေးနန်းအိနဲ့ စောမြသီးတို့ မကြာမီညားကြပါရော။

စောမြသီးကနန်းအိကို ချစ်လိုက်တဲ့အဖြစ်တော့ မပြောပါနဲ့တော့၊ သူ့မယားကြီး၊ သားကြီးတွေပစ်ပါမယ် မနန်းအိမန်းပွဲမြို့ကိုလိုက်ပြီး သိုက်သိုက်မြိုက်မြိုက် မြို့စားကတော်ကလေး လုပ်လှည့်ပါဆိုတာ မကြာ မကြာနားပူနေတော့တာပဲ။

နန်းအိကလဲ သူ့အမေအိုကြီးနဲ့ သူ့တောင်ယာတောကလေးကိုခွဲခွာပြီး ဘယ်နည်းနဲ့မှမနေနိုင်ဘူး။ မြို့စားကတော်လုပ်ရရုံမက ရှင်ဘုရင်ကတော်ရဲ့ စည်းစိမ်ကိုရစေဦးတော့ သူ့ယာတဲနှင့်ဖြင့် ဘယ်တော့မှမခွဲဘူးဆိုတာ ခေါင်းမာမာနဲ့ ပြောပြီး ယာတောမှာပဲပျော်နေတော့ စောမြသီးမှာ ချစ်လှတဲ့ မယားကလေးအနားက တစ်ဖဝါးမခွာနိုင်ဖြစ်ပြီး အိမ်ပစ်၊ အိုးပစ်၊ အလုပ်ပစ်၊ အကိုင်ပစ်နှင့် နန်းအိနှင့်တူနှစ်ကိုယ် ပျော်မွေ့ပြီး အချိန်ကုန်နေရတယ်။

ဘယ်သူဘယ်လိုပြောပြော နားမဝင်၊ နန်းအိနှင့်သာ အတူနေရမယ်ဆိုရင် မြို့စားအလုပ်ပြုတ်ရုံမက ရေကိုသောက်ပြီး မြက်ခြောက်ဝါးနေရစေတော့ ကျေနပ်တင်းတိမ်မယ့် အခြေအနေရောက်နေတဲ့အတွက် အခွန်တော်ကိစ္စတွေနှင့် ပတ်သက်လို့ အင်မတန် မလွှဲမကင်းသာတဲ့အခါ အခေါ်လာတဲ့ လူများနဲ့အတူ တစ်ရက်စနှစ်ရက်စခွဲလိုက်ရတာကိုပဲ အသည်းနာလို့မဆုံးအောင် တဖျစ်တောက်တောက်ပြောနေတော့သတဲ့။ အိမ်ကမယားကြီးနှင့် သားသမီးများမှာလဲ စောမြသီးဖောက်ပြန်နေတဲ့အတွက် တစ်နေ့တစ်ရက်မှ စိတ်ချမ်းသာတယ်လို့ မရှိကြဘဲ သူ့အရိပ်အကဲကိုသာ အမြဲစောင့်ကြည့်ပြီး ဖျောင်းဖျောင်းဖျဖျ နားဝင်အောင်ပြောကြလို့လဲ နားမဝင်တဲ့အပြင် နင်တို့နဲ့ မနေဘူး၊ နန်းအိနဲ့အတူ သွားနေမယ်။ ငါပိုင်တဲ့ ရွှေ၊ ငွေ၊ ပစ္စည်းများကိုလဲ နန်းအိလက်အကုန် လွှဲသွားမယ်နဲ့ ပြောင်ပြောင်ဖွင့်ပြောရုံမက ပစ္စည်းတွေ

ကဲ့ကဲ့သွားတာနဲ့ မြို့စားကတော်ကြီးမှာ စောမြသီးရဲ့ ပစ္စည်းအချို့ တစ်ဝက်ကို ကဲ့ဝှက်သိမ်းဆည်းထားရရှာသတဲ့။

အဲ ဒီလိုနဲ့ပဲ တစ်နေ့ထက်တစ်နေ့ "လေမြင့်လေ အရှူးရင့်လေ" ဆို သလို ဖြစ်ချင်သလိုဖြစ်နေကြရာက တစ်နေ့တော့ စောမြသီးမှာ အထက်စော် ဘွားကြီးဆီမှ အခွန်တော်ငွေတွေမရောက်သေးတာနဲ့ ဆူစာပူစာတွေလာတဲ့ အတွက် နယ်ထွက်ပြီးအခွန်ကောက်ရအောင်၊ နန်းအိကိုမခွဲချင်ဘဲနှင့် ခွဲပြီး ထွက်လာခဲ့မိတာ အလုပ်တွေကလဲအများကြီး အကြွေးတင်နေတဲ့အတွက် ခါတိုင်းလို နှစ်ရက်၊ သုံးရက်နဲ့ ပြန်မလာနိုင်ဘဲ ဆယ့်လေးငါးရက်ကြာသွားမှ ကိစ္စပြီးတာနဲ့ တစ်ပြိုင်နက် အခွန်တော်တွေကို စော်ဘွားကြီးလက် အမြန်ဆုံး ပေးဆက်ပြီး အိမ်ကိုမှမဝင်နိုင်ဘဲ နန်းအိတို့တောင်ယာတဲကလေးကို သေပြေး ရှင်ပြေးလာ လိုက်တာ . . .

ဒီတော၊ ဒီတောင် အမှတ်အသားထားတဲ့ နေရာတွေရောက်လာတာ တောင် နန်းအိတို့ တောင်ယာတောနဲ့ ယာတဲကလေးကို မမြင်မတွေ့ရဘူး။ ရှာလိုက်တာလဲ မှုးနောက်နေတာပဲ။ ထူးထူးဆန်းဆန်း တဲကလေးရော၊ ယာခင်း ကလေးရော နန်းအိတို့ပါ ပျောက်ခြင်းမလှပျောက်နေတဲ့အတွက် စောမြသီးမှာ ခေါင်းမီးလောင်သလို ဟိုပြေးဒီလွှားနဲ့ ဗျာများနေပါလေရော။

"နန်းအိရေ . . . နန်းအိရေ . . ."

နဲ့ ခေါ်လိုက်ရတာလဲ တကြော်ကြော် ခေါ်ရင်း အော်ရင်း ရင်ကွဲ မတတ်၊ အပူဇာတ်ခင်းနေရှာတာပဲ။ ချစ်ခင်ယုံစားပြီး ပေးအပ်ထားတဲ့ ပစ္စည်း များကို အပါးတင်ပြီး ယူထွက်ပြေးတယ်ဆိုရအောင်လဲ လူပြေးရင် ယာတောနဲ့ တဲကလေးတော့ အထင်အရှားကျန်ရစ်ရမယ်။ သူ့ကိုယ်၌ကလဲ ဒီပစ္စည်းမျှ လောက်မက မန်းပွဲမြို့ကိုလိုက်ပြီး မြို့စားကတော်ကြီးလုပ်ဖို့ရာကိုပင် စေတနာ သန်သန်နဲ့ ခေါ်နေတဲ့အထဲက ဒီပစ္စည်းကလေးမျှလောက်နှင့် တစ်နပ်စား အကောက်ကြံမည်မထင်ဘူးဆိုပြီး အင်မတန် အတွေးရကျပ်နေရင်း တော အထပ်ထပ် တောင်အထပ်ထပ် ဒလစပ်နှံ့အောင်ရှာပါသော်လဲ-

နန်းအိမပြောနဲ့ ယာခင်းနဲ့ တဲကလေးကိုပါမတွေ့ရ၊ အရင်တွေ့နေကျ နေရာမှာ ယာခင်းကလေးပျောက်ပြီး ခယောင်းတောကြီးတစ်ခုကိုသာတွေ့ရ တော့ ဒါကြီးမြင်ရလေလေ အတွေးရကျပ်လေလေဖြစ်နေရာက နောက်ဆုံး စောမြသီးမှာ တကြော်ကြော်ခေါ်မရနဲ့ မယားကလေးတစ်ယောက် ပျောက်ခြင်း မလှ ပျောက်သွားတဲ့အတွက် မယားတရူးကြီးဖြစ်သွားလိုက်တာ တစ်ခါတည်း ကို သွက်သွက်ခါနေရှာပါရော ဆရာလေးရဲ့"

"အင်း . . . တော်တော် သဘောပေါက်လာပါပြီ။ နောက်ဘာဖြစ် သွားသလဲ"

"နောက်တော့ စောမြသီးဟာ အရူးကြီးလုံးလုံးဖြစ်ပြီး နန်းအိရဲ့အမည် ကိုသာ တ တတ ခေါ်အော်ရှာဖွေနေပြီး သူ့ပစ္စည်းတွေ ရွှေ၊ ငွေ၊ စိန်ကျောက် တွေ ဘဏ္ဍာတိုက်မှာရှာဖွေစုဆောင်း၊ သံသေတ္တာကောင်းကောင်းနဲ့ထည့်ပြီး နန်းအိဆီကိုလိုက်မယ် . . . နန်းအိဆီလိုက်မယ် . . . ဆိုတာ မရပ်မနားပြော ပြီး ထွက်ပေါက်ကိုသာရှာဖွေချောင်းမြောင်းနေတာပဲတဲ့ . . .

မယားနဲ့သားသမီးများမှာလဲ စောမြသီးကို နည်းနည်းကလေးမှ အလစ်မခံ လူတွေရှိသမျှ တစ်ယောက်တလဲ ဒရဝမ်လုပ်ပြီး ထိန်းချုပ်စောင့် ရှောက်နေရတော့ ရက်ရှည်လာရင်ပဲ လူတွေလဲ အအိပ်ပျက် အစားပျက်ဖြစ်လို့ သတိလစ်တဲ့အခါလဲ လစ်ကုန်ကြတာပေါ့လေ။

အဲ ဒါနဲ့ နောက်ဆုံးတော့ စောမြသီးဟာ ပစ္စည်းသေတ္တာနှင့်တကွ စုပ်စ မြုပ်စ မပေါ်လာတော့ဘဲ တစ်ခါတည်းပျောက်သွားပါတယ်။ ကျန်ရစ်တဲ့ သားမယားများမှာလဲ မျက်သလဲဆန်ပျာနှင့် တောအထပ်ထပ်တောင် အထပ်ထပ် ဘယ်တစ်နေရာမှ မလစ်လပ်အောင် ရှာဖွေလိုက်ကြတာ ဘယ်မှာ မှ အစအနမတွေ့ရတော့ဘူး ဆရာလေးရဲ့ . . .

ဒီလိုနဲ့ ခြောက်လကျော်ကျော် စုံစမ်းရှာဖွေလို့ မရတဲ့အဆုံးကျတော့ ငွေခွန်မှူးအလုပ်ဝတ္တရားတွေ မလစ်ဟင်းရအောင်ဆိုပြီး ကျန်ရစ်တဲ့သားအကြီး စောလှမောင်က ဘခင်ရဲ့ အရာကို ဆက်ခံရပြန်ပါတယ် . . .

အဲဒီစောလှမောင်ဆိုတာ ကျွန်တော်ရဲ့ ဘခင်ပါပဲ။ အဲဒီစောလှမောင်ဆိုတဲ့ ကျွန်တော့်အဖေရဲ့ လက်ထက်ကျတော့ လူကလဲလူအေး၊ ရိုးကလဲရိုးမို့ နယ်သူနယ်သားတွေအပေါ် မှာ အင်မတန်ငဲ့ညှာလွန်းလို့ တစ်နယ်လုံးက သူကို ဝိုင်းပြီး ချစ်ခင်ကြည်ညိုခြင်းခံရပါတယ်။

မြို့စားရယ်လို့လဲ အပျော်အပါးနဲ့ စည်းစိမ်ခံစားမှုတွေကို မစုံမက်ဘဲ ပေါက်တူးကြီးတစ်လက်နဲ့ အားအားရှိတိုင်း သူ့ပန်းဥယျာဉ်ကလေးကို လှလှပပ ဝေဝေဆာဆာရှိအောင် အမြဲပြင်ဆင်ပြီး ဓာတ်မသိတဲ့လူများက ဆင်းရဲသား တောင်ယာသမားကြီး ထင်ယူရအောင် အကြွားအဝါ အထည်အဝင့်မရှိနေခဲ့ပြီး သားသမီးနဲ့ မယားဇနီးကိုလဲ အများကြီးချစ်ခင်မြတ်နိုးရှာတယ်။

အဲဒီလို ရိုးရိုးကုတ်ကုတ်နေတဲ့လူကိုတောင် လွန်ခဲ့တဲ့ (၃)လ လောက်က မန်းပွဲအရှေ့ဘက် ကြက်မောက်နီတောကြီးမှာ သဇင်နီနီနဲ့ ဂမုန်းနက်တွေ ပေါတယ်လို့ သတင်းကြားတာနဲ့ သစ်ပင်ပန်းပင် အင်မတန်ဝါသနာပါသူဖြစ်လေတော့ သူ့ပန်းဥယျာဉ်ထဲမှာ အလှစိုက်ပျိုးဖို့အလိုရှိလာလို့ အခွန်တော်ခံရာက အပြန်မှာ ကြက်မောက်နီတောကိုလှည့်ဝင်ပြီး ဂမုန်းပင်တွေကိုရှာမိသတဲ့။

အဲ ဒီလိုရှာတဲ့အခါ အင်ကြင်းပင်တွေပေါ် မှာ သဇင်နီနဲ့ ဂမုန်းနက်ပင်တွေ ပွင့်ဖူးတဝေဝေ အမြောက်အမြားတွေ့မြင်ရတော့ လိုချင်ဇောနှင့် အပင်တွေကိုတူးဆွခုတ်ထွင်ပြီး ယူမိတဲ့အခါ ဂမုန်းတက်ပင်နဲ့ သဇင်နီပင်တွေဟာ ကျောက်တိုင်၊ ကျောက်ခဲဆွဲထားသလို အင်မတန်ခိုင်မြဲပြီး အမြစ်ကိုဆွဲနုတ်မရအောင် ဖြစ်နေသတဲ့ . . .

အဖေကလဲ ဂမုန်းပင်တွေကိုလိုချင်ဇောနဲ့ ချွေးဒီးဒီးကျအောင်နုတ်ပေမယ့် တုတ်တုတ်မှ မလှုပ်ရှားတဲ့အပြင် အမြစ်ကလေးများဟာ တစ်မြစ်ကိုဖြတ်ရင်နှစ်မြစ်၊ နှစ်မြစ်ဖြတ်ပြန်လေးမြစ် သဒ္ဒါပြန်ပွားပွားလာတာနဲ့ ကြံရာမရဖြစ်နေတယ်။ သူ့သဘောကတော့ အစွမ်းထက်မြက်တဲ့ ဂမုန်းများမို့ တော်ရုံတန်ရုံကြိုးစားနုတ်ယူလို့မရဘူး။ ဒါကြောင့်သာ ဒီလောက်ခိုင်မြဲနေတာဆိုပြီး လိုချင်တဲ့ ဇောကြောင့် ဂမုန်းတောထဲကမထွက်နိုင်၊ နုတ်မရလို့ လက်မှိုင်ချနေတုန်း ဖြုံးခနဲ မိန်းမပျိုချောချောကလေးတစ်ယောက် အဖွေ့အနားရောက်လာပြီး ချွေး

ဒိုးဒိုးထွက်အောင် ဂမုန်းတွေကို ကြိုးစားနုတ်နေတာရပ်ကြည့်ရင်း အင်မတန် ကြည်လင်သာယာတဲ့ အသံကလေးနဲ့ ရယ်လိုက်တော့ အဖေကလဲဖြုံးဆို မော့ ကြည့်လိုက်တဲ့အခါ သူ့တစ်သက်မှာဖြင့် တစ်ခါမှမမြင်ဖူးအောင် လှပန္ဒဲ့နှောင်း တဲ့ မိန်းမပျိုကလေးကိုမြင်ရလို့ လူသူမနီးတဲ့ ဒီတောတောင်ကြီးထဲမှာ ဘယ်နည်း ဘယ်ပုံနှင့် ရောက်လာပါလိမ့်မလဲလို့ အံ့အားကြီးသင့်နေမိသတဲ့။

မိန်းမပျိုကလေးက ချစ်စရာကောင်းတဲ့ နှုတ်ခမ်းနီထွေးထွေးကလေး ကို မပွင့်တပွင့်ကလေးဖွင့်ဟပြီး -

"ဒီလောက် ပင်ပင်ပန်းပန်းခံပြီး ဂမုန်းပင်တွေ နုတ်နေတာ ဘာ ကြောင့်ပါလဲ"

လို့ မေးသတဲ့။ အဖေကလဲ . . .

"ဂမုန်းပင်များကို သူ့ဥယျာဉ်မှာ စိုက်ချင်လို့ နုတ်ယူရန် ကြိုးစား နေကြောင်း"

ပြောတဲ့အခါ မိန်းမပျိုကလေးက ရယ်မောပြီး -

"ဒီဂမုန်းပင်တွေဟာ ကျွန်မဒီနေရာရောက်မှ စိုက်ပျိုးထားတဲ့ ကျွန်မ ပိုင်ပစ္စည်းများပါ။ ကျွန်မအဓိဋ္ဌာန်နဲ့စိုက်တဲ့အပင်မို့ တခြားလူဆိုရင် ဗိုလ်ခြေ တစ်ထောင်အားနဲ့ နုတ်သည်တိုင်အောင် ပါလာမယ်မဟုတ်ဘူး။ ဒီတော့ အမောခံပြီး နုတ်မနေပါနှင့် လိုချင်ရင်သူ့ဆီမှာ တောင်းယူပါ"

လို့ဆိုတာနဲ့ အဖေကလဲ ဂမုန်းပင်ကိုလိုချင်တဲ့ဇောနဲ့ သူပြောတဲ့အ တိုင်း တောင်းတာကိုး။ ဒီတော့ မိန်းမပျိုက သူ့လက်ကလေးနဲ့ အသာကိုင်မ လိုက်ရုံနဲ့ပဲ သဇင်နီအုံကလေးတစ်ခုနဲ့ ဂမုန်းနက်ပင်တစ်ပင်မြောက်ပါလာပြီး၊ အဖေ့လက်ထဲကို စိုက်ဖို့ပေးလိုက်သတဲ့။ အဖေလဲအားရဝမ်းသာနဲ့ ပြန်လာပြီး သျှူခြံထဲမှာစိုက်လို့ နောက်တစ်နေ့ ရေလောင်းမယ်လို့သွားတဲ့အခါ ဂမုန်းနက်နဲ့ သဇင်နီပင်ကလေးများဟာ ဖက်ရွက်ခြောက်များလို မီးရှို့လျှင် အလွယ်နှင့် ထတောက်မလောက် ကျွတ်ကျွတ်ပါအောင် ညှိုးခြောက်နေတာတွေ့ရတာနဲ့-

"ငါစိုက်တာ နေရာမကျလို့ထင်ရဲ့ နောက်တစ်ခါ ထပ်တောင်းပြီး ူက်ပုံစိုက်နည်းတွေမေးရဦးမှာပေါ့"

ဆိုပြီး ကြက်မောက်နီတောကိုလာပြန်ရော၊ ဒီအခါ မိန်းမပျိုကလေး မှာလဲ ဂမုန်းနက်ပွင့်တွေကို ငွေလင်ပန်းကလေးနဲ့ ထည့်ပြီး ဆွတ်ခူးနေတာ အဆင်သင့်တွေ့ရတာနဲ့ တောင်းပြန်တာပေ့ါ။ ဒီတစ်ခါတော့ အဖေကလဲ လျှာတွန့်ပြီး မိန်းမပျိုရဲ့ အမည်နေရပ်တွေမေးတော့ မိန်းမပျိုကလေးက -

"သူ့နာမည်မရှိပါ။ ငယ်စဉ်ကတဲက ဟောဒီတောကြီးထဲမှာ ပျော်ပျော်ပါးပါး ဂမုန်းနက်များကို အဖော်ပြုပြီး နေခဲ့ရလို့ 'တောကြီးပျော်' လို့ခေါ်မယ်ဆိုလဲ ခေါ်နိုင်ပါတယ်"

လို့ ပြုံးစိစိနဲ့ ကြည့်ပြီး ပြန်ပြောရာက -

"ယခုနောက်ထပ်ပေးရတဲ့ အပင်များကိုလဲ ရှင်အောင်စိုက်ပါ။ ဒီတစ် ခါအပင်သေတယ်ဆိုရင် နောက်တစ်ခါတော့ အလကားမပေးနိုင်ဘူး။ ဂမုန်း နက် အလွန်မှအဖိုးတန်လှလို့ အဖိုးအခနဲ့ ရောင်းရပါလိမ့်မယ်။ တစ်ပင်လိုရင် ငွေဒိုင်ခွက်ငါးဆယ်ပေးရမယ်"

လို့ ပြောသတဲ့။ အဖေကလဲ -

"ကောင်းပါပြီ ရှင်အောင်စိုက်ပါမယ်"

လို့ အာမဝန်တာခံပြီး တစ်ပင်စီယူလာ အိမ်ရောက်တော့စိုက်ပြီး နောက်တစ်နေ့နံနက်သွားကြည့်တော့ အပင်တွေဟာ တစ်နေ့ကလိုပဲ ခြောက် သွေ့သေနေပြန်သတဲ့။ အဖေ့မှာလဲ ဒီလိုအဖိုးတန်တဲ့ နတ်ပန်းပင်ကို မရှင်မနေ စိုက်ချင်တဲ့ဆန္ဒတွေကများပြီး နောက်ထပ်သွားတောင်းဦးမယ်ကြံပြန်တယ်။ သို့ပေမယ့် ဂမုန်းပင့်ရင် တောကြီးပျော် အလှမယ်ကလေးထံက နောက်တစ်ခါ အလကားမရနိုင်ဘူးဆိုတာသိခဲ့ရတဲ့အတွက် ငွေဒိုင်ခွက်များကို သဇင်နီအတွက် ကျပ် ၅၀၊ ဂမုန်းနက်အတွက် ကျပ် ၅၀၊ အားလုံးဒိုင်ခွက်တရာတိတိယူပြီး ကြက်မောက်နီတောကြီးထဲ ထွက်လာပြန်တယ်။ တောကြီးပျော်အလှမယ် ကလေးကို အခန့်သင့်တွေ့ရပြန်တာနဲ့ ငွေဒိုင်ခွက်တစ်ရာပေးပြီး နောက်ထပ်နှစ် ပင်တောင်းတော့ အလှမယ်ကလေးကလဲ ဖူးငုံကလေးတွေပါတဲ့ အပင်နှစ်ပင် နုတ်ပေးလိုက်ပြန်တယ်။

အဖေကလဲ ဂရုစိုက်ပြီး ကျောက်ပန်းအိုးကြီးနဲ့ ထည့်စိုက်ထားရာ နောက်တစ်နေ့ကျပြန်တော့ ရှေးနည်းအတိုင်း အပင်တွေသေနေပြန်ရော။ အဖေ့မှာ အဖူးကလေးတွေနဲ့ရတာမှ သေကုန်တဲ့အတွက် ရှေးကထက်နှမြော တာပဲ။ ငွေဒိုင်ခွက်တွေပေးရတာ မနှောမြောပါဘူး။ သူ့အပင်တွေရရလာပြီးမှ သေကုန်တာနှမြောလွန်းလို့ မခံချိမခံသာဖြစ်ပြီး မရှင် ရှင်အောင်စိုက်မယ်ဆို ပြီး တစ်ခါသေရင်း ငွေဒိုင်ခွက်တစ်ရာအကုန်ခံပြီး ထပ်ဝယ်ပြန်ရင်းနဲ့ ဝယ်ခဲ့ သမျှ အပင်တွေမှာလဲ စိုက်ပြီးတဲ့ နောက်တစ်နေ့မှာ ခြောက်သွေ့သေကုန်တာ ချည်းပဲ။

အဲ သည်လိုနဲ့ ဂမုန်းပင်အရောင်းအဝယ်နဲ့ ပတ်သက်ပြီး ဝယ်သူစော လှမောင်နဲ့ ရောင်းသူ တောကြီးပျော် အလှမယ်ကလေးဟာ မကြာမကြာတွေ့ဆုံ အကျွမ်းဝင်ပြီး လူချင်းနီးစပ်ယှဉ်ပါးကြတော့မလိုလို ဖြစ်လာတာနဲ့ ဂမုန်းပင် တွေကိုလဲ ရှင်အောင်မစိုက်နိုင်တာနဲ့အတူ ဂမုန်းပင်၊ သဇင်နီပင်တွေရှိရာကိုပဲ သွားသွားလည်နေမိသတဲ့။ တောကြီးပျော်မှာလဲ စောလှမောင်ဆီကရတဲ့ ငွေ ဒိုင်ခွက်တွေ မနည်းတော့ဘူး။ အိမ်မှာပစ္စည်းဘဏ္ဍာတွေ လျော့ပါးလာတဲ့ အတွက် အဖေ့အရိပ်အကဲခပ်ကြတော့ အဖေဟာ တစ်နေ့တစ်နေ့ ကြက် မောက်နီ တောကြီးထဲသွားပြီး ဂမုန်းပင်တွေကြားမှာ တစ်ယောက်တည်း တိုးတိုး တိုးတိုးနဲ့ စကားပြောနေတာတွေ့ရတာနဲ့ ကျွန်တော့်အမေက -

“ဒီမှာလာပြီး ဘာလုပ်ရတာလဲ ဘာလဲနဲ့ အကျိုးအကြောင်းစုံစမ်း တာပေါ့။ ဒီတော့မှ တောကြီးပျော်ကလေးထံက ဂမုန်းတွေလာဝယ်နေတဲ့ အကြောင်း ပြောပြလို့ -

“တောကြီးပျော်ဆိုတာ ဘယ်မှာလဲ”

လို့မေးတဲ့အခါ တောကြီးပျော်ဆိုတာ သူမှတစ်ပါး တခြားလူကမမြင် ရတော့ အမေတို့မှာ သက်ာမကင်းစရာ အရိပ်အငွေ့ကြောင့် အထက်က ဦးစောမှိုင်း၊ စောမြသီးတို့ရဲ့ အဖြစ်အပျက်နဲ့ ဆက်သွယ်ပြီး အဖေ့အတွက် စိတ်လက်မချတာနဲ့ မိခင်ကအကျိုးအကြောင်းပြောဆို သတိပေးတာကို။

ဒီတော့အဖေကလဲ အို ငါဟာ အင်မတန်သတိရှိတဲ့လူပါ၊ ဒီလို မတော်လောဘမဖြစ်နိုင်ပါဘူး။ ဒီကောင်မကလေးနဲ့လဲ ဒီလိုရှုပ်ရှုပ်ပွေပွေဖြစ် ရအောင် ငါနဲ့အရောတဝင်ဖြစ်နေရုံကလွဲပြီး နည်းနည်းမှကျူးကျူးလွန်လွန် မရှိတဲ့အတွက် သူတစ်ပါးမကောင်းကြံလို့ မဖြစ်နိုင်ဘူးဆိုတာ ခုခံပြောတယ်။ အမေကလဲ သတိဆိုတာ ပိုတယ်လို့မရှိပါဘူး။ ဆင်ခြင်ပါ အဖေဖြစ်သူ စောမြသီးနဲ့ အဘိုးဖြစ်သူ ဦးစောမှိုင်းတို့ကို နမူနာတင်ပြတဲ့အတွက် အဖေလဲ အတော်ဆင်ခြင်ပြီး အရင်ကလောက် ကြက်မောက်နီတောကို မသွားဘဲ နေခဲ့တယ်။

သို့ပေတဲ့ တစ်ခါတစ်ခါတော့ ဝါသနာဓွဲကို မဖျောက်နိုင်ရှာလို့ မယောင်မလည်နဲ့ ထွက်ပြုသွားသေးတယ်။ အဲဒီလိုသွားရာက တစ်နေ့တော့ အချိန်ကုန်တာတောင် ပြန်မလာတာနဲ့ အမေနဲ့ကျွန်တော်တို့ အဖေ့နောက် လိုက်သွားကြတဲ့အခါ အဖေဟာ မြေတွင်းကြီးတစ်ခုထဲကို စိတ်ဝင်စားပြီး စူးစူး စိုက်စိုက်ကြီး ငုံ့ကြည့်နေတာတွေ့ရတယ် ဆရာလေးရဲ့ -

ကျွန်တော်တို့လဲ မီးတုတ်၊ မီးစည်းတွေနဲ့ အဖေဘာများ သဲသဲမဲမဲ ကြည့်နေပါလိမ့်မလဲဆိုပြီး သူကြည့်တဲ့တွင်းကြီးထဲ ငုံ့ကြည့်လိုက်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာကြီးက သေဆုံးနေတဲ့လူနှစ်ယောက်ရဲ့ အလောင်းနှစ် လောင်းတွေ့ရတယ်။

အလောင်းများမှာ အသားအရေဆိုလို့မရှိဘူး။ အရိုးချည်းသက်သက် ကမ္ဘဌာန်းကောင်များအတိုင်းဖြစ်နေပြီး အရိုးလောင်းနှစ်လောင်းမှာ ပစ္စည်းထည့် တဲ့ သံသေတ္တာတစ်ခုစီ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတာ တွေ့ရတယ်။ မသေမီစပ်ကြားမှာ သူတို့သံသေတ္တာကို အတော်စုံစုံမက်မက်စွဲလမ်းပြီး သေ သွားကြတာနဲ့တူတာပဲ။ အဖေလဲ အဲဒီအလောင်းနှစ်ခုကို စူးစူးစိုက်စိုက်ကြီး ကြည့်နေရာက ကျွန်တော်တို့လိုက်လာတာ မြင်ရရင်ပဲ အမေနဲ့ကျွန်တော့်ကို သူစိုက်ကြည့်နေတဲ့ အလောင်းနှစ်ခုကို လက်ညှိုးထိုးပြပြီး ဟောဒီအလောင်း တွေဟာ အရင်ပျောက်ဆုံးသွားကြတဲ့ ငါ့အဖေနဲ့အဘိုးရဲ့အလောင်းများပဲ။

သူတို့လက်ထဲက ကိုင်ထားတဲ့ သံသေတ္တာများဟာလဲ ဘဏ္ဍာပစ္စည်းများနဲ့တကွ ပျောက်တုန်းက အတူပါသွားတဲ့သေတ္တာများပဲ။ တစ်ဦးနဲ့တစ်ဦး နှစ်ပေါင်းသုံးဆယ်စီလောက်ခွာပြီး ပျောက်ဆုံးသွားကြရာက ဒီနေရာမှာ တိုင်ပင်ထားသလို အတူလာပြီးသေနေတာကတော့ အတော်ဆန်းတာပဲ"

လို့ ကြောက်ရွံ့တုန်လှုပ်စွာပြောပြီး သူတို့ကိုင်ထားတဲ့ သံသေတ္တာတွေယူပြီး ဖွင့်ကြည့်တဲ့အခါ အထဲမှာဘာပစ္စည်းတစ်ခုမှမရှိတော့ဘဲ သံချေးတက်နေတဲ့ သေတ္တာခေါင်းလွတ်တွေသာဖြစ်နေတယ်။ ဒီတော့ အမေကလဲ အဖေ့ကို-

"ရှင်ဒီနေရာမလာပါနဲ့ ပြောသားနဲ့ ထွက်ထွက်လာတာ တခုခုဖြစ်တော့မယ်။ ဒီကြက်မောက်နီတောဟာ မသင်္ကာစရာကြီးပဲ၊ နောက်မသွားပါနဲ့ ပြန်ကြပါစို့"

ဆိုပြီး ချော့မော့ခေါ်လာရတယ်။ အဖေလဲ အတော်ထိတ်လန့်သွားပုံရတယ်။ ဒါကြောင့် -

"အေး . . . ငါနောက်ဒီကိုမလာတော့ဘူး၊ မင်းတို့ပြောသလို အတော်ထူးခြားနေတယ်။ ဒီနေ့ခါတိုင်းတွေ့နေကျ သဇင်နီနဲ့ ဂမုန်းနက်ပင်တွေဟာ အားလုံးညှိုးခြောက်သေဆုံးနေပြီး တောကြီးပျော်မကလေးကိုလဲမတွေ့ရဘဲ ဒီတွင်းကြီးထဲက အဖေနဲ့အဘိုးအလောင်းနှစ်ခုသာတွေ့တော့တယ်။ ကြောက်ပါပြီ ဧကန္တ "တောကြီးပျော်" ဟာ မရိုးဘူး။ ငါတို့ကိုရန်ရှာမယ့် နာနာဘာဝမကလေးပါပဲ"

ဆိုပြီး ဒီကတည်းက အကြောက်ကြီးကြောက်ပြီး ဘယ်တော့မှ မသွားဘူး ဆရာလေးရဲ့။ ကျွန်တော်လဲ အဖေ့အတွက် စိတ်ချရပြီဆိုပြီး ဒီကိုကိစ္စနည်းနည်းရှိတာနဲ့ ထွက်လာခဲ့တာ။ နံနက်ကမှဟောဒီစာရောက်လာတယ်။ စာကတော့ အမေကရေးလိုက်တာပါ။ မင့်အဖေဟာ တောကြီးပျော်ဆီလိုက်မယ် လိုက်မယ်နဲ့ သံသေတ္တာတပိုက်ပိုက်လုပ်နေပြန်ပြီ ငါ့သားအလျင်အမြန်ပြန်ခဲ့ပါလို့ ပါတယ်။ ဆရာလေးရဲ့ ဒါကြောင့်မို့ ဒီကိစ္စမှာ အဖေချမ်းသာရာရအောင် ဆရာကြီးနှင့် ဆရာလေး တတ်နိုင်သလောက် ကယ်ဆယ်ပေးပါဦးဆိုတာ အများကြီးတောင်းပန်ပါကယ်။

ကျွန်တော်တို့အမျိုးဟာ သံသေတ္တာပိုက်ပြီး လိုက်တော့မယ်ပြင်ရင် မပေါ့နဲ့တော့ခင်ဗျာ။ ဒုက္ခတွေ့ပြီသာမှတ်ပါတော့ ဒါကြောင့် ဆရာကြီးကိုအစီရင်ခံပြီး ဆရာလေးကျွန်တော်နဲ့အတူ အမြန်လိုက်ခဲ့စေချင်ပါတယ်။ ဒုက္ခသည်တွေပါခင်ဗျာ ကယ်ဆယ်ကြပါဦး"

ဟု စကားကိုအဆုံးသတ်လေတော့၏။

ကျွန်တော်လည်း မောင်စောချို၏ ဖခင်အရေးမှာ အေးအေးနှင့်ကိစ္စမပြီးသေးသဖြင့် နောက်တစ်နေ့ဆရာကြီးကို အခွင့်ပန်ရာ ကျေးဇူးရှင်ဆရာကြီးက အခွင့်အာဏာလွှဲအပ်ကာ ထည့်လိုက်သဖြင့် နောက်တစ်နေ့မှာပင်မောင်စောချိုနှင့်အတူ သူ၏ဖခင်ထံသို့ ရောက်လာရပေ၏။

ထိုအခါတွင် စောလှမောင်ခေါ် မြို့စားကြီးမှာ ပစ္စည်းဘဏ္ဍာထည့်သည့် သံသေတ္တာကလေးကို ကိုင်ပြီးထွက်ပေါက်ရှာနေရာက ကျွန်တော်တို့မရောက်ခင် နံနက်ခင်းကလေးတွင်မှ အိမ်ကြမ်းပြင်ကိုဖောက်ပြီး ထွက်ပြေးသွားပြီဆို သော သတင်းကိုကြားရလျှင် ကြားရခြင်း မောင်စောချိုမှာ ကျွန်တော့်ကို သူ၏ ဖခင်သွားနေကျ ကြက်မောက်နီတောကို ဒရေသောပါး ခေါ်ပြေးရာကျွန်တော်လည်း မောင်စောချိုနှင့်အတူ ကြက်မောက်နီတောကြီးကို ရောက်လာရလေ၏။

သို့သော် တစ်စုံတစ်ရာမျှမတွေ့ရ ယခင် ၎င်းတို့မြင်ရသည်ဆိုသောမြေတွင်းကြီးမှာလည်း တွင်းချည်းသာရှိလျက် အရိုးခြောက်အလောင်းနှစ်လောင်းကို မတွေ့ရသောကြောင့် မောင်စောချိုမှာ အံ့ဩနေပြီးမှ တွင်းကြီးကို အနည်းငယ်ယက်ဖယ်ကြည့်သောအခါ မူလတွေ့ရသော အလောင်းနှစ်လောင်းအနီးတွင် ယှဉ်လျက် လက်ကကိုင်ထားသော သံသေတ္တာနှင့်တကွ မကြာမီအချိန်ကလေးကမှ ပူပူနွေးနွေးသေပြီးခါစဖြစ်သော စောလှမောင်၏ အလောင်းကိုတွေ့ရလေ၏။

မောင်စောချိုကား ဖခင်အတွက် ပူဆွေးဒုက္ခဖြစ်ရတော့၏။

"ကျွန်တော်တို့နည်းနည်းနောက်ကျသွားတယ် ဆရာလေးရယ် အဖေတော့အစဉ်အဆက်သွားမြဲလမ်းအတိုင်း လိုက်သွားပြီ၊ ဒီသေတ္တာကိုဖွင့်ကြပါဦး"

ဆိုပြီး ယှုငင်ဖွင့်ကြည့်ကြသောအခါ သေတ္တာတွင်းမှာ ဘာတစ်ခုမှ မရှိတော့ဘဲ ဗလာကျင်းနေသည်ကိုသာ တွေ့ရပါတော့သတည်း။

"ကဲ ကိစ္စပြီးပြီ မောင်စောချို ကျုပ်တို့ နောက်ကျနေလို့ဘာမှ မတတ်နိုင်တော့ဘူး၊ ဒီတော့ မောင်စောချိုပဲ ဖခင်ရဲ့အရာကိုဆက်ခံပေတော့၊ ကျုပ်တော့ မောင်စောချိုကို အကာအကွယ်လုပ်ပေးခဲ့ရုံပဲ တတ်နိုင်တော့တယ်"

ဟု ပြောသဖြင့်

"ဒါဖြင့် ဆရာလေးရယ် ရက်တစ်ပတ်လောက်နေပြီး ကျွန်တော့် အခြေအနေကို အကဲခတ်သွားစမ်းပါဦး၊ ဒီလိုသာလူဖြစ်ရှုံး ရှုံးနေရမယ်ဆိုရင် မြို့စားအရာလဲမလိုချင်တော့ပါဘူး"

ဟု ပြော၍

"ကိစ္စမရှိပါဘူးလေ ဆရာလေး အကာအကွယ်တွေ လုပ်ပေးခဲ့ပါမယ်၊ သူတို့လို လိမ့်လိမ့်လဲလဲတော့ မဖြစ်စေရပါဘူး၊ စိတ်ချလက်ချသာ ဆက်ခံပါ"

ဟု အားပေးထားသဖြင့် မောင်စောချိုလည်း နောက်တစ်နေ့တွင် အဖေ့အရာကို ဆက်ခံလုပ်ကိုင်ရရှာလေ၏။ ကျွန်တော်လည်း မောင်စောချို အတွက် အကာအကွယ်များပြုလုပ်ပေးရမည်ဖြစ်၍ ရက်ဆိုင်းနေရန် ဝန်ခံလိုက်ရလေ၏။

သို့နှင့် နောက်တစ်နေ့ နံနက်လင်းသောအခါ မောင်စောချိုသည် ညှိုးငယ်သော မျက်နှာနှင့် ကျွန်တော်ရှိရာသို့ ရောက်လာပြီး -

"ဆရာလေးရေ . . . ကျွန်တော်တော့ စကားဖျက်ရတော့မှာပဲခင်ဗျာ၊ အားတော့နာပါရဲ့ သို့ပေမဲ့ ကျွန်တော့်အကြောင်းမှန်ကို ညကမှ ပြန်ပြောင်းသိရတဲ့အတွက် ကတိဖျက်ရတော့မှာပဲ ဆရာလေးကို ကျွန်တော့်အတွက် အကာအကွယ်လုပ်ပေးပါလို့ အပ်မိပေတဲ့ ခုဖြင့်အကာအကွယ်ကို အလိုမရှိနိုင်အောင် ဖြစ်သွားပြီ သူများကိုလဲမပေါက်ကြားပါစေနဲ့"

ဟု ထူးခြားစွာ လာပြောလေရာ ကျွန်တော်လည်း မောင်စောချို တစ်ရက်အတွင်းမှာပင် ထူးခြားပြောင်းလဲသွားသဖြင့် များစွာအံ့အားသင့်မိပါတော့၏။

"ဘယ့်နှယ်ပြောရတာလဲမောင်စောချို့ရဲ့ မနေ့တုန်းကတော့ မြို့စား လုပ်ရမှာ ဒီလို အန္တရာယ်မျိုးတွေကို ကြောက်လွန်းလို့ ကာကွယ်ပေးခဲ့ပါဆိုပြီး ဒီနေ့နံနက်ကျမှ ဘာဖြစ်လို့ စိတ်ပြောင်းသွားရပြန်တာလဲကွဲ့။ စိတ်ပြောင်းရ လောက်တဲ့ အကြောင်းထူးများကို တွေ့နေရလို့ ရှိရင်လဲ ဆရာလေးကို အကျိုး အကြောင်းပြောစမ်းပါဦး"

ဟု ပြောလျှင် . . .

"ကျွန်တော်ပြောတော့မယ် ဆရာလေးရဲ့ ကျွန်တော်ပြောတဲ့စကားကို အမေတို့တောင်မပေါက်ကြားစေချင်ဘူး၊ ဆရာလေးသိတဲ့အတိုင်း အရင်က တော့ ကျွန်တော်တို့ကို နှိပ်စက်လာခဲ့တဲ့ ရန်သူများနဲ့ ကျွန်တော်နဲ့ တစ်ဖက်တစ် လမ်းပါပဲ၊ ဘာပြုလို့လဲဆိုတော့ ကျွန်တော့်အကြောင်း ကျွန်တော်မှမသိရခဲ့ ပေပဲကိုး။

ယခု မြို့စားအရာဆက်ခံရတော့မယ်ဆိုမှ မနေ့ညက ကျွန်တော့်ရဲ့ ဆိုင်ရာများ၊ သက်ဆိုင်သူများလိုက်လာပြီး အကြောင်းပြန်သွားကြလို့ အကြောင်း စုံသိရပြီး ကျွန်တော်ဟာ သူ့လူငါ့ဖက်သားဖြစ်လာကြောင်း သိရပါတယ်"

"ရှင်းရှင်းပြောစမ်းပါ မောင်စောချို့ရယ်"

"ဒီလို . . . ဒီလို. . . ခင်ဗျာ ဆရာလေးကိုယုံကြည်လို့ ဖွင့်ပြောရ တော့မယ်၊ ကျွန်တော်မနေ့ညက အခန်းထဲအိပ်ပျော်နေတုန်း ဥစ္စာစောင့် နန်းကြိုင်ရောက်လာတယ်။ ကျွန်တော့်ကို သူ့ဘော်တောင်သိုက်နန်းထဲ ခေါ် သွားပြီး သူနဲ့ ကျွန်တော်ဟာ ဥစ္စာစောင့်အဖြစ်မရောက်ခင် လူ့ဘဝထဲက လင် မယားဖြစ်ကြောင်း၊ နှစ်ယောက်သား ဘော်တောင်သိုက်မှာ ဥစ္စာစောင့်ဖြစ်ရပုံ၊ သူ လူ့ဘဝ အနှစ်သုံးဆယ်အလည်သွားတော့ မြို့စားဦးစောမှိုင်းကို ရန်ငြိုးကြီး နဲ့ ကလဲ့စားခြေချင်တာတစ်ကြောင်း၊ အထက်အစောင့်အရှောက်တွေထံမှာ သိုက်ပစ္စည်းနဲ့တကွ ဦးစောမှိုင်းတို့ အစဉ်အဆက်စုဆောင်းလာခဲ့တဲ့ ပစ္စည်းများ ကို သိုက်တွင်းကိုသွင်းပေးပါ့မယ်လို့ အာမခံထားခဲ့တဲ့အတိုင်း ဦးစောမှိုင်းနဲ့ စောမြသီး၊ စောလှမောင်တို့ကို သွေးဆောင်ပြီး ပစ္စည်းနှင့်ကွ လူကိုပါ အဆုံး

စီရင်ခဲ့ရကြောင်းပြောတဲ့အပြင် နန်းကြိုင်ရဲ့ ယောက်ျားပေါလှိုင်ဆိုတဲ့ဥစ္စာ စောင့်ဟာလဲ ကျွန်တော်ပဲခင်ဗျ။

စောလှမောင်သေလို့ အဖေ့အရာ ကျွန်တော်ဆက်ခံရတဲ့အခါ သူတို့ အစဉ်အဆက်ပိုင်လာသမျှ ပစ္စည်းများကို အကုန်သိမ်းကျုံးပြီး သိုက်နန်းကိုပို့ ရမယ်ခင်ဗျ။

ကျွန်တော့်လူ့ဘဝရကတည်းက နောက်ဘဝကအကြောင်းတွေ လုံးလုံးသတိမရအောင် လုပ်ထားကြပြီး မြို့စားအရာရတော့မဲ့ဆဲဆဲမှ နန်းကြိုင် ကိုယ်တိုင်လိုက်လာပြီး အကြောင်းစုံပြောလို့ အထက်လူကြီးများအမိန့်ပြန်မှ ဘဝဟောင်းကအကြောင်းကိုသိရပါတယ်။ ဒါတောင် ကျွန်တော်က မယုံမ ကြည်ဖြစ်လို့ နန်းကြိုင်က သိုက်ခန်းကြီးတစ်ခုထဲခေါ်သွားပြီး ဝိညာဉ်မရှိတဲ့ ဥစ္စာစောင့်မောင်ပေါလှိုင်ရဲ့ ရုပ်အလောင်းကိုပြမှ မောင်ပေါလှိုင်ရဲ့ ရုပ်နဲ့ ကျွန်တော့်ရုပ်ရည်ဟာ အမှတ်အသားဖြစ်တဲ့ မှဲ့တို့၊ စာတို့ပါမကျန် တစ်သဝေ မလွဲ တူနေတာတွေ့ရမှ ကျွန်တော့်ကိုယ်ကို ကျွန်တော်ယုံကြည်လာပါ တော့တယ်။

ယခုတော့ဖြင့် ဘဝဟောင်းကအကြောင်းတွေသိရလို့ ဒီဘဝမှာကြာ ကြာနေချင်တဲ့ စိတ်များတောင်မရှိတော့ပါဘူး။ ကိုယ့်ဘဝကိုအင်မတန်မှ လွမ်း နေပြီဆရာလေးရဲ့။ ကျွန်တော်ရဲ့ မယား နန်းကြိုင်ကိုလဲအောက်မေ့လှပြီ။ သတိမရခင်တုန်းကတော့ မသိခဲ့လို့ ကိစ္စမရှိပါဘူး။ ယခုသတိရတယ်ဆိုရင်ပဲ နည်းနည်းကလေးမှ လူ့ဘဝမပျော်နိုင်တော့ဘူး ဆရာလေးရယ်။ သို့ပေမဲ့ ကျွန်တော်ဆောင်ရွက်ရမယ့် ဝတ္တရား မပြီးစီးသေးခင်တော့ လွမ်းလွမ်းနဲ့ ကြိတ် မှိတ်နေရဦးတော့မှာပဲ”

“ဩော် ဒီလိုကိုး ဒါဖြင့် မောင်စောချိုရယ် ဆရာလေးကို မောင်ပဲခေါ် လာတယ်။ ယခုတော့ မောင်ပဲတရားခံဖြစ်နေပြီ ဘယ်လိုလုပ်ရမလဲ”

ဟု ပြောင်လှောင်သည့်သဘောနှင့် မေးမြန်းလိုက်ရာ -

“မလုပ်ပါနဲ့ဆရာလေးရယ် ချမ်းသာပေးတော်မူပါ။ အစကတော့ ကျွန်တော့်အကြောင်း ကျွန်တော်မသိသေးလို့ ကာကွယ်ရအောင် စီစဉ်မိပါ

တယ်။ ယခုတော့ ဟဲ . . . ဟဲ ကျွန်တော်တို့က မတရားတာမဟုတ်ပါဘူး ခင်ဗျာ။ ဦးစောမှိုင်းကြီးက စပြီးရမ်းတာပါ။ ကျွန်တော်တို့မှာ ကိုယ့်အပြစ်ဒဏ် ချမ်းသာရအောင် ဝန်ခံမိလို့သာ ဒီလိုအကျိုးဆောင်ရပါတယ်။ သူတို့အပေါ်မှာ ရန်ငြိုးထားရုံကလေးနဲ့ချည်း လုပ်ရတာမဟုတ်ပါဘူး။ ကျွန်တော်တို့လင်မယား မှာ ခြေချုပ်မိသလို "ကိုယ့်အတတ်နဲ့ ကိုယ်စူး၊ နုတ်လို့ရနိုင်ဘူး"ဆိုတဲ့ ကိန်းမျိုး ကျနေတာကိုး ဆရာရဲ့။

ဒါနဲ့ ကျွန်တော် တစ်ခုဖြင့်တောင်းပန်ပါရစေ။ ကျွန်တော့်အကြောင်း အမေတို့တတွေကို နည်းနည်းလေးမှ အသိမပေးလိုက်ပါနဲ့ ခင်ဗျာ။ ဆရာလေး လိုက်လာတာကိုလဲ အင်မတန်မှ ကျေးဇူးတင်ပါတယ်။ ပြန်ချင်တဲ့အချိန် ကျွန်တော်ကောင်းကောင်းမွှန်မွှန်လိုက်ပို့ပါမယ်။ ကျွန်တော့်အတွက်တော့ဖြင့် ဘာမှဆောင်ရွက်ပေးဖို့ တာဝန်မရှိတော့ပါဘူး"

ဟု ပြောသဖြင့် ကျွန်တော်လည်း ကိုယ်နှင့်မဆိုင်ရာတွင် ပါဝင်ခွင့် မရှိသည့်အပြင် ကျွန်တော့်ကိုခေါ်လာသူမှာလည်း မောင်စောချိုသာလျှင်ဖြစ် သောကြောင့် ဤကိစ္စ၌ သူ့အကြောင်းနှင့်သူ ဖြစ်နေပြီဖြစ်ရကား တစ်စုံတစ်ရာ ဝင်ရောက်တားမြစ်ခွင့်မရှိဘဲ ဥပေက္ခာတရား လက်ကိုင်ထားလိုက်ရရုံမျှရှိတော့ သဖြင့်တစ်ကြောင်း၊ မောင်စောချိုအတွက် အကာအကွယ်ပြုရန် တာဝန်မရှိ တော့သည့်အတွက် နောက်တစ်နေ့နံနက်မှာပင် ကျေးဇူးရှင်ဆရာကြီးထံသို့ ခရီး တုံ့ပြန်ခဲ့ရလေ၏။

ကျွန်တော်လည်း ဦးစောမှိုင်းကြီးနှင့် ဥစ္စာစောင့်ပေါလှိုင်၊ နန်းကြိုင် တို့၏ အဖြစ်အပျက်များကို လမ်းခရီးတွင် တရေးရေးစဉ်းစား၍ ပြန်လာခဲ့ရာ ကျွန်တော်ပြန်ခါနီးတွင် တတွတ်တွတ်နှုတ်ပိတ်နေသော မောင်စောချိုကို လည်းကောင်း၊ လင်ဖြစ်သူစောလှမောင်ကွယ်လွန်၍ ပရိဒေဝမီး အတောက်ကြီး တောက်နေရှာသူ မြို့စားကတော်ကြီးမှာ "တောင်ကြီးရယ်ပြို ခိုစရာမရှိချေဘူး ကွယ်" ဆိုသော တမ်းတညည်းညူနည်းမျိုးဖြင့် မျက်ရည်မစဲနိုင် ရှိနေရှာသည့် ပြင် သားကြီးတစ်ယောက်ဟု မားမားမတ်မတ် ရှေ့ကရပ်မည့်မောင်စောချိုကို လက်ရုံးကြီးတစ်ဆူကဲ့သို့ တကယ့်အားထားရာပြုနေရှာသည်မှာ မြွေပွေးခါးပိုက်

ပိုက်ရရှာဘိအလား များမကြာမီ ၎င်းတို့မျိုးရိုးအစဉ်အဆက်ပိုင်ဆိုင်လာခဲ့သည့် အတွင်းပစ္စည်းများကို အိတ်သွန်ဖာမှောက် "ဘော်တောင်" သိုက်နန်းအရောက် ပို့ခြင်းခံရတော့မည့် အရေးများကို တွေးမိတိုင်း သနားနေမိပြီးလျှင် မောင်စောချို အဖို့မှာလည်း ၎င်းဆောင်ရွက်ရန် ကိစ္စတာဝန်များပြီးလျှင် လူ့ဘဝမှ မူလဥစ္စာ စောင့် ပေါလှိုင်ဘဝသို့ အားရကျေနပ်စွာ ပြောင်းကူးသွားပေတော့မည်။ ဘယ် နေ့ဆီတွင် ဘယ်လိုသတင်းမျိုးကြားရပါမည်လဲဟု မကြာခဏ နားတစွင့်စွင့်နှင့် မန်းပွဲမြို့စားများအကြောင်းကို သတင်းမေး၍နေခဲ့မိပါ၏။

သို့နှင့်ပင်ကျွန်တော့်မှာ ကျေးဇူးရှင် ဆရာကြီးနောက်သို့ ခရီးတစ် ထောက်တစ်ထောက် ရွှေ့တိုင်းပါခဲ့ရင်းနှင့် ခြောက်လကျော်ကျော် ခုနစ်လနီးပါး ရှိခဲ့စဉ် မန်းပွဲက လာသောလူတစ်ဦးကို သိန္နီနယ်တွင်အဆင်သင့်တွေ့ရ၍ မောင်စောချိုတို့အကြောင်း မေးမြန်းစုံစမ်းကြည့်ရာ မန်းပွဲမြို့စား ငွေခွန်မှူးက လေးမောင်စောချိုမှာ နာတာရှည်ရောဂါတစ်ခုနှင့် လွန်ခဲ့သောလကပင် ကွယ် လွန်အနိစ္စရောက်ကြောင်း၊ ကျန်ရစ်သောမိခင်ကြီးမှာလည်း ပစ္စည်းပြုန်း၊ လူချုံး ဆိုသလို မောင်စောချိုသေဆုံး၍ များမကြာမီပင် သေဆုံးပြန်ကြောင်း၊ မန်းပွဲ မြို့တွင် မြို့စားနှင့် ငွေခွန်မှူးရာထူးကို ၎င်းတို့ဆွေစဉ်မျိုးဆက်မှ ဆက်ခံမည့် သူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိတော့သဖြင့် မြို့သူမြို့သားများ သဘောကျ အတိုင်း ရွေးကောက်တင်မြှောက်ထားရပြီဖြစ်ကြောင်း ကြားရသောကြောင့် အကြောင်းသိဖြစ်သော ကျွန်တော့်မှာ အထူးမပြောသာဘဲ -

"ဩော် . . . ဩော်"

ဟူ၍သာ ခေါင်းညိတ်လိုက်ရပါတော့သတည်း။

✦ ✦ ✦

# ရန်သူဟောင်း

**(၁၉၃၆-ခုနှစ်၊ အောက်တိုဘာလက ရေးသားခဲ့သည်။)**

ညို့မှိုင်းအုံ့ဆိုင်းသော တောင်တန်းတောင်စွယ်တို့မှာ ကမ္ဗလာစိမ်းဖြင့် လွှမ်းအုပ်ထားဘိအလား စိမ်းညိုပြာမှောင် နီလာရောင်ထ၍ နေကြလေ၏။

တောကြီး တောင်ကြီးနှင့် စိမ့်ကြီးမြိုင်ကြီးများမှာ တမျှော်တခေါ် ရှုမဆုံးအောင် သာယာလှပြီး တစ်ဖက်တစ်ချက်တွင် အခက်အလက်ရှိကြသော သစ်ပင်ကြီးများမှာ နေပြောက်မထိုးအောင် မျက်နှာကြက်သဏ္ဍာန် ပြဋ္ဌာန်းဖြန့်မိုးဘိအလား ခရီးသွားကျွန်တော်တို့အတွက် စိတ်လက်ကြည်နူးစေသကဲ့သို့ရှိချေ၏။

ကျွန်တော်ကား ကျေးဇူးရှင် ဆရာကြီးကိုအမှူးထားလျက် တပည့်ကလေးနှစ်ယောက်နှင့်အတူ မြောက်ပိုင်းရှမ်းပြည်နယ်ဘက်သို့ ခရီးဆက်လက်ထွက်ခွာခဲ့ကြသူများဖြစ်လေရာ ယခုအခါ ကျောက်မဲမြို့မှ "နန်းခမားရွာ" ကလေးသို့ ခြေလျင်ခရီးဖြင့် အသွယ်သွယ်သော တောလမ်းကြီးများကို ဖြတ်သန်းကာ မနားမနေသွားလျက်ရှိကြလေ၏။

ထိုနန်းခမားရွာကလေးသို့ လာခဲ့ရင်းကိစ္စမှာ ကျေးဇူးရှင်ဆရာကြီး၏ အလိုဆန္ဒအတိုင်း ဂမုန်းစေတီနှင့် ဂမုန်းသူယောင်များ ဆေးဖက်တစ်ခုတွင် လိုနေသောကြောင့်တစ်ကြောင်း၊ အချို့ရှမ်းတို့နယ်မှ ဒုက္ခသည်များကို ကယ်ဆယ်ရန် တစ်ကြောင်းများကြောင့် ထွက်ခွာလာခဲ့ကြခြင်းဖြစ်လေရာ . . .

ထိုဂမုန်းမျိုးများမှာ နန်းခမားရွာမှတစ်ဆင့် တောင်ကိုးလုံးကိုကျော်၍ သွားပြီး 'တိယင်' ခေါ်သော တောင်သုံးလုံးအကြားရှိ အသူတရာနက်လှစွာသော ချောက်ကမ်းပါး၊ ကြီးမားသောရေတံခွန်ကြီးအောက်တွင် သရဝဏ်နက္ခတ်နှင့် စန်းယှဉ်သောအချိန်တွင် ရှာဖွေရမည်ဖြစ်သောကြောင့် မနေမနားပင် ကြိုးစား၍ သွားရခြင်းဖြစ်ပေသတည်း။

ကျောက်မဲမြို့အထိမှာ မီးရထားစီးသွားရ၍ ဝန်မလေး၊ ကျောက်မဲမြို့မှ မြို့မှုနန်းခမားသို့သွားရသည်မှာ မိုင်နှစ်ဆယ်ကျော်ကျော် မော်တော်ကားငှား၍ လာခဲ့ရသဖြင့် ခရီးထက်ဝက်ရောက်သည်တိုင် မပင်မပန်းလာခဲ့ရစေကာမူ ကားလမ်းမပေါက်သည့် ကျန်ခရီးဆယ့်ငါးမိုင်ခန့်မှာ ကျဉ်းမြောင်းကျပ်တည်းသော လူသွားလမ်းငယ်ကလေးဖြစ်သဖြင့် ခြေလျင်သော်လည်းကောင်း၊ မြင်းများ လားများနှင့်သော်လည်းကောင်း သွားရမည့်လမ်းခရီးဖြစ်ရာ ကျေးဇူးရှင်ဆရာကြီးမှာ မြင်း၊ နွားစသော သက်ရှိသတ္တဝါတို့ ဆွဲဆောင်အပ်သော ယာဉ်မျိုးကိုစီးနင်းရန် အမြဲရှောင်ကြဉ်ခဲ့သဖြင့် ကျွန်တော်တို့မှာ ခြေလျင်ခရီး ပင်ပန်းကြီးစွာ မသွားလိုငြားသော်လည်း အကြီးအကဲဖြစ်သူကမှ မစီးပါဘဲလျက် ကျွန်တော်တို့လူငယ်တပည့်များက ရွာလွန်ရွက်တိုက်ဘိအလား တစ်စုံတစ်ခုသော မြင်း၊ နွားစသည်များကို မစီးမနင်းဝံ့ဘဲ ဆယ့်ငါးမိုင်မျှသွားရသည့်ခရီးကို ဆရာကြီးနောက်မှ ပင်ပန်းကြီးစွာ လိုက်ပါလာခဲ့ရပေတော့၏။

ဆယ့်ငါးမိုင်ခရီးမှာ နီးသည်မဟုတ်ပေ။ ညီညွတ်သောမြေပြင်မဟုတ်၍လည်း ကုန်း၊ ကျင်း၊ ခလုတ်တို့ကို ရှောင်ကွင်းသွားလာနေရသဖြင့် ခရီးတွင်သင့်သလောက်မတွင်ဘဲ ရှိခဲ့လေ၏။

လူပင်အနိုင်နိုင်သွားလာရသောခရီးဖြစ်လေရာ စားရေရိက္ခာတို့ကိုလည်း လုံလောက်စွာ သယ်ပိုးဆောင်ကြဉ်းမလာနိုင်သောကြောင့် တောထဲတွင်

အလေ့ကျပေါက်နေကြသော တောင့်ကပ်ပျော၊ တောပိန္နဲ၊ နွဲ၊ ထောက်ရှာ၊ တောသြဇာ၊ တောသရက်မှစ၍ တောကထွက်သမျှ သစ်သီးဝလံတို့ကိုသာ ခူးယူစားသောက်၍ နန်းခမားသို့ရောက်အောင် အားခဲကြရာ နောက်တစ်နေ့ညနေပိုင်းတွင် အဆိုပါ ရှမ်းရွာကလေးသို့ ရောက်ကြရပေတော့၏။

ရွာကလေးကား အိမ်ခြေငါးဆယ်ကျော် ခြောက်ဆယ်နီးပါးရှိသော ရှမ်းခနေတိုင်းရင်းသားတို့နေထိုင်ပျော်မွေ့ရာ ရွာကလေးဖြစ်၍ ရွာအတွင်းအပြင်တို့တွင်လည်း လိမ္မော်ပင်၊ လက်ဖက်ပင်၊ သနပ်ပင်တို့ဖြင့် ခြံရံပြီးလျှင် ပူးစင်၊ ဖရုံစင်၊ ခရမ်းချဉ်၊ အာလူး၊ မုံညှင်းစသော ဟင်းသီးဟင်းရွက် အပင်တွေမှာလည်း အိမ်တိုင်းစေ့လိုလိုတွင် ရေငင်မောင်းနှင့် ရေတွင်းများဖြင့် သားနားစွာရှိကြလေရာ ကျွန်တော့်မှာ ထိုရှမ်းရွာကလေး၏ အေးချမ်းသာယာခြင်းကိုများစွာ သဘောကျမိလေတော့၏။

ရွာသူ ရွာသား ရှမ်းခနေတိုင်းရင်းသားများမှာလည်း စိတ်ကောင်းရှိလှပြီး ရိုးသားသည့်လူများသာဖြစ်လျက် တစ်ကြိမ်တစ်ခေါက်ရောက်လာသော ကျွန်တော်တို့ ဧည့်သည်များအား ထမုံလူကြီးကိုယ်တိုင် ဝတ္တရားကျေပွန်စွာ သဒ္ဓါတရားထက်သန်စွာဖြင့် ညစာထမင်းများ ချက်ပြုတ်ပြီး ကျွေးမွေးရှာသဖြင့် ဆရာကြီးအတွက် အမှုထား၍ချက်သော သက်သတ်လွတ်ဟင်းလျာများတွင် အာလူးပြုတ်ကြော်နှင့် ညောင်ချဉ်ဖူးသနပ်၊ တောင်ပို့မှိုဟင်းချိုတို့မှာ ကောက်ညှင်းပေါင်းကလေးလို စီးထွေးထွေးနေသော ဆန်နီကြောင်ကြား ထမင်းများနှင့် စားလို့မငြီး အမြိန်ကြီးမြိန်ရှက်လှ၍ ကျွန်တော့်တစ်သက်တွင် မမေ့နိုင်အောင် ရှိလေ၏။

ထမင်းစားပြီးခံတွင်းချဉ်ပြေ ကျွေးရှာသည့်လက်ဖက်အုပ်ကလေးများကို အိမ်စားသက်သက် ပြုပြင်ထားသောကြောင့် အကြော်အလှော်အခြံအရံမပါသော်လည်း စား၍အထူးအရသာရှိလျက် ခြံတွင်းမှထွက်သော သနပ်ဖက်စိမ်းကလေးကို ကိုယ့်အပင်က ကိုယ်တိုင်ခုတ်စင်းထားသည့် ခါချဉ်ပေါင်အုန္နဲ ဆေးရိုးနှင့် ကန်တော့ထိုးသလို ပြီးစလွယ်လိပ်ထားသော ဆေးပေါ့လိပ်များမှာလည်း ဖွာ၍မဝ လက်ကမချနိုင်အောင် အရသာထူးကိုဆောင်လေတော့၏။

သက်ငယ်မိုး ဝါးကြမ်းခင်းသော အိမ်ကလေးတွင် ဝါးဘိုးဆစ်ခေါင်း အုံးနှင့် တစ်ညလုံးတစ်ရေးမနိုးအောင် အိပ်လိုက်ရသည်မှာ နံနက်အိပ်ရာထ တွင် ယခင်ပင်ပန်းလာခဲ့သမျှ ခဝါချလိုက်ဘိအလား ပင်ပန်းနွမ်းချိခြင်းများမရှိ အထူးအားအင်ပြည့်တင်း၍ လာပေတော့၏။ ယခင်က တစ်ကြိမ်တစ်ခါမျှ သိက္ခမ်းဖူးခြင်းမရှိသော်လည်း ရောက်လာသည့်ညေ့သည်ကို ဖွယ်ဖွယ်ရာရာ စေတနာနှင့် ပြုစုရှာသော ထမုံလူကြီးဦးစောနန်းမှာ နံနက်လင်းလာသည်နှင့် တစ်ပြိုင်နက် လက်ဖက်ရည်အကြမ်းအိုးကြီးနှင့် အငွေ့တထောင်းထောင်းလွှတ် နေသော ကောက်ညှင်းပေါင်းဇလုံကြီးကို ထိုး၍ အပ်ရှာပြန်ရာ ကျွန်တော်တို့မှာ ဦးစောနန်းနှင့်အတူ ဝိုင်းဖွဲ့ထိုင်ကာ မြိန်ရှက်စွာစားသောက်ကြရပြန်လေ၏။

"မောင်တို့ဆရာကြီး ညက အမိန့်ရှိတယ်။ တိယင်တောင်ကြားကို သွားပြီး ဂမုန်းများတူးမလို့တဲ့။ အင်မတန် အန္တရာယ်များတယ်။ လာတဲ့ လူပေါင်းလဲ များလှပြီး တစ်ခါမှရသွားတယ်လို့ မကြားဖူးဘူး။ အထူးထူး အဆန်းဆန်း ဒုက္ခ တွေသာခံစားသွားရပြီး ကိုယ့်နေရင်းဌာနရောက်တဲ့နောက် အသက်ပျောက်ကြတာချည်းပဲ။ တချို့အယူသန်တဲ့ လူစုကတော့ ငှက်ဖျားမိလို့ သေတယ်ထင်ကြတယ်။ ကျုပ်တော့ ဂမုန်းအစောင့်အရှောက်တွေက ဖမ်းစား လိုက်တယ်လို့ ပြောချင်တယ်။ နို့ပြီး ခုပြောတဲ့ "တိယင်တောင်" ကြားနဲ့ ခပ်နီးနီး မှာ ရှေးတုန်းက ရှမ်းရွာကလေးတစ်ရွာလဲရှိဖူးသတဲ့။ အဲဒီရွာကလေးက လူတွေ ဟာ ဂမုန်းတောကို ဘယ်လိုလုပ်မိတယ်မသိပါဘူး။ တစ်ရွာလုံးကျောက်ဖြစ် ကုန်ကြသတဲ့။ ဒီ ရွာကလေးဟာ ကာလကြာရှည်တော့ ပြုပြင်မဲ့လူသူမရှိလို့ တစ်ရွာလုံးကို တောဖုံးတယ်ဆိုတာ သစ်ပင်ချုံ ပိတ်ပေါင်းတွေပေါက်ရာက ကြာတော့ အိမ်ခြေ ယာခြေမှန်သမျှ မမြင်ရလောက်အောင် တောကြီးဖြစ်သွား တာကို ဆိုလိုတယ် မောင်ရဲ့ . . .

ဘကြီးတို့လဲမတွေ့ဖူးပါဘူး။ ဘကြီးတို့အဘိုးများ ငယ်ငယ်ကကြား ဖူးလို့ တစ်ဆင့်ပြောထားတာ မှတ်မိတာပဲ။ ဘယ်သူမှလဲ ဒီနေရာကိုမသွားဝံ့ကြ ဘူး။ ရှေးကတော့မသိလို့ ဒီရွာဝင်မိတဲ့လူများ တိရစ္ဆာန်၊ ကျေးငှက်များတောင် ကျောက်ဖြစ်သွားတယ်ပြောထားလို့ ဘယ်သူမှလဲ အရဲစွန့်ပြီးမသွားဝံ့ကြဘူး။

ဒါကြောင့်မောင်ရင်တို့လူစုကို ကျုပ်ကသတိပေးတာ။ ဒါပေမဲ့ မောင်ရင်တို့ ဆရာကြီးကတော့ ဘယ်လောက်ကြီးကျယ်တဲ့ ဘေးအန္တရာယ်မှ လန့်ပုံမပေါ်ဘူး။

တော်တော်အစွမ်းထက်တယ်လို့ထင်တာပဲ။ ကျုပ်ကလဲ အကျိုးအကြောင်းကြားဖူးသလောက် ပြောပြလိုက်ပါရဲ့"

ဟုပြောရာ ကျွန်တော့်မှာ ဦးစောနန်းသတိပေးသော စကားများကို နားထောင်ပြီး အတန်ကြာစဉ်းစားတွေဝေ၍ နေမိလေ၏။

သို့သော်လည်း ကျေးဇူးရှင်ဆရာကြီး၏ ဂုဏ်ကျေးဇူး၊ ဆည်းပူးအပ်သော ပညာများကို ယုံကြည်မိသည့်အပြင် ယခင်အထက်အထက်ကလည်း ကျေးဇူးရှင်ဆရာကြီးမှာ ကြီးကျယ်သောဘေးအန္တရာယ်ကြီးများနှင့် ရင်ဆိုင်တိုး၍ လွှမ်းမိုးနိုင်နင်းခဲ့သည်များကို စဉ်းစားမိသောကြောင့် ကြောက်ရွံ့စိုးရိမ်ခြင်း အလျဉ်းမရှိသလောက် ဖြစ်ရုံမျှမက မမြင်ဖူး၊ မကြားဖူး၊ ထူးဆန်းသော အဖြစ်အပျက်များကိုမြင်ရ တွေ့ရတော့အံ့ဟု သွားရလတ့်သော ခရီးကိုပင် ဆက်လက်သွားလိုသောဆန္ဒများ ကြီးမားလှပေတော့၏။

ကျေးဇူးရှင်ဆရာကြီးလည်း အိမ်ရှင်ဦးစောနန်းအား နံနက်ထမင်းစားအပြီးတွင် ခရီးဆက်လက်သွားမည်ဖြစ်ကြောင်းများ ပြောကြားလေရာ ဦးစောနန်းမှာ ဆရာကြီးပြန်လျှင် ၎င်း၏အိမ်သို့ဝင်လာရန်နှင့် သတိဝီရိယနှင့်သွားကြရန် အတန်တန်မှာကြားရှာပြီး လမ်းခရီးတွင် စားသောက်ဖွယ်တို့ကိုပင် ထုပ်ပိုးထည့်သိုကာ ပါလာသော တပည့်ကလေးနှစ်ယောက်အား ပေးအပ်ထားရှာလေ၏။

"တိယင်္ဂတောင်ကြား" သို့ မရောက်မီ အနောက်မြောက်စူးစူးသို့ မျက်နှာမူကာ တောင်ကိုးလုံးတိတိကျော်သွားရမည်ဖြစ်ကြောင်း၊ သွားရမည့်ခရီးမှာလည်း မနီးလှဘဲ ခက်ခဲရှုပ်ထွေးသော တောထဲသို့မှော်တောကျွဲတိုးသလို လမ်းစရှာ၍ တိုးသွားရမည်ဖြစ်၍ ပိုမိုကြန့်ကြာမည့်အပြင် ဝါခေါင်လမပြည့်မီ တောင်ကြားသို့အရောက်သွားရမည်ဖြစ်သောကြောင့် အပြန်မှပင် အေးအေး၊ ဆေးဆေး နေဦးမည်ဖြစ်ကြောင်းများ ပြောကြားလေရာ ဦးစောနန်းမှာ ဆရာ

ကြီးကို ကြည်ညိုသူဖြစ်ကြောင်း၊ ဆရာကြီးနှင့် အေးအေးဆေးဆေးပြောရန် စကားတွေများစွာ ကျန်သေးကြောင်း၊ အကြံအစည်ချောမောအောင်မြင်စွာနှင့် မကြာမီပြန်လာနိုင်ရန် ဆုတောင်းနေမည်ဖြစ်ကြောင်း ပြောကာ နံနက်စာထမင်းများကိုလည်း စောစောစီးစီးချက်ပြုတ်ကျွေးမွေးရှာပြန်လေ၏။

ကျွန်တော်တို့မှာ "တိယင်တောင်ကြား" သို့ ရောက်ရန် ရည်သန်လျက် တောင်ကိုးလုံးကို တစ်တောင်ဆင်းတစ်တောင်တက်နှင့် ခရီးဆက်ကြလေ၏။ ဆရာကြီးအမိန့်အတိုင်း ကျွန်တော်နှင့် တပည့်ကလေးနှစ်ယောက်မှာ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို ပါးစပ်တွင်မလပ်ရအောင် ရွတ်ဆိုလာရပြီးလျှင် မြင့်စောက်သော တောင်စဉ်တောင်တန်းများနှင့် ကမ်းပါးရုံ ရှိုမြောင်များကို ကူးကျော်ဖြတ်သန်းလာခဲ့ကြရာ လူနေအိမ်ခြေရှိသော ရှမ်းရွာကလေးများ၊ ယာတဲကလေးများကို တစ်သတ်တစ်သတ်တွင်တွေ့ရ၍ အချိန်မလှသည့် အခါများနှင့် မိုးလေအပြင်းအထန် ရွာသွန်းသောအခါများမှာ အဆိုပါ ရွာကလေးများ တွင်သော်လည်းကောင်း၊ ယာတဲကလေးများတွင်သော်လည်းကောင်း၊ ခိုဝင်နားနေ အိပ်စက်ခဲ့ကြရသော်လည်း ရှေ့အဖို့၌ကား လူနေဝေးသည်ထက်ဝေးခဲ့ရာ နောက်ဆုံးတွင် ရွာသော်လည်းကောင်း၊ လုံးဝမတွေ့ရတော့ဘဲ လူသူမနီးသည့် တောကြီးမျက်မည်းအတွင်းသို့ ရောက်ခဲ့ရလေရာ ကျွန်တော်တို့မှာ နေ့အခါခရီးကို တွင်နိုင်သလောက်တွင်အောင်သွား၍ ညဉ့်အခါများမှာ ကြီးမားသော သစ်ပင်ကြီးများပေါ်တွင်သော်လည်းကောင်း၊ လုံခြုံမည့် ကျောက်ဂူလိုဏ်ခေါင်းများ ကို ရှာဖွေ၍လည်းကောင်း၊ သစ်ကျား၊ သားရဲစသော တောတိရစ္ဆာန်တို့၏ ဘေးအန္တရာယ်ကို ပုန်းအောင်း၍ အိပ်စက်ကြရလေ၏။

ယင်းကဲ့သို့ တစ်တောင်ကျော်တစ်တောင်ဆင်းနှင့် ခရီးပြင်းလာခဲ့ကြရာ သုံးနေ့နှင့်သုံးညဉ့်လွန်မြောက်ခဲ့သောအခါ ကျွန်တော်တို့မှာ တောင်ကိုးလုံးအနက်မှ နဝမကိုးခုမြောက် တောင်ပေါ်သို့တက်မိကြလေပြီ။

တောင်ထိပ်ဆီမှ ရပ်တန့်၍ကြည့်လိုက်သောအခါ အလွန်တရာမြင့်မောက် မတ်စောက်သော တော၊င်ကြီးသုံးလုံးကိုမြင်ရလေ၏။ ကျေးဇူးရှင် ဆရာကြီး၏ အမိန့်စကားကြောင့် ယင်းတောင်များမှာ "တိယင်တောင်" မှန်းသိရလျက်

တောင်သုံးလုံးဖိုခနောက်ဆိုင်ထားသည့် အတွင်းဘက် မျက်နှာစာဖြစ်သော နေရာတွင် တောင်သုံးလုံးဆိုင်သည်နှင့်မတူ မတ်စောက်သောကျောက်ကမ်းပါး နံရံကြီးသုံးခုဆိုင်ထားဘိသကဲ့သို့ တွေ့မြင်ရလေ၏။ ဤမျှ နက်နဲလှသော တောကြီးခေါင်ခေါင် တောင်တွေအလိပ်လိပ်တွင် လမ်းပန်းမမြင် ပကတိတောကြီး အတွင်းသို့ အရမ်းကာရော လမ်းရှာ၍တိုးသွားရသည်ပင် ကျောက်လမ်းခင်း ထားသည်ကို လျှောက်သွားရဘိအလား အလိုရှိသော "တိယင်တောင်ကြား"သို့ ဖြောင့်ဖြောင့်သားသား ရောက်ရတော့မည်။ ခရီးစဉ် မြေပုံမဆောင်၊ အိမ်မြှောင် မသုံးဘဲ ဒီလာ ဒီသွားဟု ရှေ့က မားမားကြီးရပ်ကာ ခေါင်းဆောင်ပြု၍သွား သော ဆရာကြီး နောက်ပါးမှလိုက်ရသည်ပင် လမ်းမှားခြင်းမရှိ တည့်တည့် မတ်မတ်ရောက်ခဲ့သည်မှာ ကျွန်တော်တို့ဆရာကြီးသည် ဤခရီး ဤလမ်းကို ရှေးအခါက အခေါက်ပေါင်းများစွာ သွားလာနေဖူးသူပင်ဖြစ်လေရော့သလား ဟု စဉ်းစားမိလေ၏။

ညနေပိုင်းတွင် တောင်ကိုးလုံးကို အဆုံးစွန်လွန်မြောက်ခဲ့၍ တိယင် တောင်ခြေသို့ ရောက်ကြလေ၏။ တောင်သုံးလုံး ဖိုခနောက်ဆိုင်ထားသည့် တောင်ကြားသို့ဝင်ရန်မှာ အတန်ပင်ခဲယဉ်းလှတော့၏။ တောင်ကြားအတွင်း ဘက်သို့ရောက်ရန်မှာ နံဘေး တောင်ကြားကလေး သုံးဘက်မှသာဝင်နိုင်မည် ဖြစ်ရာ ထိုတောင်ကြားသုံးသွယ်မှာလည်း မြေပြင်မဟုတ်ဘဲ ရေတသွင်သွင်စီး ဆင်းနေသော ချောင်းသုံးခုဖြစ်နေသဖြင့် အတွင်းသို့ရောက်လိုပါမူ အတွင်းမှနေ ၍ လှေဖြင့်သော်လည်းကောင်း၊ ဖောင်ဖြင့်သော်လည်းကောင်း သွားရမည်ဖြစ် ရာ ကျွန်တော်တို့မှာ ဆရာကြီးအမိန့်အတိုင်း ဝါးဖောင်တစ်ခုဖွဲ့ရန် တာဝန်ကျ၍ လာလေတော့၏။ စိမ်းလဲ့ တုတ်ခိုင်သော ဝါးဘိုးရုံကြီးမှ ကြီးမားထွားကျိုင်းသော ဝါးများကို ခုတ်လှဲ၍ ဖောင်ဖွဲ့ရမည်ဖြစ်ရာ ကျွန်တော်တို့မှာ ခုတ်လှဲရန် ကိရိယာ တန်ဆာဆို၍လည်း ခြောက်လက်မခန့် ရှည်လျားသော ရှမ်းဓားငယ်ကလေး တစ်ချောင်းကလွဲ၍ ဘာမျှမပါ။ ဖောင်လုပ်စရာအကျပ်တည်းဖြစ်နေရာ ကျေးလူရှင်ကြီးလည်း ဆေးအစ်ကြီးအတွင်းမှ နီထွေးသော အသွေးရှိသည့် သုံး မြောင့်ချိုးသဏ္ဍာန်ရှိသော ကျောက်တုံးကလေးနှင့် အရင်ဆုံးဝါးများကို အပင်

ရင်းမှကပ်ကာ စည်းတားလိုက်ပြီး ထိုဝါးလုံးကြီးများကို လက်နှင့်အသာကလေး ကိုင်တွန်းလိုက်လျှင် တိရိစ္ဆာ လွှဖြင့် ဖြတ်ပိုင်းထားသည့်အလား မြေပေါ်သို့ အတုံးအရုံးလဲကျသွားလေရာ ကျွန်တော့်မှာ ဆေးအစ်ထဲတွင် အမြဲမြင်နေကျ ထိုနီထွေးထွေး ကျောက်တုံးကလေး၏ အစွမ်းသတ္တိကို ယခုမှပင် သိရှိကာ များစွာ အံ့ဩမိလေ၏။

ထို့နောက် ဝါးများကို သေးသွယ်သော အဖျားပိုင်းကိုပယ်၍ အလယ်ပိုင်းနှစ်ပိုင်းလောက်ကို ထိုကျောက်တုံးကလေးနှင့်ပင် အလိုရှိသလောက် ရေးသားဖြတ်တောက်ကာ နွယ်စများနှင့် တင်းကျပ်စွာချည်နှောင်၍ ဖောင်ကလေး တစ်ခုပြီးစီးလေ၏။ သို့နှင့် ဝါးဖောင်ကလေး ပြီးစီးသော်လည်း အချိန်မှာ အနည်းငယ်မှောင်စပြုပြီဖြစ်၍ အနီးအပါးရှိ ကျောက်လိုဏ်ကလေးတစ်ခုတွင် ထိုညဥ့်အတွက် အိပ်စက်ကြရပြန်လေ၏။

နောက်တစ်နေ့ နံနက် နေဝန်းတက်လာလျှင် ဆရာကြီးနှင့် ကျွန်တော်တို့လည်း ဝါးဖောင်ပေါ်သို့ရောက်ကြကာ ချောင်းစရာသို့ ဆန်တက်ရန် တပည့်ငယ်နှစ်ယောက်နှင့် ကျွန်တော့်မှာ ဖောင်ပေါ်မှ ထိုးဝါးများနှင့်ထိုး ရလျက် ခရီးဆက်ကြပြန်လေ၏။ ရေကလေးမှာ ကြည်လင်အေးမြလျက် များစွာ မနက်လှချေ။ ကျွန်တော်၏ စိတ်ထင်အားဖြင့် လူတစ်ရပ်ကျော်ကျော် မျှသာရှိမည်ထင်၏။

ရေစီးမှာ များစွာမသန်သောကြောင့် ကျွန်တော်တို့ဖောင်ကလေးမှာ ထိုးဝါးတစ်ခါစိုက်လျှင် ဝါးနှစ်ရိုက် သုံးရိုက် သက်သာစွာ ဆန်တက်နိုင်ခဲ့ရာ နေမွန်းမလွဲမီ တောင်ကြားရှိ အိုင်ထဲသို့ ရောက်လေတော့၏။ ချောင်းသုံးသွယ်၏ ပင်ရင်းဌာနဖြစ်သော တောင်ကြားအိုင်ကြီးမှာ ကြည်လင်ငြိမ်သက်၍ ရေစပ်အချို့နေရာများတွင် ကြာမျိုးငါးပါးတို့ ပွင့်ဖူးစီစီ ပိတုန်းတွေတဝီဝီ လိပ်ပြာတွေတဝဲဝဲ ထူးကဲမွန်မြတ်သော နတ်ပန်းသဇင်၊ ဂမုန်းအင်တို့မှာ ရာသီမရွေးပွင့်ဖူးနေသည်ကို တွေ့ရလျှင် ကျွန်တော်တို့တွင် ဘဝင်ကြည်နူး စိတ်ကူး အမျိုးမျိုးယဉ်မိလေ၏။

ကမ်းပါးစတွင် ပေါင်းမြက်ပင်ဟူ၍မရှိ၊ ဘော်ငွေကျူအဆင်းကဲ့သို့ ဖြူဝင်းနူးညံ့သော သဲနုန်းပြင်ပေါ်တွင် မြရောင်တစ်ဖြာ နီလာရောင်တစ်ထွေး ပတ္တမြားသွေးတစ်ဖုံ အစုံစုံ အခန်းခန်းသော ဂမုန်းပင်မျိုးစုံတို့ဖြင့်သာပြီးလျက် အကိုင်းအခက်နှင့် အပင်မြင့်ကြီးများမှာလည်း အချည်းနှီးသော တောပင်မျိုး မဟုတ်၊ ကံ့ကော်ပင်၊ သရဖီပင်၊ ပိတောက်ပင်၊ စကားဝါ၊ စကားနီ၊ စကားဖြူ စကားစိမ်းပင် စသည်များနှင့် အင်ကြင်းပင်၊ ပုန်းညက်ပင်၊ ရင်ကတ်ပင်များ အပြင် နံ့သာဖြူ နံ့သာနီ၊ အကျော်ဓမ္မာ၊ ကရမက်စသော နံ့သာငါးပါးအပင်များ သာလျှင်ရှိလျက် ၎င်းအပင်ထက် အကိုင်းတလျှောက်များမှာလည်း ဂမုန်း၊ သဇင်၊ သစ်ခွပင်တို့ဖြင့် တန်ဆာဆင်ထားဘိသကဲ့သို့ ရှိလေရာ ထိုနေရာတွင် အကြင်သာမန်လူစားများ သွားလာပေါက်ရောက်ခြင်းမရှိနိုင်စေကာမူ သူတော် သူမြတ်များနှင့် ထွက်ရပ်လုပ်ငန်းကို ကြိုးစားသောဆရာ ဆရာကြီးများပင် တမင်မျိုးစေ့ချခဲ့သဖြင့်သာ ဤမျှ ပန်းမျိုးစုံတွေ့ရသည်ဟု ယူဆမိပေတော့၏။

မြင့်စောက်သော ဖိုခနောက်ဆိုင်တောင် သုံးခုမှာ တောင်တစ်ခြမ်းကို တိတိရိရိ ဖြတ်ထားဘိသကဲ့သို့ရှိ၍ ပြောင်ချောသော ကမ်းပါးရံစောက်ကြီးတွင် လည်း အခြားသော သစ်ပင် ဝါးပင်ဆို၍မရှိ ပကတိ မြစိမ်းရောင်အသွေးရှိ သော ရေညှိ ရေမှော်ကလေးများ ပြည့်နှက်ထူထပ်စွာ ပေါက်ရောက်နေသည် ဖြစ်ရာ အစိမ်းရောင် ပိုးကတ္တီပါစောင်ကြီးဖြင့် ဖုံးလွှမ်းထားသည်နှင့်တူလေ တော့၏။

အောက်သို့ကြည့်လျှင် ကြာမျိုးငါးပါးနှင့် ကြည်လင်သော ရေအိုင်ကြီး ကိုမြင်ရ၍ နံဘေးပတ်လည်သို့ ကြည့်လိုက်လျှင်လည်း စိမ်းလဲ့မြင့်မောက် မတ် စောက်သော တောင်ကမ်းပါး တောင်ထွတ်ကြီးများကို တွေ့ရပြီးလျှင် အထက် သို့မော့ကြည့်ပြန်လျှင်လည်း ပြာလဲ့လဲ့မိုးကောင်းကင်ကြီးကိုသာ မြင်ရခြင်း အတွက် စကြဠာသာဒကို များစွာဆောင်၍နေသကဲ့သို့ မှတ်ထင်ရလေ၏။

တောင်ကမ်းပါးကြီးသုံးခုအနက် တစ်ခုသော ကမ်းပါးကြီးထိပ်မှာ ဘော်ရေကို သွန်းလောင်းချဘိအလား ကြီးမားသော ရေတံခွန်ကြီးများမှာ အရှိန် ပြင်းထန်စွာ အိုင်တွင်းသို့ကျဆင်းလျက်ရှိချေ၏။ ကျေးဇူးရှင်ဆရာကြီးကား ထို

အိုင်အတွင်းသို့ဝင်မိသည့်အချိန်ကစ၍ အထူးအလုပ်များလျက် ပါးစပ်မှလည်း ဂါထာမန္တန်တို့ကို ရွတ်ဆိုဘိအလား မနေမနား ရွတ်ဆိုပြီး ဆေးအစ်ကြီးအတွင်းမှ ကျွန်တော်စုံလင်စွာ မသိရသေးသည့် ဆေးတောင့်ဆေးလုံးများကို တစ်ခုပြီး တစ်ခု ကိုင်တွယ်ကာ သိဒ္ဓိတင်လျက် ကျွန်တော်တို့ဖောင်သမားများကိုကား ရေတံခွန်အနီး တစ်ခုသော ကမ်းစကလေးတွင် ဆိုက်ကပ်စေပြီးလျှင် သန့်ရှင်းသော သဲပြင်ပေါ်တွင် ဆင်းသက်၍ နံနက်စာအလို့ငှာ ပါလာသော ကောက်ညှင်းထုပ်များကို စားသောက်ကြစေ၏။

ကျေးဇူးရှင်ဆရာကြီးလည်း ကျွန်တော်တို့အား ပါးစပ်မှ ဂုဏ်တော်ကိုးပါးကို မပြတ်မလပ်ရအောင် ရွတ်ဖတ်သဇ္ဈာယ်နေရန်နှင့် မည်သည့် အပင်တစ်ပင်ကိုမျှလည်း ထိခြင်း ကိုင်ခြင်း မပြုကြရန်မှာထားလျက် အချိန်အခါကို ထိုနေရာက ငုံ့ဆိုင်း၍နေကြလေ၏။ ထိုနေ့မှာ ဝါခေါင်လပြည့်နေ့ဖြစ်၍ မိုးလေကင်းစင်လျှင် ညဉ့်အခါ လရောင်ကို မြင်ရမည်။ လရောင်မြင်မှ ဂမုန်းတို့၏ အထူးပျော်မြူးခြင်းကို တွေ့ရမည်ဖြစ်၍ ကျွန်တော်တို့မှာ ညဉ့်အချိန် မိုးလေကင်းစဉ်ရန်သာကြိတ်၍ ဆုတောင်းရလျက် ဆရာကြီးမှာလည်း မိုးတားဂါထာများကိုရွတ်ကာ ဆေးဖယောင်းတိုင်တို့ဖြင့် စီမံထွန်းညှိထားလေ၏။

ကျွန်တော်၏ စိတ်ထင်ကား ဂမုန်းအမျိုးမျိုးတို့၏ ထူးခြားဆန်းပြားခြင်းကို မျက်ဝါးထင်ထင် တွေ့မြင်ရတော့အံ့ဟု မျှော်လင့်တောင့်တနေမိလေ၏။

ညဉ့်အချိန်သို့ရောက်ခဲ့ရာ ကံအားလျော်စွာ ကောင်းကင်တစ်ပြင်လုံး မိုးသားတိမ်တိုက်များ ကင်းစင်လျက် ကြယ်စုံ လစုံထွက်၍ နေကြလေ၏။

"လ မွန်းတည့်လျှင် ဂမုန်းအမျိုးမျိုးတို့ ပျော်မြူးကြသည်ကို မြင်ကြရမည်။ ငါ့တပည့်များ ငြိမ်သက်စွာထိုင်ကြည့်နေကြရမည်။ ဤကိစ္စမှာ ဆရာ့အတွက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ ဆရာသာလျှင် လုပ်စရာရှိသရွေ့လုပ်ရမည်။ ငါ့တပည့်များနှင့် မဆိုင်သဖြင့် ကြည့်ရုံသာကြည့်နေရမည်"

ဟု အမိန့်ရှိထားသည့်အတိုင်း ကျွန်တော်တို့မှာ ညဉ့်နက်လေ နှုတ်ပိတ်၍နေရပေ၏။

ထွန်းလင်းဝိုင်းစက်သော လပြည့်ဝန်းကြီးမှာ နက္ခတ်တာရာအပေါင်း ခြံရံလျက် တိယင်္ဂတောင်ကြား၏ ဗဟိုတည့်တည့်သို့ရောက်ရှိခဲ့လေရာ လ မွန်းတည့်ကြောင်း သိရလေ၏။ လရောင်အောက်တွင် ကြည်လင်ထင်ရှားစွာတွေ့မြင်နိုင်သော ဂမုန်းပင်များမှာ သာယာသော လေပြည်လေညှင်းကလေးတွင် ဘယ်ယိမ်းညာအိလှုပ်ရှားလျက် ရှိကြလေ၏။

အလွန်သင်းပျံ့သော ရနံ့များမှာ နှာဝတွင် မဆံ့အောင် တိုးဝင်၍ နေသောကြောင့် ကျွန်တော်တို့မှာ အိပ်ချင်သလိုလိုဖြစ်လာလေ၏။ ယခင်မြင်ရသော ဂမုန်းပင်အမျိုးမျိုးအကြားမှ လှုပ်လှုပ်ရှားရှားအသံများကိုကြားရတိုင်း လှည့်ကြည့်မိသောအခါ ရှင်သာမဏေတစ်စု အစီအစဉ်နှင့်ကြွသွားပြီး ရေတံခွန်ကြီးအနားတွင် ပျောက်ကွယ်သွားလျက်၊ တချို့နေရာများတွင်လည်း သန်လျက်ကိုထမ်းကာ စိမ်းပြာပြာမျက်နှာကြီးနှင့် အစွယ်ပြူးပြူး ဘီလူးသဏ္ဍာန်လိုလို ပုံသဏ္ဍာန်တွေမှာ မနိမ့်မမြင့် လေထဲတွင်ပျံဝဲသွားပြီး အဆိုပါရေတံခွန်ကြီးရှိရာသို့ရောက်သွားကာမှ အနီးတွင် ပျောက်ကွယ်သွားကြပြန်ကာ၊ အချို့သောနေရာများမှာကား မိန်းမ ယောက်ျား တစ်ယောက်ခါးတစ်ယောက်ဖက်လျက် ငြိမ်သက်စွာ တစ်တွဲစီ တစ်တွဲစီသွားကြပြီး ယခင် ရေတံခွန်ကြီးအနီးတွင်ပင် ပျောက်ကွယ်၍သွားကြလေသည်ကို တွေ့ရလေ၏။

အထက်ကောင်းကင်သို့ မော့ကြည့်မိသောအခါများမှာလည်း ရသေ့တွေလိုလို ဇော်ဂျီ ဝိဇ္ဇာတွေလိုလို ဝတ်ဖြူစင်ကြယ်နှင့် လူသူတော်တွေလိုလို ဝင်းဝင်းလျှပ်လျှပ် နတ်ဝတ်တန်ဆာတွေနှင့်လိုလို အမျိုးမျိုး မျက်စိအာရုံတွင် ထင်ပေါ်နေလေ၏။

မြင်ကွင်းအမျိုးစုံတို့မှာလည်း ရေတံခွန်ကြီးအနီး၌ပင် ပျောက်ကွယ်၍သွားသည်ကို တွေ့မြင်ရလေ၏။

သာယာနှစ်သက်ဖွယ်ကောင်းသော စောင်းညှင်းပတ်သာ တူရိယာသံများမှာလည်း မတိုးမကျယ် နာပျော်ဖွယ်ကြားရလျှင် ကျွန်တော်တို့တွင် ဘယ်ဆီကလာသောအသံများပေနည်းဟု အရပ်လေးမျက်နှာသို့ မျှော်ကြည့်ရှုသော်

လည်း တောင်ပေါ်ကလိုလို ရေထဲကလိုလိုသာ အထွေထွေထင်ရလျက် ဘယ်ဘက်ကလာသောအသံဟု မခွဲခြားနိုင်အောင် ရှိလေတော့၏။

ဆရာကြီးကား ဖောင်ဦးတွင် ပျားဖယောင်းတိုင် ခုနစ်တိုင်ကိုထွန်းညှိကာ ရေတံခွန်ဆီသို့ ဖောင်ကိုရွှေ့စေသော အထိမ်းအမှတ်ကိုပြလျက် ဝါးဖောင်ကလေးမှာ မည်သူမျှ အားမစိုက်ရဘဲ ရေတံခွန်ကြီးရှိရာသို့ တရွေ့ရွေ့တိုးသွားပြီးလျှင် တဝေါဝေါကျဆင်းနေသော ရေတံခွန်ကြီးမှာ ဇာခန်းဆီးကို အလယ်ကခွဲလိုက် ဘိအလား အလိုလို တစ်ဖက်တစ်ချက်ကွဲသွားရာ ကျွန်တော်တို့ဖောင်ကလေးမှာလည်း အလယ်ကြားမှ တိုးဝင်သွားပြီး ကျောက်လိုဏ်ခေါင်းကြီးအတွင်းသို့ ဝင်မိလေ၏။

လိုဏ်ခေါင်းကြီးမှာ ကျယ်ပြန့်သော တိုက်ခန်းကြီးသဖွယ်ဖြစ်နေကာ ထက်အောက်ဝဲယာတို့မှာလည်း အထက်မှအောက်သို့ တွဲရရွဲကျနေသော ကျောက်ထွတ်များမှာ ယိုးဒယား ကနုတ်ပန်းခက်များပမာ အောက်သို့အတွဲတွဲကျနေလျက် ကျောက်စက်ရေစင်တို့ တစ်စက်တစ်စက် ယိုကျနေပြီးလျှင် ကျောက်နံရံတို့တွင် ကပ်၍ပေါက်နေသော ဂမုန်းပင်များမှာ ကျွန်တော်တို့ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့သည့် ထူးခြားလှပသော ပန်းပွင့်ကြီးများ အပင်နှင့် မလိုက်အောင် ကြီးမားစွာပွင့်နေကြလျက် အပွင့်ကြီးများ၏ အသွေးအရောင်များမှာလည်း ဆပ်သွားဖူးဖက် အတွင်းသားကလေးများကဲ့သို့ရှိကာ ပွင့်ဖတ်ဝတ်ဆံအညှာများကို သိမ်းရုံးကြည့်လိုက်သောအခါ-

ကိန္နရီရုပ်လုံးကလေးများအလား ခါးသေးရင်ချီလျက် အထက်သို့ကော့တက်နေသော ပွင့်ဖတ်နှစ်ခုမှာ ကိန္နရီကနေသည့်အသွင်နှင့် အောက်ခြေအညှာနှစ်ခုမှာ ခြေနှစ်ဖက်နှင့်တူ၍ သေးသွယ်နူးညံ့သော ဝတ်ဆံကလေးများမှာ ဖားလျားချထားသော ဆံပင်များနှင့် သဏ္ဌာန်တူလေရာ ထိုအပွင့်တို့ကား ဆရာကြီးအမိန့်ရှိသော ဂမုန်းသူယောင်ပွင့်များ ဖြစ်တန်ရာ၏ဟု တွေးမိလေတော့၏။ သို့နှင့် ကျောက်ဂူလိုဏ်ခေါင်းနံရံတစ်ခုလုံး ထိုဂမုန်းပွင့်တို့ဖြင့် ပြည့်နှက်နေသည့်နေရာများကိုလွန်မြောက်ကာ ရေလယ်တွင် ကျွန်းကလေးသဖွယ်ဖြစ်နေသော ကျောက်တောင်ကလေးတစ်ခုကိုတွေ့ရပြီးလျှင် ထိုတောင်ကလေး

၏ ထိပ်ဆုံးနေရာတွင် စေတီသဏ္ဍာန်နှင့်တူသော ဂမုန်းဥကြီးတစ်ဥနှင့် ၎င်းကို ခြံရံနေသော အခြားဂမုန်းဥငယ်များမှာ တစ်ခုနှင့်တစ်ခု ထိကပ်တိုးဝှေ့ကာ မြောက်မြားစွာ ပေါက်ရောက်နေသည်ကို တွေ့မြင်ရလေ၏။

အထူးအံ့ဩဖွယ် ကောင်းသည်တို့ကား ဤမျှကျယ်ပြန့်သော ကျောက်လိုဏ်ခေါင်းကြီးမှာ အလင်းရောင်ဝင်စရာဆို၍လည်း တစ်ပေါက်မှမရှိသဖြင့် မှောင်နှင့်မည်းမည်းရှိသင့်ပါလျက် နေ့အချိန်တမျှ အလင်းရောင်ရနေသောကြောင့် အစစထင်ရှားခြားနားစွာ တွေ့မြင်နေရခြင်းကိုလည်း စဉ်းစားမရအောင်ရှိလေ၏။

အမြင့်ဆုံးတွင် အကြီးဆုံး ပေါက်ရောက်နေသော ဂမုန်းစေတီဥကြီးမှာ အခြားဂမုန်းစေတီဥငယ်များထက် အစစ အရာရာ ထူးခြားနေသည့်အပြင် အရောင်အသွေးမှာလည်း အခြားဂမုန်းစေတီဥငယ်များကဲ့သို့ စိမ်းလဲ့သော အရောင်တစ်ခုတည်းသာမဟုတ်ဘဲ တစ်ခဏ၌ပင်လျှင် ဘော်ငွေကျူကဲ့သို့ ဖြူရောင်အဆင်း ရွှေဝါရောင်အဆင်း ဟသ်ာပြဒါးသွေးကဲ့သို့ နီထွေးသောအဆင်း နီလာရောင်ကဲ့သို့ ညိုမှောင်သောအဆင်း ပြာလဲ့သောအဆင်းများကို မကြာမကြာ တစ်လှည့်စီပြောင်းသွားပြီး မီးပန်းမီးကျီးပမာ-

တဖြာဖြာ တလက်လက် အရောင်မျိုးစုံထွက်ပြီး တဖြတ်ဖြတ်တောက်ပလျက်ရှိသဖြင့် ကျွန်တော့်မှာ ကြည့်ရင်းကြည့်ရင်း အံ့ဩခြင်းမကအံ့ဩမိသဖြင့် ကြည့်ရင်းကြည့်ရင်းပင် ပီတိကျ၍ တဖျင်းဖျင်းကြက်သီးမွေးညှင်းထလာကာ ထိုဂမုန်းစေတီဥကြီးကို ကြည်ညိုသဒ္ဓါနှင့် ရိုသေစွာရှိခိုးမိလေ၏။

ထိုသို့ ကြည်ညိုစိတ်ဖြင့် ရှိခိုးမိသည်နှင့်တစ်ပြိုင်နက် မည်သူကပြောလိုက်သည်မသိ-

“ဒီဟာ မြတ်စွာဘုရားရဲ့ “သရီရဓာတ်တော်”များ ကွန့်မြူးတာဖြစ်တယ်။ ဒီနေ့ ဒီအချိန်မှာ ဂမုန်းပေါင်းစည်းဝေးမြူးပျော်တဲ့အတွက် ဆရာကြီးများလာရောက်စုဝေးရင်း ဂမုန်းစေတီကြီးအတွင်းမှာ ဌာပနာထားတဲ့ ဓာတ်တော်များကို ဖူးမြော်မြဲ ဓာတ်တော်မွေတော်တို့ ကွန့်မြူးမြဲနေ့ရက်ဖြစ်တယ်။

အသင်လုလင်ငယ် ကံကောင်းလေစွ။ ရောက်နိုင်ခဲမှုသော အရပ်ဒေသသို့ ရောက်ခဲ့ရပေသည်။ ကြိုးစား၍ဖူးပါလေ"

ဟု ပြောလိုက်သည့်ခဏ၌ ခံညားအောင်မြင်သောအသံတစ်သံ ကျွန်တော်၏နားတွင်းသို့ဝင်လာလေရာ ကျွန်တော်လည်း မည်သို့သောသူများက ပြောလိုက်ပါသနည်းဟု ဂရုပြု၍ စူးစိုက်ကြည့်လိုက်မိရာ ရေပြင်ကို မြေပြင်ကဲ့သို့ ဒူးဆစ်တုပ်ထိုင်ကာ ဂမုန်းစေတီနှင့် ကွန့်မြူးလျက်ရှိသော ဓာတ်တော်မွေတော်များကို ရှိခိုးနေသည့် ရသေ့ ဝိဇ္ဇာ လူသူတော်များကိုလည်းကောင်း၊ ကိုယ်ရောင်ဝင်းလျှပ်သော နတ်ရုက္ခစိုးစသည်တို့ကိုလည်းကောင်း၊ ရှင်သာမဏေများကိုလည်းကောင်း၊ ပုဆိုးရှည် ထဘီနှင့် ဇနီးမောင်နှံ တစ်တွဲစီ တစ်တွဲစီ တည်ကြည်ခံညားစွာ တွဲနေသူများကိုလည်းကောင်း၊ ဘီလူးသဏ္ဌာန် ဂုမ္ဘာန်စသောသူများကိုလည်းကောင်း ကျွန်တော်၏မျက်လုံးများမှ ရေးရေးရိပ်ရိပ် တွေ့မြင်ရလေရာ ဂမုန်းစေတီတော်ကို သဒ္ဓါတရား ရှေးကထက်ပွား၍ အားပါးတရ ဦးချရှိခိုးမိလေတော့၏။

မည်မျှ အချိန်ကြာစွာ သဒ္ဓါပီတိနှင့် ဂွမ်းဆီထိဖြစ်နေမိသည်မသိ ဓာတ်တော် မွေတော်တို့မှ ရောင်ခြည်တော်များ ရုပ်သိမ်းလျက် မထင်မရှားမြင်ရသော ပရိသတ်များလည်း မရှိမှပင် ပီတိကျရာမှ သတိရကာ ဖောင်ကလေးကို ဆုတ်ခွာ၍လာခဲ့ကြပြီး ဂမုန်းသူယောင်တို့အနီးတွင် တစ်ဖန်ရပ်တန့်ကြပြန်ရာ ကျွန်တော့်မှာ တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးအောင် ထူးဆန်းသောအခြင်းအရာတို့ကို တွေ့ကြုံရပြန်လေသတည်း။

ယခင်ဝင်သွားစဉ်က ကျောက်နံရံကြီးတွင် ကပ်ကာပေါက်နေကြသော ဂမုန်းသူယောင်ပွင့်များမှာ ယခုအခါ အသက်ဝင်လာသလို တရွရွလှုပ်ရှားစပြုလျက် တသုံ့သုံ့ဆော်သွေးသော လေပြည်ကလေးမှာ တက္ကရူပန်းရနံ့ကဲ့သို့ သန့်ပြန့်မွှေးကြိုင်သော ရနံ့များကို ဖြန့်ဖြူးပေးဝေလျက်ရှိကာ သာယာသော တူရိယာသံများလည်း ပေါ်ပေါက်လာပြန်လေ၏။ ဆပ်သဝါအသွေးကဲ့သို့သော ဂမုန်းသူယောင်ပွင့်များမှာ တရွရွလှုပ်ရှားလာကြရာမှ လှပပြေပြစ်သော ကိန္နရီ

ရုပ်လုံးကဲ့သို့သော ကိုယ်များကိုယိမ်းနွဲ့ကာ လက်နှစ်ဖက်ကို လေထဲတွင် ဘယ်ညာဝှေ့ယမ်းလျက် တူရိယာတီးကွက်နှင့် လိုက်လျောအောင် ကစပြုကြလေ၏။

ကျွန်တော်ကား တအံ့တဩ မိန်းမောကြည့်ရှု၍နေမိပေ၏။ အဆိုပါသူယောင်ဂမုန်းပွင့်များမှာ လူသားသဏ္ဌာန် ခြေ၊ လက်၊ ဦးခေါင်း၊ မျက်လုံး၊ မျက်ခုံးမှစ၍ တစ်စထက် တစ်စ ပီသလာကာ ပကတိ လူမိန်းမတို့၏အသွင်ပေါ်ပေါ်လွင်လွင်ဖြစ်လာ၍ အဝတ်ဟူ၍လည်း မပါ၊ ဗလာကျင်း၍ လှပဖြောင့်စင်း ဝါဝင်းသောကိုယ်လုံးတို့ကို တိမ်ခိုးကဲ့သို့ ပါးလျှပ်သော လွှာခြုံများနှင့်ရစ်ရံဖုံးလွှမ်းလျက် ထိုမှ ဤမှ လက်မြှောက်ဝှေ့ယမ်းရင်း ပျော်ရွှင်မြူးတူး၍နေလေရာ ရှည်လျားနက်မှောင်သော ဆံပင်များမှာလည်း လေထဲတွင် ၎င်းတို့ကဲ့သို့လှုပ်လှုပ်ရှားရှား ပျော်ပါးနေသည်ဟု မှတ်ထင်ရလေ၏။

အချို့သော သူယောင်ဂမုန်းတို့ကား လှုပ်ရှားကြီးလှုပ်ရှား၍ အပျော်ကြီးပျော်မြူးနေဘိအလား အပင်ထက်မှပင် ငှက်ကဲ့သို့ ဝဲပျံကခုန်ကြကာ အချို့ကလည်း ကြည်လင်သော ရေထဲတွင် ငုပ်ချည်ပေါ်ချည် ပြေးလွှားကစား ကခုန်လျက် အပင်ထက်မှ အပွင့်တို့ကလည်း အချင်းချင်းကြည့်ရှု ပျော်မြူးနေကြလေရာ လူ၏တမျှ လှပကြီးမားသော လိပ်ပြာကြီးများမှာ အဘယ်ကပေါ်၍လာသည်မသိ၊ ကျောက်လိုဏ်ကြီးအတွင်းမှာ ကူးကာလူးကာ ရစ်ဝဲပျံသန်းလျက်ပန်းသူယောင်ပွင့်များမှ ပန်းဝတ်ရည်များ စုတ်ယူကြသည်ကို တွေ့ရလေ၏။

ကျွန်တော်၏တစ်သက်တွင် ဤမျှကြီးမားသော လိပ်ပြာကြီးများကိုမမြင်ဖူးအောင် ထူးခြားလှပပေ၏။ အပင်ပေါ်တွင် အညှာမှ မခွာသေးသောသူယောင်ဂမုန်းပွင့်များကို အားပါးတရ ဝတ်ရည်စုတ်ယူလေရာ ပွင့်ဖတ်ကလေးများမှာ ပြောင်းပျော့နွဲ့လျ အားအင်ကုန်ခန်းသည့်လက္ခဏာကိုပြလျက် ငြိမ်သက်၍နေကြလျှင် ယခင် လိပ်ပြာကြီးများမှာ သူယောင်ကညာတို့ကို ဖေးမတွဲခေါ် ရေပေါ်တွင် ပျံဝဲ၍ ပျော်ပွဲဆင်ကြပြန်လျှင် မူလသဏ္ဌာန်ကဲ့သို့ ဖျတ်လပ်ရွှင်လန်းလာပြီး လိပ်ပြာကြီးများနှင့် ပွေ့ဖက်ရွှင်လန်း အချစ်စခန်းသွားနေသော ပကတိလူသားများကဲ့သို့ ပျော်ပါးကြီစယ်၍ နေကြသည်ကိုကမရှား။

လိပ်ပြာကြီးများအလာကို တမ်းတကာ မျှော်လင့်နေရှာဘိအလား အပင်ပေါ်တွင် လှုပ်ရှားကမြူးနေသော ပန်းသူယောင်များကတလီ၊ ရေထဲတွင် ပျော်ရွှင်စွာ ပြေးလွှား ကစားနေကြသည်တို့ကတစ်မျိုး၊ လိပ်ပြာကြီးများသဖွယ် ပါးလွှာသော ဝတ်လွှာတဘက်ကို အတောင်သဖွယ်အားပြု၍ ရေပေါ်ဝယ် ဝဲပျံ မြူးနေကြသည့် ဗလာကျင်းသော လှယမင်းကိုယ်လုံးပေါ် ပန်းသူယောင်မယ်တို့မှာ အသွယ်သွယ်အခန်းခန်း လိပ်ပြာကြီးများနှင့် တစ်ယောက်ကိုတစ်ယောက် ဖမ်းကာ ရှောင်ကာ ကိန္နရာဖို,မ ဝဲသလို ပျော်ပွဲကျင်းပနေကြသည်များကို တစ်ဝ ကြည့်ရှု၍ အားမရနိုင်အောင်ရှိလေတော့၏။

လှပသော လိပ်ပြာကြီးများကား အဘယ်သို့သော လိပ်ပြာကြီးတွေနည်း။ ကြီးလွန်းလှချေ၏။ လူတစ်ကိုယ်တစ်မျှ ကြီးမားသော ပန်းသူယောင်မယ်ကလေးများကို ပေါ့ပါးစွာ ချီပွေ့ဝဲပျံ ရွှင်မြူးနေနိုင်ကြလေသနည်း။ ဂမုန်းသူယောင်များအကြောင်းကိုကား အထူးတွေးတောရန်မလို။ ယခင်ကပင် ကျေးဇူးရှင်ဆရာကြီး အမိန့်ရှိဖူးသဖြင့် ဂမုန်းသူယောင်ပန်းများဖြစ်ကြောင်း သိရပြီးဖြစ်လေရာ ထိုလိပ်ပြာကြီး၏အကြောင်းကိုသာ အထူးသဖြင့် သိလိုလှတော့၏။

သို့နှင့် အဆိုပါလိပ်ပြာကြီးတို့ကို သေချာစေ့စုံစွာကြည့်မိရာ အတောင်အလက်တို့မှာ ဖြူနီပြောက်ကျားအရောင်အဆင်းမြောက်မြားစွာ ချယ်လှယ်ထားသကဲ့သို့ရှိ၍ လိပ်ပြာကြီးများ၏ကိုယ်လုံးမှာမူ ကျွန်တော်မြင်ဖူးသော အခြားလိပ်ပြာ သတ္တဝါကလေးများ၏ ကိုယ်ထည်နှင့်မတူဘဲ လူ၏မျက်နှာ၊ လူ၏ကိုယ်လုံးကိုယ်ထည်နှင့်ရှိ၍ ခေါင်းတွင်လည်း ပြိုးပြိုးပြက်ပြက် ရောင်လျှံထွက်သော ဦးပေါင်းကိုဆောင်းကာ လိပ်ပြာ၏နှုတ်ခမ်းမွေးကြီးနှစ်ချောင်းသဖွယ် နီထွေးသော အမွေးကြီးနှစ်ချောင်း၊ အပေါ်သို့ထိုးလျက် ကိုင်းညွှတ်နေ လျက် ကိုယ်လက်များမှလည်း အရောင်ဝင်းလက်သော အဝတ်တန်ဆာတို့သာ ဆင်မြန်းထားသည်များကို တွေ့ရလေရာ ကျွန်တော့်မှာ လူလော၊ နတ်လော၊ ဝိဇ္ဇာမိုရ်ရတို့ သူယောင်ပျိုနှင့် တစ်ဖုံလွဲ၍ တစ်နည်းဆင်ကာ ပျော်ရွှင်မြူးတူးနေကြခြင်း ပေလောဟု တွေးတောမရနိုင်ရှိချေ၏။

သို့နှင့် တစ်နေရာတွင် ပျော်ရွှင်မြူးတူး၍ အားရကျေနပ်ခြင်းဖြင့် ရပ်နားနေသော လိပ်ပြာကြီးတစ်ကောင်မှာ အတောင်များကို တဖြည်းဖြည်းမွေး၍နေသဖြင့် ကျွန်တော်လည်း မျက်စိနှင့်အဆင်သင့်သောကြောင့် စိုက်ကြည့်လိုက်ရာ ထိုလိပ်ပြာကြီးမှာ လိပ်ပြာသဏ္ဌာန်များ တဖြည် ဖြည်းမွေးမှိန်ပျောက်ကွယ်သွားပြီး နောက် လူလုံးအသွင်အတိုင်း ကျန်ရစ်သည်တွင်မှ မုတ်ဆိတ်ကျင်စွယ်နှင့် ဝိဇ္ဇာယောင်ယောင်၊ ဇော်ဂျီယောင်ယောင် သဏ္ဌာန်မျိုးကူးပြောင်းလျက် ရုတ်တရက် ထိုသဏ္ဌာန်ပါပျောက်ကွယ်၍ သွားသည်တွင်မှ ကျွန်တော်လည်း ဤကား "ဂမုန်းသူယောင်"တို့နှင့် ပျော်ပါးလာကြသော ဝိဇ္ဇာတို့ပေတကားဟု ပြတ်ပြတ်သားသား သိမြင်ကာ အံ့ဩဖွယ်ကောင်းသော အခြင်းအရာတို့ကို ကြည့်ရှုခြင်းမှ ရောင့်ရဲတင်းတိမ်သွားပြီးလျှင် မေ့လျော့နေသော ကျေးဇူးရှင်ဆရာကြီးကိုသတိရကာ ဖောင်ဦးသို့လှည့်ကြည့်လိုက်မိလျှင် ဆရာကြီးမှာလည်း ထိုနေရာတွင် မရှိတော့သည်ကို တွေ့ရလေရာ -

ကျွန်တော်မှာ အဘယ်အရပ်သို့ အဘယ်သို့သောကိစ္စဖြင့် ကြွသွားလေသနည်းဟု တောင်မြောက်ကြည့်မျှော်၍နေမိရာမှ တစ်ဖန်လှည့်ကြည့်မိသောအခါ ဆရာကြီးမှာ ဘယ်အချိန်က ပြန်ရောက်လာသည်မသိ "ဂမုန်းစေတီဥငယ်"တစ်ခုနှင့် "ဂမုန်းသူယောင်"ပင်တစ်ပင်ကိုကိုင်ကာ ဖောင်ဦးတွင် ရောက်လာသည်ကို တွေ့မြင်ရလေ၏။

ကျွန်တော်လည်း ဆရာကြီးအား ခြေဆုံး ခေါင်းဆုံးကြည့်ကာ အံ့ဩနေမိပြီးနောက် ရုတ်တရက် ငိုက်မျဉ်းတွေဝေသွားရာမှ နောက်တစ်ကြိမ်သတိရ၍လာသောအခါ ကျွန်တော်တို့ ဖောင်ကလေးမှာ ကျောက်လိုဏ်ဂူကြီးအတွင်းတွင် မဟုတ်တော့ဘဲ အပြင်ဘက် အိုင်ကြီးနံဘေး ယခင်စတည်းချသောနေရာဟောင်းသို့ ပြန်လည်ရောက်ရှိနေသည်ကို တွေ့ရလျှင် ကျွန်တော့်တွင် ယခင်တွေ့ကြုံရသော အခြင်းအရာစုကို အိပ်မက်သလိုလို တကယ်လိုလို မဝေခွဲနိုင်အောင်ရှိလေ၏။ ကျွန်တော်နှင့်အတူပါသော တပည့်ကလေးနှစ်ယောက်ကို မေးမြန်းဦးမည်ဟု လှည့်ကြည့်မိသောအခါမှ တပည့်ကလေးနှစ်ယောက်မှာ

လည်း အိပ်မောကြီးကျကာ ဟောက်၍ပင်နေကြသည်ကို တွေ့ရပြီး ကျေးဇူးရှင်ဆရာကြီးမှာလည်း ဖောင်ဦးတွင် ယခင်အတိုင်းထိုင်လျက် ဆေးဖယောင်းတိုင်ကြီးများရှေ့တွင် ဆေးကျောက်ပျဉ်နှင့် တစ်စုံတစ်ခုသောဆေးများကို မန္တန်ကြူးရင်း ကြိတ်နေသည်ကို တွေ့ရပြန်သောအခါ ကျွန်တော်မြင်ခဲ့ရသည့်ဟာကို အိပ်မက်ဖြစ်သည်ဟုထင် အတပ်စွဲချင်လိုက်တော့၏။

သို့နှင့်လည်း မဝေခွဲနိုင်သောစိတ်မှာ ကြိတ်မရ နှိပ်မရအောင်ရှိသဖြင့် ဆရာကြီးကို ပြောပြမည် ကြံစည်မိပြန်လေ၏။

သို့သော် ဆရာကြီးမှာ ဂါထာမန္တန်များရွတ်ဆိုကာ ဆေးကြိတ်နေသေးသောကြောင့် ကျွန်တော် ပြောဆိုသည်များကို အောင့်အီးမျိုသိပ်ထားရရင်းပင် အိပ်ငိုက်လာပြန်သဖြင့် ရုတ်တရက် အိပ်ပျော်သွားပြန်တော့သတည်း။

နံနက် အရုဏ်ကျင်း၍ အလင်းသို့ရောက်ခဲ့ရာ ကျွန်တော်၏ ကျေးဇူးရှင်ဆရာကြီးလည်း မိမိကိစ္စ အောင်မြင်ပြီးစီးပြီဖြစ်၍ ယခုနံနက်မှာပင် ပြန်တော့မည်အကြောင်း အမိန့်ရှိလေရာ ကျွန်တော့်မှာ ဤမျှသာယာကြည်နူးဖွယ်ကောင်းသော နေရာဌာနမှ ရုတ်တရက် ထွက်ခွာရမည်ကို မကျေနပ်နိုင်အောင်ရှိလေတော့၏။

သို့နှင့်လည်း ဆရာ့အမိန့်ကို လွန်ဆန်ဝံ့သူမဟုတ်သဖြင့် ပြန်ကြရန်ပြင်ဆင်ကြရကာ သို့ပြင်ရင်းဆင်ရင်းပင် ကျွန်တော့်စိတ်တွင် မဝေခွဲနိုင်အောင်ညဉ့်ကအဖြစ်အပျက်များကို ဆရာကြီးကိုပြောပြရာ ကျေးဇူးရှင်ဆရာကြီးကားကျွန်တော့်ကို ပြုံးကြည့်ကာ-

"အင်း ငါ့တပည့်ကြီး ကံအလွန်ကောင်းတယ်။ ကြိုးစားနိုင်ရင် တစ်နေ့မှာ ဆရာကဲ့သို့ဖြစ်စရာလမ်းတွေရှိသည်။ ကိုယ်ကျင့်တရား မပျက်ပြားစေနဲ့။ ယခု ငါတို့ရောက်လာသောနေရာဌာနမှာ သာမန်လူတို့ လွန်စွာရောက်နိုင်ခဲသည်။ ဤဌာနကား တန်ခိုးကြီးမားသော ဂမုန်းစစ်များသာ ရှိသောနေရာဖြစ်၍ သာမန်လူသားများ မျက်စိဖြင့် ကြည့်၍မမြင်နိုင်။ ထိုဂမုန်းများ စွမ်းအားရှိသလောက် ပျော်မြူးသောနေ့လည်း ကြုံကြိုက်သည်"

ဟုသာ အမိန့်ရှိသဖြင့် ကျွန်တော့်မှာ ပွင့်ပွင့်လင်းလင်း မသိရသေးသဖြင့် မကျေနပ်နိုင်ဖြစ်နေကာ ကျွန်တော်တွေ့မြင်ရသူတို့မှာ အကယ်စင်စစ်ပင် ဖြစ်ပါသလားဟု ထပ်မံစောဒကတက်ပြန်သောကြောင့် ဆရာကြီးလည်းပြုံးကာ-

"ငါ့တပည့်ကလဲ ဂမုန်းတွေကို စွဲလမ်းနေတာနဲ့ အိပ်ပျော်သွားရာကအိပ်မက် မက်သလား မသိနိုင်ပါဘူးကွယ်"

ဟု အမိန့်ရှိပြန်ခြင်းကြောင့် ကျွန်တော့်တွင် နောက်ထပ်မပြောဝံ့တော့ဘဲ စိတ်ထဲတွင် တအုံနွေးနွေးနှင့်သာ ပြန်လာခဲ့ရလေ၏။ လမ်းတွင်လည်းမကျေနပ်သောစိတ်တို့မှာ တရွရွပိုးထိုးသလို အမျိုးမျိုးဆွနေပြန်သဖြင့် တပည့်ကလေးနှစ်ယောက်ကို တီးတိုးပြောကြည့်ရာ၌လည်း-

"ဟာ ဆရာလေးအိပ်ပျော်သွားတုန်း စိတ်စွဲလမ်းခဲ့တာတွေ အိပ်မက်တာထင်ပါရဲ့။ ကျွန်တော်တို့လဲ ဘာမှမမြင်ရတဲ့အပြင် မောမောနှင့် တစ်ညလုံးနှစ်နှစ်ခြိုက်ခြိုက်အိပ်လိုက်တာ မိုးထိန်ထိန်လင်းမှ နိုးတော့တာပဲ"

ဟု ပြောကြမှ ကျွန်တော်လည်း-

"အင်း . . . ငါလဲ သင်းတို့လို အိပ်အပျော်ကြီးပျော်သွားရင်း အိပ်မက်မက်တာထင်ပါရဲ့"

ဟုသာ ကိုယ့်စိတ်ကို ကိုယ်ဖြေလိုက်ရလေတော့၏။

သို့သော် ကျွန်တော်ကား ထိုထူးခြားသော အဖြစ်အပျက်များကိုယနေ့တိုင်အောင် အိပ်မက်သလိုလို တကယ်လိုလိုနှင့် ဘယ်ဟာကိုမျှ ဆုံးဖြတ်ချက်မချနိုင်အောင်ရှိလေသတည်း။

ယခုအခါ ကျွန်တော်တို့သည် "တိယဂ်တောင်" ကြားမှထွက်ခွာ၍ကုန်းကြောင်းလာခဲ့သည်မှာ တစ်နေ့နှင့်တစ်ည၌လွန်မြောက်လာလေ၏။ သို့နှင့်လည်း ခရီးမှာ တောင်တက်တောင်ဆင်း၊ ကုန်းကျင်း၊ ရှိုမြောင်တို့ကို ကွေ့ရှောင်ကျော်နင်းသွားနေကြရ၍ ခရီးတွင်သင့်သလောက် မတွင်ကျယ်ဘဲရှိခဲ့လေ၏။ ယခင်လာစဉ်က ဖြတ်ကျော်လာခဲ့ရသော လမ်းလည်းမဟုတ်တော့ချေ။

ကျွန်တော်တို့ကျော်နင်းလာခဲ့သော တောင်ကိုးလုံးမှာ ယခုလာသော လမ်း၏ လက်ယာဘက်တွင် အစဉ်လိုက်တန်း၍ ကျန်ရစ်သည်ကို တွေ့ရရာ ဆရာကြီးလည်း အဘယ်သို့ ခရီးဆက်ဦးမည်မသိ၍ နောက်ကငြိမ်သက်စွာ ကုတ်ကုတ်ကလေးလိုက်ခဲ့ရလေ၏။

မကြာမီ နက်ခေါင်သော တောပြန့်ကြီးတစ်တောသို့ ရောက်ခဲ့လေ၏။ ကြီးမားမြင့်စောက်သော သစ်ပင်ကြီးများမှာ အထက်သို့ထိုးတက်၍ အောက်ခြေတွင်ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်စွာ ဖုံးလွှမ်းပေါက်ရောက်လျက်ရှိရာ မြေပြင်ကိုပင် ရုတ်တရက်မြင်နိုင်စွမ်းရန် ခဲယဉ်းလေတော့၏။ ကွေ့ကွေ့ကောက်ကောက်စီးဆင်းလာသော ချောင်းကလေးတစ်ခုမှာလည်း ထိုတောကြီးကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်ကိုတွေ့ရသဖြင့် ဤချောင်းကလေးကား တိယင်္ဂတောင်ကြားမှ စီးဆင်းလာသောချောင်းကလေးဖြစ်ကြောင်း သိရလေ၏။

သို့နှင့် ကျွန်တော်တို့လည်း လက်က ကိုင်လိုက်ပါလာသော ဝါးတုတ်ချောင်းများနှင့် ချုံနွယ်ပိတ်ပေါင်းတို့ကို ဖယ်ရှားကာ လမ်းပြုသွားနေကြရာမှ တစ်စုံတစ်ခုသော ချုံကလေးကို ဝါးလုံးဖြင့် ဖယ်ရှားလိုက်သည်တွင် မာကြောသော အရာဝတ္ထုတစ်ခုကိုထိုးမိသဖြင့် သေချာစွာစုံစမ်းကြည့်ရှုသောအခါ ဦးခေါင်း၊ ခြေ၊ လက်၊ အပြည့်အစုံပါသော လူ၏သဏ္ဍာန်နှင့် ရေညှိများတက်နေသော ကျောက်ရုပ်ကြီးဖြစ်ကြောင်း သိရှိရလေ၏။

ကျွန်တော်လည်း အလွန်တရာနက်လှသော တောကြီးတွင် ဤကျောက်ရုပ်ကြီး မည်သို့ဆက်သွယ်ရောက်ရှိနေကြောင်း တွေးတောစဉ်းစားလိုက်သောအခါ နန်းခမားရွာမှ ဦးစောနန်းပြောကြားလိုက်သော စကားများကို ပြန်လည် စဉ်းစားသတိထားမိသဖြင့် တစ်ရွာလုံးကျောက်ဖြစ်သွားသည်ဆိုသော "တိယင်္ဂတောင်"အနီးက ရွာကလေးဖြစ်ကြောင်း ရိပ်မိလေတော့၏။

သို့နှင့် ထိုအကြောင်းကို ကျေးဇူးရှင်ဆရာကြီးအား ပြောပြလေရာ ဆရာကြီးလည်း ကျွန်တော်တွေ့ရသော ကျောက်ရုပ်ကြီးကို သေချာစွာ စမ်းသပ်ကြည့်ပြန်ရာ ထိုင်၍နေသော ရှမ်းခေါင်းပေါင်းနှင့် ဘောင်းဘီပွကြီးကိုဝတ်ကာ

အင်္ကျီတုံးလုံးနှင့် လက်တစ်ဖက်တွင် ဓားမကြီးကိုင်နေသည့်လက္ခဏာကို တွေ့မြင်ရလေ၏။

ဆရာကြီးလည်း ကျွန်တော့်အား "ထိုနေရာကိုပင် ဆရာရှာဖွေစုံစမ်းနေခြင်းဖြစ်သည်။ ဤကျောက်ရုပ်တစ်ရုပ်နှင့် ကိစ္စပြီးစီးဦးမည်မဟုတ်။ ချုပ်တော်ပေါင်းတို့ကို တတ်အားသမျှ သုတ်သင်ဖယ်ရှား ခုတ်ထွင်ရှင်းလင်းခြင်းပြု၍ ၎င်းတို့၏ ဒုက္ခကို ကယ်တင်နိုင်က ကယ်တင်ရမည်ဖြစ်ကြောင်း" များပြောကြားအမိန့်ရှိပြီး ကျွန်တော်တို့ကိုလည်း အန္တရာယ်မဖြစ်ရန် ကာကွယ်ပေးသဖြင့် ကျွန်တော်နှင့်တကွ တပည့်ငယ်နှစ်ယောက်တို့မှာ စိတ်အားထက်သန်စွာနှင့် ချုထူထပ်ရာတို့ကို စုံစမ်းရှာဖွေကာ ချုပ်တော်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းလျက်နေကြရာ ထူးဆန်းစွာသော ကျောက်ရုပ်များမှာ တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ပေါ်၍သာလာကြလေ၏။

အိမ် အဆောက်အဦတို့ကား ကာလရှည်လျားပြီဖြစ်၍မြေကြီးအဖြစ်သို့ရောက်ရှိသွားကြသည့်အလား လူရုပ်များသာလျှင် ကျန်ရစ်လေတော့ရာ အချို့မှာအိပ်လျက်၊ အချို့မှာထိုင်လျက်၊ အချို့ကား အလုပ်တစ်ခုခုကိုလုပ်ကိုင်နေဟန်၊ အချို့ကား အိမ်သားတစ်စုဝိုင်းထိုင်ကာ ထမင်းစားနေကြသည့်သဏ္ဌာန်၊ ပါးစပ်ကိုလက်ခွံ့နေသူကခွံ့၍ ရှေ့၌ရှိသော ထမင်းကိုနှိုက်နေဟန်၊ အချို့ကား ဟင်းကိုကုန်း၍ ခပ်ယူပုံတို့ကို ထောက်၍ သိသာနိုင်လျက်အချို့မိန်းမရုပ်များမှာ ကလေးငယ်တစ်ယောက်ကို ပိုက်ချီနို့တိုက်၍ အချို့ကားပုခက်လွှဲဟန် အချို့ကလေးငယ်များ ကစားခုန်စားရင်း ကျောက်ဖြစ်သွားရပုံ၊

အချို့ကား ရက်ကန်းရက်လျက် အမျိုးမျိုးကျောက်ဖြစ်နေကြရှာသည်ကို တစ်ခုပြီးတစ်ခု ဆက်ကာ ဆက်ကာ တွေ့ရသည့်အပြင် ကျွဲ၊ နွား၊ ခွေး၊ ဝက်၊ ကြီးငှက်၊ တိရစ္ဆာန်တို့မှာလည်း အသီးသီး ကျောက်သားဘဝသို့ရောက်ကာအရုပ်ပမာ မလှုပ်မရှက်နေရှာရသည်များ တွေ့မြင်ရသဖြင့် ကျွန်တော်တို့လည်းအသီးသီးလူခွဲ၍ တောထွင်ရှင်းလင်းနေဆဲဖြစ်သည်နှင့် ကျွန်တော်တစ်ယောက်တည်း အဖော်ကွဲ၍နေကာ ခုတ်ထွင်ရှင်းလင်းရင်း မောမောရှိသည်နှင့် သစ်ပင်

ရင်းတစ်ခုတွင်ထိုင်ကာ မျက်စိရှေ့တွင် တွေ့မြင်ရသော ကျောက်ရုပ်များကို သနားကရုဏာမကင်းသောကြည့်ခြင်းဖြင့် ကြည့်ရှုနေမိလေ၏။

ထိုအခိုက်တွင် အပေါ်မှ ရှူးခနဲ ရှဲခနဲမှုတ်ထုတ်လိုက်သော အသံကြီးတစ်ခုကို ကြားရ၍ မော့၍ကြည့်လိုက်သောအခါ ပေါင်လုံးတမျှရှိသော မြွေငန်းကြီးတစ်ကောင်သည် ကျွန်တော့်အား မာန်ထောင်ကာ သစ်ပင်ပေါ်မှ ဆင်းသက်လာနေသည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း နံဘေးသို့ ရှောင်တိမ်းပေးလိုက်လျှင် ယခင်မြွေငန်းကြီးလည်း မြေပေါ်အထိဆင်းသက်ကာ ကျွန်တော်ရှိရာသို့ လိုက်လာပြန်ပြီး ပါးပြင်းကြီးထောင်ကာ ပေါက်သတ်အံ့သောငှာ အားထုတ်လေရကား

ဆရာကြီးပေးသော လက်ဖွဲ့ပါသည့် လက်တစ်ဖက်ဖြင့် ကာကွယ်လိုက်မှ ပါးပြင်းထနေသော မြွေငန်းကြီးမှာ အသာကလေးခေါင်းလျှိုလျက် တောနက်ရာသို့ဝင်ပြေးပြန်လေ၏။

ကျွန်တော်လည်း မြွေကြီးဝင်သွားရာသို့ မျှော်ကြည့်ကာ ကျန်ရစ်လျက်ရှိစဉ် တစ်ဖက်မှ "ဗုတ်ခနဲ" ကျသော အသံကြီးတစ်ခုကို ကြားရပြန်သောကြောင့် လှည့်ကြည့်လိုက်ရာ "ငှက်ကြီးဝံပို" တမျှ အလွန်တရာကြီးမားလှသော လင်းတကြီးတစ်ကောင်ကျလာသည်ကို တွေ့မြင်ရလေရာ လင်းတကြီးမှာ ကျွန်တော့်အားလူများကဲ့သို့ ခက်ထန်စွာ စိမ်းစိမ်းကြည့်လျက် တစ်ဖန်လည်း ရုတ်တရက်ပျံဝဲသွားသည်ကိုတွေ့ရလျှင် ကျွန်တော့်မှာ ထိုငှက်ကြီးကို သင်္ကာမကင်းချင်သော စိတ်တွေ ဖြစ်ပေါ်လာလေ၏။

ကျွန်တော်လည်း ချုံများကိုဆက်လက်ရှင်းလင်းနေပေ၏။ နွယ်ပင်များကို လက်ဖြင့်ဆွဲဖယ်ပစ်နေစဉ် နောက်မှခြေသံပြင်းပြင်းကြီးကြားရ၍ လှည့်ကြည့်မိပြန်သောအခါ တုတ်ခိုင်ကြီးမားသော ကျောက်ရုပ်ကြီးတစ်ခုသည် ကျောက်တင်းပုတ်ကြီးကို ချိန်ရွယ်ကာ လူကဲ့သို့ လှုပ်လှုပ်ရှားရှားနှင့် ရောက်လာသဖြင့် ကျွန်တော်လည်း ကြံရာမရဖြစ်ကာ အကာအကွယ်ပေးထားသော ဆေးလုံးတစ်လုံးကို အိတ်ထဲမှနှိုက်ယူကာ ပေါက်လိုက်ရာ အဆိုပါကျောက်ရုပ်

ကြီးမှာ ပြင်းပြစွာ နာကျင်သွားဘိအလား တုန်ဟည်းအောင်ဟစ်အော်ရင်း တောအတွင်းသို့ ပြေးဝင်သွားလေရာ ကျွန်တော်လည်း ဤနေရာတွင် အနှောင့်အယှက် အဖျက်အဆီးတွေ များစွာရှိနေကြောင်းသိရပေ၏။

သို့ပေမဲ့ လုပ်မြဲအတိုင်းဆက်လက်ကာ ချုံနွယ်များကို ရှင်းလင်းဆွဲချနေခဲ့ရာ ထိုချုံတွင်းမှ ကျောက်ရုပ်တစ်ရုပ်ပေါ်၍လာပြန်လေ၏။ ကျွန်တော်လည်း ထိုကျောက်ရုပ်မှ အမှိုက်သရိုက်များကို ဖယ်ရှားနေစဉ် လက်တွင်ပါသော ဝါးတုတ်ချွန်နှင့် ကျောက်ရုပ်၏ ဝမ်းဗိုက်ဆီသို့ ထိုးမိရာ အနည်းငယ်သော ကျောက်စများ အဖတ်လိုက် အဖတ်လိုက် ကွာကျလာသည်ကိုတွေ့ရပြီး ကျောက်ရုပ်ကြီးတွင်ကျန်ရစ်သော အတွင်းသားနေရာမှာ ပကတိလူ၏ နူးညံ့ပျော့ပျောင်းသော အသားအရေများ ပေါ်နေသည်ကိုတွေ့ရ၍ အံ့အားသင့်၍ကြည့်နေမိရာ ထိုခဏ၌ပင် ကျောက်ရုပ်ကြီးမှာ ကျွန်တော့်အား ဝုန်းခနဲ လှမ်း၍ဖက်လိုက်ကာ တင်းကျပ်စွာဖက်တွယ်ထားလိုက်လျှင် ကျွန်တော့်တွင် တစ္ဆေကိုလည်းမကြောက်ခဲ့သူဖြစ်စေကာမူ ရုတ်တရက်မမျှော်လင့်သောအဖြစ်မျိုးကြုံတွေ့ရသောအခါ ထိတ်လန့်သွားမိလျက် အကာအကွယ်အတွက်လည်း သတိမရ၊ ကျောက်ရုပ်ကြီးနှင့်သာ ဝူးဝါး ဝူးဝါး လုံးထွေးလျက် ၎င်း၏လက်များကို ကြိုးစားဖယ်ရှားသော်လည်းမရဘဲ မြဲမြံစွာညှစ်၍ ထားလေရာ ကျွန်တော့်မှာ အသက်ရှူများကျပ်သထက်ကျပ်၍လာပြီး နောက်ဆုံး နုံးချိမောဟိုက် လက်လျှော့လိုက်ရသောအချိန်ကျမှ ကံအားလျော်စွာ ကျေးရွာရှင်ဆရာကြီးအနီးသို့ ရောက်လာပြီး ကျောက်ရုပ်ကြီးကို ဆေးကြိမ်လုံးဖြင့် သုံးခါဆက်၍ရိုက်နှက်လိုက်ရာ ကျောက်ရုပ်ကြီးမှာ တောက်တဲ့များခွာသလို ဘတ်ခနဲကွာကျသွားသည်တွင်မှ ကျွန်တော်လည်း သက်သာရာရသွားကာ မောဟိုက်ခြင်းဖြင့် ရွှဲရွှဲအောင်ထွက်လာသော ဇောချွေးများကိုသုတ်ပြီး ဆရာကြီးအနီးတွင် ထိုင်လိုက်ရလေတော့သတည်း။

**ကိုကိုလေး**